EUROCHAM MYANMAR

# ၂၀၁၇ စက္ကူဖြူစာအုပ်

## ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကြံပြုချက်များ



FUNDED BY

EUROPEAN UNION

IMPLEMENTED BY

CCI FRANCE MYANMAR

EUROCHAMBRES

ENGLISH VERSION

EUROPEAN UNION

ဤစာအုပ်ကို ဥရောပသမဂ္ဂအဖွဲ့၏ အကူအညီဖြင့် ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ ဤစာအုပ်ပါ အကြောင်းအရာများမှာ EuroCham မြန်မာ၏ တာဝန်သာဖြစ်ပြီး ဥရောပသမဂ္ဂ၏ အမြင်သဘောထား များကို တစ်နည်းတစ်ဖုံထင်ဟပ်ခြင်းမျိုး အလျဉ်းမရှိနိုင်ပါ။

# မြန်မာနိုင်ငံဆိုင်ရာ ဥရောပကုန်သည်ကြီးများအသင်း

EuroCham သည် မြန်မာနိုင်ငံရှိ ဥရောပစီးပွားရေးလုပ်ငန်းများ၏ အသံအဖြစ် အလုပ်လုပ်လျက် ရှိပါသည်။ ဤအဖွဲ့မှ အဓိကခံယူထားသည့် တာဝန်မှာ မြန်မာအစိုးရနှင့်တကွ မြန်မာ၊ အာဆီယံ ဒေသနှင့် အီးယူအတွင်းမှ အဖွဲ့အစည်းများဖြင့်ဆက်စပ်သော ဥရောပ စက်မှုလက်မှု အကျိုးစီးပွားများ အတွက် စည်းရုံးလှုံ့ဆော်ခြင်းအားဖြင့်မြန်မာနိုင်ငံအတွင်း၌ ဥရောပရင်းနှီး မြှုပ်နှံမှုများ သိသိသာသာ တိုးမြင့်လာရန်နှင့် စီးပွားရေးရပ်ဝန်းတစ်ရပ် ပိုမိုကောင်းမွန်လာစေရန်ပင် ဖြစ်ပါသည်။

အားကောင်းကြီးထွားလျက်ရှိသော အကျိုးတူပူးပေါင်းဆောင်ရွက်သူများ ကွန်ယက်တစ်ခုနှင့်အတူ EuroCham သည် မြန်မာနိုင်ငံအတွင်း၌ ကုန်သွယ်ရေးဆိုင်ရာ ကြိုးပမ်းမှုများ ပြုလုပ်ရန် စိတ်ပါဝင်စား သောကြောင့် စည်းရုံးလှုံ့ဆော်သော ပုံသဏ္ဍာန်အဖြစ်သော်လည်းကောင်း၊ စီးပွားရေး ဝန်ဆောင်မှု လုပ်ငန်းအဖြစ်သော်လည်းကောင်း၊ သုတေသနလုပ်ငန်းအဖြစ်သော်လည်းကောင်း သို့မဟုတ် ကွန်ယက်ချိတ်ဆက်ခြင်းအတွက်သော်လည်းကောင်း ဆောင်ရွက်ခြင်းအားဖြင့် ဥရောပစီးပွားရေး လုပ်ငန်း များအတွက် လက်တွေ့လုပ်ငန်းပိုင်းဆိုင်ရာထောက်ပံ့မှုများ ပေးအပ်လျက်ရှိပါသည်။

EuroCham ၏ စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းများတွင် အဓိက အကောင်အထည်ဖော်သူမှာ သတင်း အချက်အလက် မျှဝေခြင်းနှင့် ဆွေးနွေးခြင်းများကို ဆောင်ရွက်ပေးနေသည့် စည်းရုံး လှုံ့ဆော်ရေးအဖွဲ့များ ဖြစ်ပါသည်။ ယင်းတို့၏ အဓိက ရည်မှန်းချက်များမှာ -
(၁) မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများအတွက် ပွင့်လင်းမြင်သာမှု၊ လေးစားလိုက်နာမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ကို အားပေးမြှင့်တင်ရန် (၂) အလုံးစုံ စီးပွားရေးရပ်ဝန်းကို တိုးမြှင့်ရန်အလို့ငှာ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအတွက် နိုင်ငံတကာ ကျွမ်းကျင်မှု အတွေ့အကြုံများအား မြန်မာ အာဏာပိုင်များအတွက် ဖော်ထုတ်ပေးအပ်ရန်နှင့် (၃) အခြားအစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ဆက်ဆံရေး ပိုမိုခိုင်မာလာရန်တို့ဖြစ်ပါသည်။

ဤစက္ကူဖြူစာအုပ်မှာ EuroCham မြန်မာ၏ ပထမအကြိမ်ထုတ် နှစ်ပတ်လည်ပုံနှိပ်ထုတ်ဝေမှုတစ်ရပ် ဖြစ်ပါသည်။ ဤစာအုပ်တွင် EuroCham အဖွဲ့ဝင်များ၊ စီးပွားရေးအသိုင်းအဝိုင်းနှင့် အများအားဖြင့် လူ့အသိုက်အမြုံတစ်ခုလုံးအပေါ် သက်ရောက်မှုရှိနေသည့် ယခုနှစ်၏ အခရာကျသော စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီး မြှုပ်နှံရေးဆိုင်ရာ အရေးကိစ္စများကို သရုပ်ခွဲခြားတင်ပြထားသည်။

EuroCham ၏ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့များမှ မူကြမ်းရေးသားထားသည့် စက္ကူဖြူအကြံပြုစာတမ်းများကို စုဆောင်းပြုစုထားသည့် ဤစက္ကူဖြူ စာအုပ်တွင် မြန်မာအစိုးရအတွင်းမှ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဌာနများ၏ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂအဖွဲ့မှ ကိုယ်စားလှယ်တော်များ၊ မြန်မာ နိုင်ငံရှိ ဥရောပအဖွဲ့ဝင်နိုင်ငံများမှ စေလွှတ်ထားသည့် အဖွဲ့များ၏ သံအမတ်များ၊ ကောင်စစ်ဝန်များနှင့် ကုန်သွယ်ရေးကော်မရှင် အဖွဲ့ဝင်များအတွက် လွှမ်းခြုံဆက်စပ်မှုရှိသည့် လက်တွေ့ကျသော အကြံ ပြုချက်များကို တင်ပြထားပါသည်။

ရန်ကုန်၊ ဇွန်လ ၂၀၁၇ ခုနှစ်။

EUROCHAM
MYANMAR

# EUROCHAM CHAIRMAN OF THE BOARD



EuroCham ဘုတ်အဖွဲ့ဝင်များ၊ ယင်း၏ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့များ၊ EuroCham ၏ အကျိုးတူ အဖွဲ့ဝင်များနှင့် အဖွဲ့များအားလုံးကိုယ်စား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒ အကြံပြုချက်များ ဆိုင်ရာ ၂၀၁၇ ခုနှစ် စက္ကူဖြူစာအုပ်ကို ဂုဏ်ယူစွာဖြင့် တင်ပြအပ်ပါသည်။ ဤစက္ကူဖြူစာအုပ်မှာ လုပ်ငန်းကဏ္ဍအများအပြားတွင် ရင်းနှီးမြှုပ်နှံ၊ လုပ်ကိုင်လျက်ရှိသည့် ကျွန်ုပ်တို့၏ စည်းရုံးလှုံ့ဆော်ရေး အဖွဲ့ဝင် ကုမ္ပဏီများအကြား အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမှ ထွက်ပေါ်လာသော ရလဒ်တစ်ခု ဖြစ်ပါသည်။

ဤစက္ကူဖြူစာအုပ်တွင် လက်ရှိစီးပွားရေးရပ်ဝန်းအပေါ် လုပ်ငန်းကဏ္ဍတစ်ရပ်ခြင်းစီအလိုက် ဥရောပ ရင်းနှီးမြှုပ်နှံ သူများမှ ရှုမြင်သုံးသပ်ထားပုံကို ဖော်ပြပေးထားပါသည်။ လက်ရှိအချိန်တွင် EuroCham ၌ ကော်ပိုရိတ် လူမှု တာဝန် (CSR)၊ ဆောက်လုပ်ရေး၊ စွမ်းအင်၊ ထောက်ပံ့ပို့ဆောင်စီမံရေးနှင့် ကျန်းမာရေးဟူသောကဏ္ဍများဖြင့် သက်ဆိုင်သည့် စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ငါးဖွဲ့ရှိပါသည်။ ကဏ္ဍအသစ်များတွင် ဈေးကွက်ချဲ့ထွင်ရေး ဆောင်ရွက်မှုများ လုပ်ဆောင်နေပြီဖြစ်သောကြောင့် နောင်အချိန်များတွင် ယခုထက်ပိုမိုများပြားသော လုပ်ငန်း ကဏ္ဍများအကြောင်းကို ဖော်ပြပေးပေလိမ့်မည်။ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ တစ်ဖွဲ့ချင်းစီအား ယင်းတို့၏ လုပ်ငန်းကဏ္ဍများတွင် ရင်ဆိုင်ကြုံတွေ့နေရသော အဓိကပြဿနာရပ်များကို ဖော်ထုတ်တင်ပြရန်နှင့် လာမည့် ၁၂လအတွင်း မြန်မာအာဏာပိုင်များမှ ပိုမိုဦးစားပေးသင့်သည်ဟု သက်ဆိုင်ရာအဖွဲ့များမှ ယုံကြည်သည့် မူဝါဒ အကြံပြုချက်များ ပေးအပ်ရန် ညွှန်ကြားထားပါသည်။

EuroCham အနေဖြင့် မြန်မာအာဏာပိုင်များနှင့် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ကို ဆက်လက် တည်ရှိစေလိုပါသည်။ ကျွန်ုပ်တို့ဖြင့် တွေ့ဆုံလုပ်ကိုင်ခဲ့ကြသည့် အစိုးရအာဏာပိုင်များအားလုံးကိုလည်း ယခုကဲ့သို့ အခါအခွင့်သင့်သောအချိန်အခါတွင် နွေးထွေးလှိုက်လှဲစွာ ကျေးဇူးတင်လိုပါသည်။ ၎င်းတို့၏ စဉ်ဆက် မပြတ် အားပေးကူညီမှုများအတွက် ကျေးဇူးတင်ရှိသကဲ့သို့ ကျွန်ုပ်တို့အနေဖြင့်လည်း ဤနိုင်ငံ၏ အလုပ်အကိုင် အခွင့်အလမ်းများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့အား ရေရှည်တည်တံ့သော နည်းလမ်းတစ်ရပ်ဖြင့် အားပေး မြှင့်တင်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

ယခုနှစ်မှာ မြန်မာနိုင်ငံအတွက် စိတ်လှုပ်ရှားဖွယ်နှစ်တစ်နှစ် ဖြစ်ပါသည်။ များစွာသော ဥရောပ စီးပွားရေး လုပ်ငန်းများသည် အာရှတိုက်၏ နောက်ဆုံးသော ဈေးကွက်နယ်ပယ်တစ်ခုဖြစ်သည့် မြန်မာနိုင်ငံအား ထည့်သွင်းစဉ်းစားလျက်ရှိပါသည်။ ဤစိတ်ပါဝင်စားမှုကပင် EuroCham မှ ဥရောပနှင့် အာရှတစ်လွှားတွင် ပြုလုပ်ခဲ့သည့် နိုင်ငံအလိုက် ရှင်းလင်းဖော်ပြချက်များစွာတွင် စုစည်းခဲ့သည့် မြောက်များလှစွာသော ကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများထံတွင်သာမက ယခုနှစ်နှင့် ယမန်နှစ်အတွင်း ကျွန်ုပ်တို့အသင်းသို့ လာရောက်လည်ပတ် ခဲ့ကြသည့် မြောက်များလှစွာသော ကုန်သွယ်ရေးကိုယ်စားလှယ်တော်အဖွဲ့များထံတွင် ပေါ်လွင်စေခဲ့ပါသည်။

သို့သော်ငြားလည်း မြန်မာ့စီးပွားရေးရပ်ဝန်းတွင် ဥရောပတိုက်မှ ရင်းနှီးမြှုပ်နှံမှုအလားအလာများကို ပိုမိုရရှိ စံစား နိုင်ရန် ကျော်လွှားရမည့် စိန်ခေါ်ချက်အများအပြားနှင့် ရင်ဆိုင်နေရပါသည်။ ဤစိန်ခေါ်ချက်များအား ပွင့်လင်း မြင်သာ၍ အပြုသဘောဆောင်သော နည်းလမ်းတစ်ရပ်ဖြင့် ကူညီကျော်လွှားနိုင်စေရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံး နှင့် မြန်မာအာဏာပိုင်တို့ဖြင့် EuroCham မှ နီးကပ်စွာ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားပါမည်။

နောက်နှစ်တွင် ထုတ်ဝေမည့် စက္ကူဖြူစာအုပ်အတွက်လည်း စိတ်လှုပ်ရှားမိပါသည်။ ထွက်ပေါ်လာမည့် အောင်မြင်မှုများသည် ဥရောပကုမ္ပဏီများအတွက် အားကောင်းသော သတင်းစကားတစ်ရပ်ကို ဖော်ထုတ် ပေးပေလိမ့်မည်။ ၎င်းသတင်းစကားမှာ မြန်မာနိုင်ငံသည် အမှန်တကယ်စိတ်ချယုံကြည်ရသော အကျိုးတူဆောင်ရွက်သူဖြစ်နေသည့် အစိုးရတစ်ရပ်နှင့်အတူ ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်မှုရှိသောနိုင်ငံ ဖြစ်သည်ဟူသော သတင်းစကားပင် ဖြစ်ပါသည်။

လေးနက်ယုံကြည်စွာဖြင့်

ဒေးဗစ် လီဗရက်
EuroCham မြန်မာ ဥက္ကဌ

# EU AMBASSADOR TO MYANMAR



မြန်မာနိုင်ငံဟာ အခွင့်အလမ်းများစွာရှိတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ဆယ်စုနှစ်များစွာ သီးခြား ရပ်တည်လာခဲ့ပြီးတဲ့နောက် သိသာထူးခြားတဲ့ အသွင်ကူးပြောင်းမှုကို တွေ့ကြုံနေရတာဖြစ်ပြီး နိုင်ငံတွင်း သန်းပေါင်းများစွာသောလူထုအတွက်ပိုမိုတောက်ပတဲ့အနာဂတ်ကိုယူဆောင်ပေးနေခဲ့ပြီဖြစ်ပါတယ်။

ဒီလို ရှုပ်ထွေးခက်ခဲလှတဲ့ အသွင်ကူးပြောင်းမှုအတွင်း မိတ်ဖက်အဖွဲ့အနေနဲ့ မြန်မာနိုင်ငံနဲ့ ၎င်းရဲ့ ပြည်သူလူထုတို့ အတွက်ငြိမ်းချမ်းသာယာဝပြောတဲ့ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်လာစေဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ဥရောပသမဂ္ဂဟာကူ ညီထောက်ပံ့ပေးနေခဲ့တာဖြစ်ပါတယ်။ဒီမိုကရေစီရေးနဲ့တန်ဖိုးများ၊ လုံခြုံရေး၊ကြွယ်ဝချမ်းသာရေးစတာတွေအတွက်ဥရောပသမဂ္ဂဟာနိုင်ငံရေးအရပါဝင်လုပ်ဆောင်နေတာဖြစ်ပါတယ်။သာယာဝပြောတဲ့အနာဂတ်တစ်ခုဖြစ် လာစေဖို့အဓိကနယ်ပယ်တွေမှာဖွံ့ဖြိုးမှုကို မြှင့်တင်ပေးဖို့ ငွေကြေးအထောက်အပံ့နဲ့နည်းပညာပိုင်းကျွမ်းကျင်မှုကိုပါ ပေးအပ်နေတာ ဖြစ်ပါတယ်။ ၎င်းနယ် ပယ်အချို့ကိုပြောရမယ်ဆိုရင်ငြိမ်းချမ်းရေး၊ပညာရေး၊ကျန်းမာရေး၊စိုက်ပျိုးရေး၊အုပ်ချုပ်မှု တို့ပဲဖြစ်ပါတယ်။ ပဋိပက္ခနဲ့ သဘာဝဘေးအန္တရာယ် ရိုက်ခတ်မှုဒဏ်ခံစားရတဲ့နေရာဒေသတွေမှာ ဥရောပသမဂ္ဂအနေနဲ့ နိုင်ငံတွင်းဆင်းရဲမှုအများဆုံးနဲ့ ခုခံကာကွယ်နိုင်မှု အနည်းဆုံးပြည်သူများကို လူသားချင်းဆိုင်ရာစာနာထောက်ထားမှု အကူအညီကို ပေးအပ်တာတွေလည်းရှိပါတယ်။

နိုင်ငံရေးရည်မှန်းချက်များ ပြည့်ဝအောင်မြင်စေဖို့ တစ်စိတ်တစ်ဒေသအနေနဲ့ ဥရောပသမဂ္ဂဟာကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာ အလေးပေးဆောင်ရွက်တာတွေလည်းရှိပါတယ်။စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးဖို့ အတွက်ဆိုရင် တာရှည်ခံ စီးပွားရေး လုပ်ငန်းများဆောင်ရွက်ရမှာဖြစ်ပြီး ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုရှိတဲ့ ကူးသန်းရောင်းဝယ်ရေး အချိတ်အဆက်များ မြှင့်တင်ပေးခြင်းဟာ မြန်မာနိုင်ငံအတွက် အလွန် အချက်အချာကျပါတယ်။ ဥရောပ စီးပွားရေးလုပ်ငန်းတွေ အနေနဲ့ ဒီလိုဆောင်ရွက်ရာမှာ အခန်းကဏ္ဍတစ်ရပ် အနေနဲ့ ပါဝင်ပြီး၊ တာဝန်ယူမှုရှိတဲ့ကုန်သွယ်ရေး မိတ်ဖက်မျိုးတွေလိုအပ်နေတဲ့ နိုင်ငံအတွက် ၎င်းရဲ့အကောင်းဆုံးအလေ့အထတွေ၊ စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရာမှာ ဥရောပရဲ့စံနှုန်းတွေကို ဝေမျှပေးသွားရမှာပဲဖြစ်ပါတယ်။ ဥရောပသားကျွန် တော်တို့တွေအတွေ့အကြုံအရ သိထားတာကတော့ လည်ပတ်အလုပ်ဖြစ်နေတဲ့ ဈေးကွက်တစ်ခုရှိထားပြီဆိုရင် ဒါဟာစဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်စေဖို့မောင်းနှင်အားဖြစ်ပြီးအပြန်အလှန်အား ဖြင့်ဒီမိုကရေစီစနစ်ကိုလည်း တောင့်တင်းခိုင်မာစေမှာပဲဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ၂၀၁၄ခုနှစ်မှာ ဖွင့်လှစ်ခဲ့တဲ့မြန်မာနိုင်ငံ ဥရောပကုန်သည်ကြီးများအသင်း(EuroCham)မှ တစ်ဆင့် ဥရောပသမဂ္ဂဟာ မြန်မာနိုင်ငံကိုစိတ်ဝင်စားပြီးပါဝင်ဆောင်ရွက်နေပြီးဖြစ်တဲ့ဥရောပကုမ္ပဏီတွေကိုကူညီထောက်ပံ့ပေးနေပါတယ်။ဒီအသင်းကြီးဟာကုန်သွယ်ရေး၊ရင်းနှီးမြှုပ်နှံမှုတို့နဲ့ဆက်စပ်နေတဲ့ကိစ္စရပ်တွေ၊ ထောက်ခံတင်ပြမှု စတာတွေမှာ မြန်မာအစိုးရအတွက်ကွင်းဆက်တစ်ခုသဖွယ်ဆောင်ရွက်ပေးနေခဲ့တာလည်းဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ စီးပွားရေးလုပ်ငန်းများအတွက် ဆွဲဆောင်မှုရှိတဲ့နိုင်ငံဖြစ်ချင်နေပြီး ၎င်းရဲ့စီးပွားရေးအခြေအနေကို တိုးတက်ကောင်းစေဖို့ ဆောင်ရွက်ကာ၊ ဒေသတွင်း အခြားသော နိုင်ငံများ တစ်ချို့နဲ့ တန်းတူဖြစ်တဲ့ ရင်းနှီးမြှုပ်နှံသူများအတွက် လုပ်ငန်း အကျိုးပြုပတ်ဝန်းကျင်တစ်ရပ်ဖြစ်ထွန်းရရှိစေဖို့ဆောင်ရွက်နေတာဖြစ်ပါတယ်။ဒီစက္ကူဖြူစာအုပ်ဟာကုန်သွယ်ရေးနဲ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေကိုဘယ်လို တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်၍ ရမလဲဆိုတာနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံမှာ လှုပ်ရှားဆောင်ရွက်နေတဲ့ ဥရောပစီးပွားရေးလုပ်ငန်းများက ရရှိလိုက်တဲ့သုတနဲ့ အတွေ့အကြုံတွေကို စုစည်းထားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံပြီး ကုန်သွယ်မှု ဆက်ဆံရေးပိုမိုမြှင့်တင်ဖို့ ဥရောပကုမ္ပဏီတွေဟာ များစွာ စိတ်ဝင်စားလျက် ရှိပါတယ်။ အလားတူစွာပဲအစိုးရအနေနဲ့တာဝန်ယူမှုရှိတဲ့လုပ်ငန်းများကိုမြှင့်တင်ပေးကာ၊ဒေသန္တရနဲ့နိုင်ငံရပ်ခြားကုမ္ပဏီတွေတန်းတူလုပ်ငန်း ဆောင်ရွက်လို့ရမဲ့အခြေအနေကိုဖန်တီးပေးရာမှာ တိုးတက်ဖြစ်ထွန်းမှုမြန်မြန်ဆန်ဆန်ဖြစ်စေဖို့ဆိုတဲ့မျှော်လင့် ချက်များဟာလည်းမြင့်တက်လျက်ရှိပါတယ်။

ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုမူဝါဒပိုင်းအကြံပြုတင်ပြချက်များ စက္ကူဖြူစာအုပ် ၂၀၁၇ ကိုရေးသားထုတ်ဝေဖို့ EuroCham မြန်မာအနေနဲ့ ဦးဆောင်ခြေလှမ်းလှမ်းခဲ့တာကိုကျွန်တော့်အနေနဲ့များစွာကြိုဆိုပါတယ်။ ဒီစာအုပ်ဟာ မြန်မာနိုင်ငံနဲ့ဥရောပတို့အကြားခိုင်မာပြီးပွင့်လင်းမြင်သာမှုရှိတဲ့စီးပွားရေးဆိုင်ရာဆက်ဆံရေးများပိုမိုအခွန့်ရှည် စေဖို့အသုံးဝင်တဲ့အရာတစ်ခုပဲဖြစ်ပါတယ်။ဒီစက္ကူဖြူစာအုပ်ဟာမြန်မာနိုင်ငံမှာတစ်စထက်တစ်စပိုမိုများပြားလာနေတဲ့လုပ်ငန်းများမှာရင်းနှီးမြှုပ်နှံပြီးလည်ပတ်ဆောင်ရွက်နေတဲ့EuroCham’s Advocacy Groupအဖွဲ့ဝင်ကုမ္ပဏီများရဲ့ပူးတွဲကြေညာချက်ပဲဖြစ်ပါတယ်။

ရိုလန်ကိုဘီယာ
မြန်မာနိုင်ငံဆိုင်ရာဥရောပသမဂ္ဂသံအမတ်ကြီး

EUROCHAM
MYANMAR

ကျွန်ုပ်တို့၏ မိတ်ဖက် အဖွဲ့များကို ကျေးဇူးတင်ပါသည်။

## PLATINUM

Prestige Automobiles
bmwmyanmar.com
BMW
Sheer Driving Pleasure

## GOLD

NOVOTEL HOTELS & RESORTS YANGON MAX
Roland Berger
MELIÃ YANGON MYANMAR
HEINEKEN Myanmar
Global Technology Group

## SILVER

BUREAU VERITAS 1828
de heus
SCANIA
DHL
Royal HaskoningDHV Enhancing Society Together
EXERA Securing success in Myanmar

# မာတိကာ


| | | |
|---|---|---|
| ၁ | စီးပွားရေး အခြေအနေ | 6 |
| ၂ | အကျဉ်းချုပ် | 14 |
| ၃ | ဆောင်ရွက်ပုံနည်းလမ်း | 18 |
| ၄ | အထွေထွေအကြံပြုချက်များနှင့် စိုးရိမ်ပူပန်မှုများ | 20 |
| ၅ | ဆောက်လုပ်ရေး နှင့် အခြေခံ အဆောက်အအုံ | 24 |
| ၆ | ကော်ပိုရိတ် လူမှုတာဝန် | 30 |
| ၇ | စွမ်းအင် | 38 |
| ၈ | ကျန်းမာရေး | 46 |
| ၉ | ထောက်ပံ့ပို့ဆောင် စီမံရေး | 53 |
| ၁၀ | အတိုကောက် အသုံးအနှုန်းများ | 60 |
| ၁၁ | ကျေးဇူးတင်လွှာ | 61 |
| ၁၂ | မသက်ဆိုင်ကြောင်း ရှင်းလင်းချက် | 62 |
| | အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရန် | |

# စီးပွားရေး အခြေအနေ

# ၁

# မြန်မာ့စီးပွားရေးသမိုင်း၏ ခေတ်ကာလ အပိုင်းအခြားများ

မြန်မာနိုင်ငံသည် အိန္ဒိယနှင့် တရုတ်အကြားမှ အဓိကကုန်သွယ်လမ်းကြောင်းဖြစ်သည့်အလျောက် လွန်ခဲ့သော ရာစုနှစ်များစွာကတည်းက နိုင်ငံတကာကုန်သွယ်ရေးတွင် သိသာထင်ရှားစွာ ပါဝင်ခဲ့ဖူးသည်။ မဟာဗျူဟာမြောက် တည်နေရာ၊ ပေါများကြွယ်ဝသော အရင်းအမြစ်များကို ရယူသုံးစွဲနိုင်မှုနှင့် လူဦးရေများပြားခြင်းတို့မှာ မြန်မာနိုင်ငံမှ စံစားရရှိနေသည့် ထပ်ဆောင်းတန်ဖိုးများနှင့် အကျိုးကျေးဇူးများ ဖြစ်ပါသည်။ ထိုစဉ်အခါက ပေါများကြွယ်ဝသော လယ်ယာမြေများရှိပြီး စိုက်ပျိုးရေးအား အဓိကလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာမှာ ဆန်နှင့် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ခြင်းတွင် ယင်း၏ ဒေသတွင်းအိမ်နီးချင်းနိုင်ငံများကို ကျော်လွန်ကာ ထိပ်ဆုံး၌ ရပ်တည်ခဲ့သည်။ အခြားသော သဘာဝသယံဇာတ အမျိုးအစားများဖြင့်လည်း ပြည့်စုံသည့်အတွက် ဤသို့သော ကုန်စည်များကို တင်ပို့ခြင်းကလည်း မြန်မာ့စီးပွားရေးအပေါ် သိသိသာသာ အထောက်အကူ ပြုခဲ့ပါသည်။ ဗြိတိသျှတို့အုပ်ချုပ်နေစဉ်အတွင်း ၌ တိုင်းပြည်စီးပွားရေးမှာ ကျွန်းသစ်နှင့် အခြားသစ်မာအမျိုးမျိုး၊ ခဲ၊ သံဖြူနှင့် ဆန်များကဲ့သို့သော ကုန်စည်များကို ကူးသန်းရောင်းဝယ်ခြင်း၏ အကျိုးကျေးဇူးကြောင့် တစ်ဟုန်တိုး တိုးတက်ခဲ့သည်။

မြန်မာ့စီးပွားရေးသည် တိုင်းပြည်၏ နိုင်ငံရေးစနစ် အပြောင်းအလဲ၊ ပြည့်စုံလုံလောက်မှု မရှိသော မူဝါဒများ ပြင်ဆင်အသုံးပြုခြင်းနှင့် ကမ္ဘာ့စီးပွားရေးအကြပ်အတည်း ကဲ့သို့သော ပြင်ပအကြောင်းတရားများကြောင့် သမိုင်းတစ်လျှောက် အတက်အကျအချို့ဖြင့် ကြုံတွေ့ခဲ့ရသည်။

- **1948** ဗြိတိသျှထံမှ လွတ်လပ်ရေး ရရှိခဲ့သည်။
- **1962** ဗိုလ်ချုပ်ကြီးနေဝင်းမှ စစ်အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်ခဲ့ပြီး မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်စနစ်ကို ပြင်ဆင်အသုံးပြုခဲ့သည်။
- **1990** အထွေထွေရွေးကောက်ပွဲများ ကျင်းပခဲ့ပြီး စစ်အစိုးရသို့ အာဏာလွှဲပြောင်းပေးခဲ့သည်။
- **2010** အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့သည်။
- **2011** ဆယ်စုနှစ်များစွာအတွင်း ပထမဆုံးသော အရပ်သားအစိုးရ အာဏာရလာခဲ့သည်။
- **2012** အရေးယူပိတ်ဆို့မှုများ ဆိုင်းငံ့ခဲ့သည်။
- **2015** အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့သည်။
- **2016** သမ္မတဦးထင်ကျော်ဦးဆောင်သော အစိုးရသစ် အာဏာရလာခဲ့သည်။

အင်္ဂလိပ်တို့ထံမှ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်နောက်ပိုင်းတွင် ဗဟိုစီမံကိန်းချ အကောင်အထည်ဖော်စနစ်များကို အသုံးပြုခြင်းမှတစ်ဆင့် နိုင်ငံအား လူမှုဖူလုံရေးစနစ်ကျင့်သုံးသော တိုင်းပြည်အဖြစ် အသွင်ပြောင်းရန်ကြိုးပမ်းသည့် နိုင်ငံပိုင်ပြုရေး မူဝါဒတစ်ရပ်အပေါ် လက်ခံယုံကြည်သော အစိုးရတစ်ရပ်ကို ဝန်ကြီးချုပ်ဦးနုမှ ဦးဆောင်ခဲ့သည်။

ဦးနုအုပ်ချုပ်ရေးကာလကို ကျော်လွန်ပြီးနောက် အာဏာရလာသောအခါ မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်ဟု လူသိများသော စီးပွားရေးစနစ်တစ်ရပ်ကို မိတ်ဆက်သည့် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော အာဏာသိမ်းမှုတစ်ခုအပြီးတွင် စက်မှုလုပ်ငန်းများအားလုံးကို နိုင်ငံပိုင်သိမ်းသည့် အစီအစဉ်တစ်ရပ်ကို စတင်မိတ်ဆက်ခဲ့ပြီး နှစ် ၅၀ ကြာ စစ်အုပ်ချုပ်ရေးစနစ်တစ်ရပ်ကို စတင်လိုက်သည်။ ပြည်တွင်းစီးပွားရေး လုပ်ငန်းများ၏ စက်မှုလုပ်ငန်းများကို ညံ့ဖျင်းစွာ စီမံခန့်ခွဲခြင်းနှင့်အတူ တိုင်းပြည်မှာလည်း သွင်းကုန်များအပေါ် အလွန်အမင်း မှီခိုရသောအဖြစ်ကို စတင်ကြုံတွေ့ခဲ့ရသည်။ ပြည်တွင်းစက်မှုလုပ်ငန်းများတွင် ကျွမ်းကျင်အရည်အသွေး မရှိသလောက် နည်းပါးခြင်းကြောင့် အောင်မြင်မှုမရှိခဲ့ပေ။ သွင်းကုန်တင်သွင်းခြင်းများကိုလည်း တားဆီးပိတ်ပင်ထားသောကြောင့် တိုင်းပြည်မှာလည်း အခြေခံအကျဆုံးသော လူသုံးကုန်များကို လုံးဝဥသုံ မရရှိခြင်း သို့မဟုတ် အနည်းငယ်သာရရှိသော ပြဿနာနှင့် ကြုံတွေ့ခဲ့ရသည်။ မြန်မာနိုင်ငံအား ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့မှ ၁၉၈၇ ခုနှစ်တွင် ဖွံ့ဖြိုးမှု အနိမ့်ကျဆုံးသော နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်လိုက်ခြင်းက မြန်မာ့ စီးပွားရေးချွတ်ခြုံကျမှုကို မီးမောင်းထိုးပြခဲ့သည်။

ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရကို ဆက်ခံခဲ့သည့် စစ်အစိုးရ အုပ်ချုပ်မှုအောက်တွင် စီးပွားရေး စွမ်းဆောင်မှုများ တိုးတက်လာခဲ့သည်။ သို့သော် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အနောက်နိုင်ငံများက ချမှတ် ခဲ့သည့် စီးပွားရေးအရ ရွေးချယ်ပိတ်ဆို့မှုများကြောင့် စီးပွားရေးတိုးတက်မှုနှုန်းမှာ နှေးကွေးခဲ့ရသည်။

ဒီမိုကရေစီနိုင်ငံတစ်နိုင်သို့ အသွင်ကူးပြောင်းရာတွင် စစ်ဗိုလ်ချုပ်များက ဒီမိုကရေစီရွေးကောက်ပွဲများ ကျင်းပပြီး ဆယ်စုနှစ်များစွာအတွင်း ပထမဆုံးသော အရပ်သားအစိုးရတစ်ရပ်သို့ အာဏာလွှဲပြောင်း ပေးခဲ့သည်။ သမ္မတဦးသိန်းစိန်ဦးဆောင်သော အစိုးရသစ်မှ ၂၀၁၁ ခုနှစ်တွင် အာဏာလွှဲပြောင်း ရယူခဲ့သည်။

## ဦးသိန်းစိန်အစိုးရလက်ထက် စီးပွားရေးကဏ္ဍအတွင်း အဓိကအပြောင်းအလဲများ

ဦးသိန်းစိန်အစိုးရသစ်မှ သိသာထင်ရှားသော မူဝါဒရေးရာ အပြောင်းအလဲများကို စတင်ပြုလုပ်ခဲ့ပြီး စီးပွားရေးရပ်ဝန်းကို ဆက်တွန်းနိုင်ရန် အလားအလာကောင်းသည့် ဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။ အောက်ဖော်ပြပါဇယားတွင် ဦးသိန်စိန်အစိုးရသစ်မှ စတင်ဆောင်ရွက်ခဲ့သော နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အကျဉ်းချုံး ဖော်ပြသည်။

| နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုများ | စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုများ |
|---|---|
| နိုင်ငံရေး အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်း | ငွေကြေးလဲလှယ်နှုန်းကို တစ်ညီတစ်ညွတ်တည်းဖြစ်စေခြင်း |
| အစိုးရသစ် တွင် NLD မှ အများစုပါဝင်ခြင်း | ဥပဒေသစ်များ ပြဋ္ဌာန်းခြင်း (ဥပမာ - ဗဟိုဘဏ် ဥပဒေ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ ငွေချေး သက်သေခံလက်မှတ်များ ရောင်းဝယ်ရေးဆိုင်ရာ ဥပဒေ၊ အနည်းဆုံး လုပ်ခလစာနှင့် အစရှိသည်တို့) |
| နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပိုမိုနီးကပ်သော ဆက်ဆံရေးများ တည်ဆောက်ခြင်း | ခေတ်နှင့် မလျော်ညီသောဥပဒေများကို ပြင်ဆင်ခြင်း |
| တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်ရပ် သဘောတူညီချက်ကို လက်တွေ့ဖော်ဆောင်နေခြင်း | စတော့အိတ်ချိန်းဈေးကွက် စတင်ဖွင့်လှစ်ခြင်း |
| | ယခင်က ခွင့်ပြုခဲ့ခြင်းမရှိသော လုပ်ငန်းကဏ္ဍ များတွင် ခွင့်ပြုခြင်း (ဥပမာ - တယ်လီကွန်၊ အာမခံဈေးကွက်နှင့် အစရှိသည်တို့) |
| | ပုဂ္ဂလိကကဏ္ဍ ပါဝင်မှုကို ခွင့်ပြုခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများအတွက် ဖြေလျော့ပေးခြင်း |
| | အထူးစီးပွားရေးဇုံများ၊ ရေနက်ဆိပ်ကမ်းများ၊ လေဆိပ်အသစ်များနှင့် အသုံးပြုနေသော လေဆိပ်များကို အဆင့်မြှင့်တင်ခြင်း |
| | ပြည်ပရင်းနှီးမြှုပ်နှံမှုများ မြင်သာစွာ ပွင့်လင်းလာခြင်း |
| | ငွေပေးချေမှုစနစ် အဆင့်မြင့်တက်လာခြင်းနှင့် နိုင်ငံတကာဘဏ်များ ငွေကြေးဈေးကွက်အတွင်းသို့ ဝင်ရောက်လာခြင်းအားဖြင့် ငွေကြေးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်း |
| | အသေးစား ချေးငွေနှင့် မိုဘိုင်းငွေကြေး နည်းလမ်းများအားဖြင့် ငွေကြေးရယူသုံးဆွဲနိုင်ခွင့် ပိုမိုကောင်းမွန်လာခြင်း |

သမ္မတဦးထင်ကျော်ဦးဆောင်သော အစိုးရသစ်ကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား ယင်း၏ ပထမ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဆက်လက်ဆောင်ရွက်ခဲ့သည်။

# သိသာထင်ရှားသော စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

ငွေကြေးလုပ်ငန်းကဏ္ဍသည်လည်း သိသာထင်ရှားသော တိုးတက်မှုများကို ကြုံတွေ့ခဲ့ရသည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် ပုဂ္ဂလိကဘဏ်များအား နိုင်ငံခြားငွေ အရောင်းအဝယ်လုပ်ရန် ခွင့်ပြုခဲ့သည်။ မြန်မာနိုင်ငံတွင် လည်ပတ်နေသော ဘဏ်အရေအတွက်မှာလည်း ဘဏ်အသစ်များ ရှိလာသည့်အလျောက် တိုးများလာခဲ့သည်။ သီးသန့်ရွေးချယ်ထားသော ပြည်ပဘဏ်များကိုလည်း အချို့သော လုပ်ငန်းဆောင်ရွက်မှုများ ပြုလုပ်ရန် ခွင့်ပြုခဲ့သည်။ တစ်ချိန်တည်းတွင် များစွာသော ပြည်ပ ဘဏ်များသည် ပြည်ပဘဏ်များအဖြစ် အပြည့်အဝ လုပ်ကိုင်ခွင့်ရစေရန် ဗဟိုဘဏ်မှ ခွင့်ပြုချက်ကို စောင့်ဆိုင်းနေသည့် ကိုယ်စားလှယ်ရုံးခန်းအဖြစ် တည်ရှိနေသေးသည်။ ဘဏ်လုပ်ငန်းကဏ္ဍတွင်လည်း ငွေကြေးပေးချေမှုစနစ်များ ဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာပိုင်းအရ အဆင့်မြင့်တက် လာခြင်းနှင့်အတူ တိုးတက်မှုများကို ကြုံတွေ့ခဲ့ရသည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသော စတော့ဈေးကွက်တစ်ခုကို စတင်ဖွင့်လှစ်ခဲ့ပြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်များကို ချပေးခဲ့သည်။ မြန်မာ့အာမခံလုပ်ငန်းမှ ဆယ်စုနှစ်များစွာကြာ လွှမ်းမိုးထားသော အာမခံ လုပ်ငန်းကဏ္ဍကိုလည်း ပုဂ္ဂလိကကဏ္ဍသို့ လုပ်ကိုင်ခွင့် မပေးအပ်ခဲ့ပေ။ ပိုမိုကောင်းမွန်သော ငွေကြေး ရယူသုံးစွဲနိုင်ခွင့်ကို ဖော်ဆောင်သည့် ရှင်းလင်းသော ရည်ရွယ်ချက်တစ်ရပ်နှင့်အတူ အသေးစား ငွေချေးလုပ်ငန်းကဏ္ဍတွင် လုပ်ပိုင်ခွင့်ပေးခဲ့ပြီး ယခုအခါတွင် အသေးစားငွေချေးလုပ်ငန်း အရေ အတွက် ပိုမိုများပြားလာခဲ့သည်။ ဘဏ္ဍာရေးအရ အားလုံးပါဝင်နိုင်မှုကို တိုးမြှင့်ရန် မျှော်လင့်ချက်ဖြင့် မိုးဘိုင်းငွေကြေးလုပ်ငန်းကို စတင်မိတ်ဆက်ခဲ့ပြီး ပါဝင်ဆောင်ရွက်နေသော လုပ်ငန်းအရေအတွက် မှာလည်း တစ်ဖြည်းဖြည်းချင်း တိုးမြင့်လာလျက်ရှိသည်။

တယ်လီကွန် လုပ်ငန်းကဏ္ဍတွင်မူ နိုင်ငံပိုင် လုပ်ငန်းတစ်ခုဖြစ်ပြီး ယခုအခါတွင် ပြည်ပလုပ်ငန်းရှင် များဖြင့် ယှဉ်ပြိုင်ရန်အတွက် ဂျပန်နိုင်ငံ၏ KDDI ဖြင့် အစုစပ်လုပ်ဆောင်လျက်ရှိသည့် မြန်မာ့ ဆက်သွယ်ရေး (MPT) မှ လွှမ်းမိုးခဲ့ဖူးသည့် တယ်လီကွန်ဈေးကွက်တွင် အော်ရီဒူးနှင့် တယ်လီနော် ကဲ့သို့သော ရာနှုန်းပြည့် နိုင်ငံခြားသားပိုင် ကုမ္ပဏီများအား လုပ်ငန်းဆောင်ရွက်ရန် ၂၀၁၄ ခုနှစ်တွင် ခွင့်ပြုပေးခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံမှ Viettel နှင့် မြန်မာနိုင်ငံမှ Star High Public Company အကြား အကျိုးတူပူးပေါင်းခဲ့သည့် မြန်မာနိုင်ငံသားများဆိုင်ရာ တယ်လီဖုန်းဆက်သွယ်ရေး လုပ်ငန်းများ (MTC) အား စတုတ္ထမြောက် တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်း အဖြစ် ဈေးကွက် အတွင်းသို့ ဝင်ရောက်ခွင့်ပြုခဲ့သည်။

အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း အသွင်အပြင် ပုံပန်းသဏ္ဍာန် အမျိုးမျိုးဖြင့် မြင်တွေ့ခဲ့ရသည်။ အထူးစီးပွားရေးဇုံများနှင့် ရေနက်ဆိပ်ကမ်းများမှာလည်း နိုင်ငံသားနှင့် နိုင်ငံခြားသား လုပ်ငန်းရှင်များ ပူးတွဲပိုင်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုများအဖြစ် ပေါ်ထွက်လာခဲ့သည်။ ရေနက်ဆိပ်ကမ်းများအား နိုင်ငံတကာဈေးကွက်များသို့ မြန်မာနိုင်ငံ လက်လှမ်းမီစေရန်နှင့် မြန်မာနိုင်ငံအား ဒေသတွင်းရှိ အလားအလာရှိသော ထောက်ပံ့ပို့ဆောင်စီမံရေးဆိုင်ရာ အချက်အချာ နေရာတစ်နေရာအဖြစ် ရပ်တည်စေနိုင်ရန်တို့အတွက် ဖွင့်လှစ်လျက်ရှိသည်။ လာရောက်လည်ပတ်သူ အရေအတွက် များပြားလာခြင်းအတွက် တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် လေဆိပ်အသစ်များ ဖော်ဆောင်ခြင်းနှင့် ရှိနှင့်ပြီးသော လေဆိပ်များကို အဆင့်မြှင့်တင်ရန် ဆောင်ရွက်လျက် ရှိပါသည်။ တိုးများလာနေသော ခရီးသည်အရေအတွက်အတိုင်း ဝန်ဆောင်ရွက်မှု ပေးအပ်ရန်နှင့် လေကြောင်းမှတစ်ဆင့်သယ်ယူသော ကုန်သေတ္တာလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရန်တို့အတွက် ဖြစ်ပါသည်။

စွမ်းအင်ကဏ္ဍတွင်လည်း ယခင်က နိုင်ငံပိုင်ဖြစ်ခဲ့ဖူးသည့် ၁၅၀ မျှသော နိုင်ငံပိုင် ဓာတ်ဆီဆိုင်များကို မြန်မာအစိုးရမှ ပုဂ္ဂလိကပိုင် ပြုခဲ့ပြီး လက်လီလက်ကား ရောင်းဝယ်မှုများမှတစ်ဆင့် လောင်စာဆီ တင်သွင်းဖြန့်ချိခြင်းတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ပါဝင်ခွင့်ပြုခဲ့သည်။ ဤအပြောင်းအလဲများ ပေါ်ပေါက်လာပြီးနောက် အစိုးရမှ ဂျက်လေယာဉ် လောင်စာဆီ တင်ပို့ဖြန့်ချိခြင်းကဲ့သို့ အဓိကကျသော စီးပွားရေးလုပ်ငန်းများကို တင်ဒါစနစ် အသုံးပြုကာ ပုဂ္ဂလိကပိုင်ပြုခြင်းများကို ဆက်လက်ဆောင်ရွက် ခဲ့သည်။

# ဥပဒေနှင့် လုပ်ထုံးလုပ်နည်း မူဘောင်အပိုင်းမှ လတ်တလော အပြောင်းအလဲများ

လွန်ခဲ့သောနှစ်များအတွင်တွင် ဥပဒေပြုလွှတ်တော်မှ ဥပဒေသစ်များ ပြဋ္ဌာန်းခြင်း၊ ခေတ်နှင့်လျော်ညီမှုမရှိသော ဥပဒေများ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခြင်းအားဖြင့် တိုးတက်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

| Law/Act | Year of Enactment | |
|---|---|---|
| နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေ | 2012 | ၂၀၁၂ |
| လူမှုဖူလုံရေး ဥပဒေ | 2012 | ၂၀၁၂ |
| သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ | 2012 | ၂၀၁၂ |
| အနည်းဆုံး လုပ်ခလစာဥပဒေ | 2013 | ၂၀၁၃ |
| မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ | 2013 | ၂၀၁၃ |
| မြန်မာ့အထူးစီးပွားရေးဇုံ ဥပဒေ | 2014 | ၂၀၁၄ |
| ပြည်ထောင်စု အခွန်ဥပဒေ | 2015 | ၂၀၁၅ |
| မြန်မာရင်းနှီးမြှုပ်နှံမှုဥပဒေ | 2016 | ၂၀၁၆ |
| ကုမ္ပဏီများ အက်ဥပဒေ | 2017 | ၂၀၁၇ |


လွန်ခဲ့သောနှစ်များအတွင်း ဥပဒေနှင့် အက်ဥပဒေများစွာကို ပြဋ္ဌာန်းထားပြီး ဖြစ်သော်လည်း ဖြည့်စွက် ဥပဒေမူကြမ်းများစွာ ပြဋ္ဌာန်းရန် ကျန်ရှိနေသေးသည်။ ယင်းတို့တွင်ပါဝင်သည့် ဥပဒေမူကြမ်း အချို့မှာ သတ္တုတူးဖော်ရေး ဥပဒေ၊ ရေနံဥပဒေ၊ ရေနံနှင့် ရေနံထွက်ပစ္စည်းများ ဥပဒေ၊ အလုပ်သမား ဥပဒေ၊ ကုန်အမှတ်တံဆိပ်ဥပဒေ၊ မူပိုင်ခွင့်ဥပဒေ၊ မူပိုင်ခွင့်မှတ်ပုံတင်ခြင်း ဥပဒေနှင့် စက်မှုဒီဇိုင်းဥပဒေတို့ ဖြစ်ကြသည်။

## မြန်မာ့စီးပွားရေးအပေါ် အနည်းငယ်ရှုမြင်ခြင်း

ကမ္ဘာ့ငွေကြေးရံပုံငွေအဖွဲ့(IMF) ၏ ၂၀၁၆ ခုနှစ်ထုတ် ကမ္ဘာ့စီးပွားရေးခန့်မှန်းချက်အရ မြန်မာနိုင်ငံမှာ ဂျီဒီပီတိုးတက်နှုန်း ၈.၆ ရာနှုန်းနှင့်အတူ ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံး တိုးတက်နေသော စီးပွားရေး နိုင်ငံအဖြစ် သတ်မှတ်ထားသည်။ မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်မှစတင်ကာ တိုင်းပြည်၏ စီးပွားရေးအရ တောင့်တင်း ခိုင်မာမှုကို ပြဆိုသော အညွှန်းကိန်းတစ်ခုဖြစ်သည့် မြင့်မားသော ဂျီဒီပီတိုးတက်နှုန်းကို ကြုံတွေ့ခဲ့ရပြီး ဖြစ်သည်။ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အားပေးမြှင့်တင်ပေးသော်လည်း ဤတိုးတက်မှုအား တိုးများလာသော စားသုံးသူ အရေအတွက်နှင့် မြန်မာ့စီးပွားရေး ပြန်လည်သက်ဝင်လှုပ်ရှားလာခြင်းအပေါ် ရင်းနှီးမြှုပ်နှံသူများ ယုံကြည်လာခြင်းတို့က မောင်းနှင်လျက်ရှိသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ကမ္ဘာ့စီးပွားရေး ခန့်မှန်းချက်များအရ မြန်မာနိုင်ငံသည် အာဆီယံ နိုင်ငံများအကြား အမြင့်ဆုံးသော GDP တိုးတက်နှုန်းကို ရရှိထားသည်။ အောက်ဖော်ပြပါဇယားတွင် မြန်မာနိုင်ငံ၏ အရပ်သားအစိုးရအဖြစ် အသွင်ကူးပြောင်းခဲ့သည့် အချိန်မှစတင်သော နှစ်များအတွင်းရှိ ဂျီဒီပီတိုးတက်မှု နှင့် အနာဂတ်အလားအလာ ခန့်မှန်းချက်များကို ဖော်ပြထားသည်။

## ဂျီဒီပီ တိုးတက်မှု





ပုံ ၁ - ဂျီဒီပီ တိုးတက်မှုနှင့် ခန့်မှန်းချက်များ (ရည်ညွှန်း - ADB)

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) နှင့် ဆန်းစစ်လေ့လာချက်

နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအတွက် ရှင်းလင်းသည့် အလားအလာတစ်ရပ်ကို အများဆုံး ကမ်းလှမ်းနေသည့် ကဏ္ဍတစ်ရပ်မှာ လွန်ခဲ့သောနှစ်များအတွင်း မြန်မာနိုင်ငံ၏ တိုးမြင့်လာသော FDI ရည်မှန်းချက်ပင်ဖြစ်သည်။ အောက်ဖော်ပြပါ FDI ဇယားတွင် မြန်မာနိုင်ငံ၏ စီးပွားရေးအရ ခိုင်မာကောင်းမွန်မှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု အများဆုံးရရှိနေသော ကဏ္ဍများကို ဖော်ပြထားသည်။

## နှစ်စဉ် FDI စီးဝင်မှု (ခွင့်ပြုပြီး)





ပုံ ၂ - နှစ်စဉ်ခွင့်ပြုလျက်ရှိသော FDI စီးဝင်မှု (ရည်ညွှန်း - DICA)

၂၀၁၁ ခုနှစ်မှစတင်ကာ လွန်ခဲ့သောနှစ်များအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာခဲ့ပြီး ဖြစ်သော်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လျော့ကျသွားခဲ့သည်။ သမ္မတဦးထင်ကျော် ဦးဆောင်သော အစိုးရမှ အာဏာလွှဲပြောင်းရယူခဲ့သည့် ၂၀၁၆ ခုနှစ် ဧပြီလတွင် မူဝါဒ အပြောင်းအလဲများနှင့်အညီ ရင်းနှီးမြှုပ်နှံမှုများ လျော့ကျသွားခဲ့သည်။

အောက်ဖော်ပြပါဇယားကွက်တွင် ၂၀၁၁ မှ ၂၀၁၇ ခုနှစ်အကြား ကာလများအတွင်း နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှု အများဆုံးရရှိထားသော ကဏ္ဍများ (ခွင့်ပြုပြီးသော FDI ပမာဏအရ) ကို ပြသထားသည်။ မြန်မာနိုင်ငံမှ အများဆုံးလုပ်ခရရှိထားသည့် ကဏ္ဍကြီးသုံးရပ်မှာ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ စွမ်းအင်နှင့် ကုန်ထုတ်လုပ်ရေး ကဏ္ဍများဖြစ်ကြပြီး စုစုပေါင်း FDI စီးဆင်းမှု၏ ၅၅% မျှ ရှိနေသည်။

## ကဏ္ဍအလိုက် FDI စီးဝင်မှု ရာနှုန်း (၂၀၁၁ – ၂၀၁၇)




ပုံ ၃ - ကဏ္ဍအလိုက် FDI စီးဝင်မှု ရာနှုန်း (ရည်ညွှန်း –DICA)

နိုင်ငံတကာအသိုင်းအဝိုင်းသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် အဓိက ပါဝင်ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။ နိုင်ငံတကာ ကုမ္ပဏီများသည် မြန်မာ့စီးပွားရေးမှ ရရှိမည့် အကျိုးကျေးဇူးများကို စံစားရရန်နှင့် ကြီးမားသော တိုးတက်မှု အလားအလာကို ဖိတ်ခေါ်နေသည့် ဈေးကွက်အတွင်းသို့ မဟာဗျူဟာကျကျ ဝင်ရောက်ရန် မြန်မာနိုင်ငံ၌ ခြေရာချထား ပြီးဖြစ်သည်။ မြန်မာအစိုးရမှ ဒီမိုကရေစီ နိုင်ငံတစ်နိုင်ငံ အဖြစ်သို့ ချီတက်ရန် ကြိုးပမ်းဆောင်ရွက်မှုများနှင့် အပြုသဘောဆောင်သော လှုပ်ရှားမှုများကြောင့် ၂၀၁၂ ခုနှစ်မှစတင်ကာ အရေးယူ ပိတ်ဆို့မှုများ ဖြေလျော့ခြင်းနှင့် ပယ်ဖျက်ခြင်းတို့ကို ကြုံတွေ့ခဲ့ပြီးဖြစ်သည်။ ဥရောပသမဂ္ဂကလည်း မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော အရေးယူပိတ်ဆို့မှုများကို လျော့ချပေးခဲ့ပြီး ထိုအချိန်မှစတင်ကာ မြန်မာနှင့် ဥရောပသမဂ္ဂအကြား ဆက်ဆံရေးများ တိုးတက်လာခဲ့ပြီး ပိုမိုနီးကပ်သော ဆက်ဆံရေးများကို တည်ဆောက်ထားပြီးဖြစ်သည်။ မြန်မာနှင့် ဥရောပသမဂ္ဂတို့ အကြား ပူးပေါင်း ဆောင်ရွက်မှုကိုလည်း တိုးမြှင့်ထားပြီး အီးယူ-မြန်မာ ရင်းနှီးမြှုပ်နှံမှု ကာကွယ်ရေး သဘောတူညီချက်အတွက် ညှိနှိုင်းဆွေးနွေးမှုများသည် ဤအသိုင်းအဝိုင်း နှစ်ရပ်အကြားရှိ အလှည့်အပြောင်းတစ်ခု ဖြစ်ပါသည်။ထို့အပြင် မြန်မာနိုင်ငံ၏ အလားအလာကောင်းများကြောင့် ဥရောပနိုင်ငံများ၏ အသေးစားအလတ်စားစီးပွားရေး လုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံရန်အတွက် စိတ်အားထက်သန်နေသော ဈေးကွက်လည်း ဖြစ်သည်။

## ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများ

### ကြီးမားသော ဈေးကွက်နှင့် မဟာဗျူဟာမြောက် တည်နေရာ

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းများရ လူဦးရေ ၅၁ သန်းရှိသော မြန်မာနိုင်ငံမှာ ပေါများကြွယ်ဝသော သယံဇာတများနှင့်အတူ ရင်းနှီးမြှုပ်နှံသူများအတွက် အလွန်ကြီးမားသော အလားအလာကို ကမ်းလှမ်းနေသည့် ဈေးကွက်ကြီးတစ်ခုဖြစ်သည်။ မဟာဗျူဟာ မြောက်အနေအထားတွင် ရှိနေခြင်းနှင့် ရေနက် ဆိပ်ကမ်းများ ရှိနေခြင်းတို့ကြောင့် မြန်မာနိုင်ငံမှ ယင်း၏တံခါးကို နိုင်ငံတကာဈေးကွက်များ အတွင်းသို့ ဖွင့်ပေးလိုက်ခြင်းသည် ယင်း၏ အိမ်နီးချင်းနိုင်ငံများကို ကျော်လွန်ကာ ထောက်ပံ့ပို့ဆောင်စီမံရေး လုပ်ငန်းများအတွက် အချက်အချာကျသော နေရာတစ်နေရာ ဖြစ်လာရန် အလားအလား ရှိနိုင်ပေသည်။

### လုပ်ခလစာနိမ့်ပါးသည့် ပင်ကိုယ်စွမ်းရည်ရှိ လုပ်သားများ

အလုပ်လုပ်နိုင်သော အသက်အရွယ်အုပ်စုအတွင်း ကျရောက်နေသည့် လူဦးရေ အနေအထားအရ ဤလူအုပ်စုသည် မြန်မာ့စုစုပေါင်းလူဦးရေ၏ အကြီးမားဆုံးသော ရာခိုင်နှုန်းတစ်ရပ်တွင် နေရာယူ ထားသည်။ မြန်မာနိုင်ငံသည် တစ်နေ့အတွက် အနည်းဆုံး လုပ်ခလစာ ၃၆၀၀ ကျပ် (ခန့်မှန်းခြေ အားဖြင့် အမေရိကန် ၃ ဒေါ်လာ) အဖြစ် ဖော်ပြထားခြင်းနှင့်အတူ ပင်ကိုယ်စွမ်းရည်ရှိသော လူအုပ်စုကြီးကို ကမ်းလှမ်းလျက်ရှိသကဲ့သို့ ဈေးနှုန်းချိုသာသည့် ကြီးမားသော လုပ်သားအင်အားစုမှ အကျိုးအမြတ်ရရှိရန်အတွက် ရင်းနှီးမြှုပ်နှံသူများကို ကမ်းလှမ်းလျက်ရှိသည်။ ပြည်ပရင်းနှီးမြှုပ်နှံသူများ သည် အထူးသဖြင့် ကုန်စည်ထုတ်လုပ်ရေး လုပ်ငန်းကဲ့သို့ လူအင်အားများစွာ အသုံးပြုရသော လုပ်ငန်းများတွင် ၎င်းတို့၏ ပရဝုဏ်ကို တည်ဆောက်ထားပြီးဖြစ်သည်။ ဈေးနှုန်းချိုသာသည့် ပင်ကိုယ်စွမ်းရည်ရှိ လူအုပ်စုကြီးတစ်စုအား မြန်မာနိုင်ငံမှ ကမ်းလှမ်းလျက် ရှိစဉ်တွင် အရည်သွေးရှိ လုပ်သားအင်အားစုကို ရယူသုံးစွဲရန်မှာ ရင်းနှီးမြှုပ်နှံသူများအတွက် အရေးပေါ် ပြဿနာတစ်ရပ် ဖြစ်နေသည်။ အရည်အသွေးရှိ လုပ်သားအင်အား အကန့်အသတ် ရှိနေခြင်းကြောင့် ရင်းနှီးမြှုပ်နှံသူ များသည် မှန်ကန်သော ဝန်ထမ်းတစ်ဦးကို ရွေးချယ်ခန့်အပ်ရန် အဟန့်အတားများဖြင့် မကြာခဏ ရင်ဆိုင်နေရပြီး တစ်ချိန်တည်းတွင် ကျွမ်းကျင်လုပ်သား လိုအပ်ချက် မြင့်မားသောကြောင့် လူသစ် စုဆောင်းသူများသည် အရည်အချင်းပြည့်မီသည့် ကျွမ်းကျင်လုပ်သား ပြတ်လပ်မှုဖြင့် ကြုံတွေ့ရ စေလျက်ရှိသည်။

## တဖြည်းဖြည်းချင်း ဖြစ်ထွန်းလာသော အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ တိုးတက်မှုများ

ယိုးယွင်းနေသော အခြေခံအဆောက်အအုံများသည် မြန်မာနိုင်ငံအား စက်မှုလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုး တိုးတက်မှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ စွဲဆောင်မှုတို့အတွက် အခွင့်အရေး အနည်းငယ် သို့မဟုတ် တစ်ခုမျှ မရှိဘဲ ဖြစ်စေခဲ့သည်။ လွန်ခဲ့သောနှစ်များအတွင်းတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများ တစ်ဖြည်းဖြည်းချင်း ဖြစ်ထွန်းလာခဲ့ပြီးဖြစ်သည်။ မိုဘိုင်းဖုန်းကွန်ယက် ဖြန့်ကျက်မှု တိုးမြင့်လာခြင်း၊ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲနိုင်ခွင့် ပိုကောင်းလာခြင်း၊ အဆင့်မြင့်လာသော ဘဏ်လုပ်ငန်းစနစ်များ၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာခြင်း၊ အထူးစီးပွားရေးဇုံများနှင့် ရေနက်ဆိပ်ကမ်းများ ဖော်ဆောင်ခြင်း၊ လေဆိပ်အသစ်များ ဖော်ဆောင်ခြင်းနှင့် အသုံးပြုနေသော လေဆိပ်များကို အဆင့်မြှင့်တင်ခြင်းတို့မှာ သိသာထင်ရှားစွာ ဆောင်ရွက်ခဲ့သော အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများပင်ဖြစ်ပါသည်။

## စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်မှု

အရေးအကြီးဆုံးအချက်မှာ လွန်ခဲ့သောနှစ်များအတွင်း ဖြစ်ထွန်းခဲ့သည့် အပြုသဘောဆောင်သော အပြောင်းအလဲများအတွက် အဓိကတွန်းအားသည် အစိုးရ၏ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ယခင် အစိုးရများလက်ထက်တွင်ပြုပြင်ပြောင်းလဲမှုများစွာကိုစတင်ကြိုးပမ်းခဲ့ပြီးနိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ဂျီဒီပီနှင့်အစရှိသည်တို့ကဲ့သို့သော စီးပွားရေးအညွှန်းကိန်းအပိုင်းတွင် တိုးတက်လာခြင်းများ ဖြစ်ပါသည်။ ဦးထင်ကျော်ဦးဆောင်သည့် လက်ရှိအစိုးရကလည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအား ယင်း၏ ဦးစားပေး လုပ်ငန်းစဉ်အဖြစ် ဆက်လက်ဆောင်ရွက်ခဲ့ပြီး ဖြစ်သော်လည်း ဤအဆင့်တွင် ပိုမိုကြီးမားသော အလေးပေးမှုအား ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် အမျိုးသား ပြန်လည် ရင်ကြားစေ့ရေး လုပ်ငန်းစဉ်တို့အတွက် ထားရှိထားသည်။

# အကျဉ်းချုပ်

မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံသူများအတွက် အလွန်ကောင်းမွန်သော အကျိုးအမြတ်များရှိနေသည့် အလားအလာတစ်ရပ်နှင့်အတူ အလွန်ကြီးမားသော အခွင့်အလမ်းများကို ကမ်းလှမ်းလျက်ရှိပါသည်။ သို့သော် နယ်ပယ်ဒေသအချို့၌ ရင်းနှီးမြှုပ်နှံသူများအတွက် စိန်ခေါ်ချက်များ ကျန်ရှိနေဆဲပင်ဖြစ်သည်။ ဤအဟန့်အတားများ/တစ်ဆို့မှုများကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပါသည်။ သို့မှသာ မိမိတို့လုပ်ငန်းများကို မြန်မာနိုင်ငံအတွင်း၌ အခိုင်အမာတည်ထောင်ရန် ဆန္ဒရှိနေသည့် အလားအလာ ရှိသော ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှု ယဉ်ပါးသော စီးပွားရေးလုပ်ငန်း ရပ်ဝန်းတစ်ရပ်အား မြန်မာနိုင်ငံမှ ကမ်းလှမ်းနိုင်ပါမည်။ ကဏ္ဍအားလုံးဖြင့်ဆက်စပ်သော အထွေထွေစိန်ခေါ်ချက်များ ရှိနေသော်ငြားလည်း ကဏ္ဍချင်းအလိုက် စိန်ခေါ်ချက်များလည်း ကျန်ရှိနေသေးသည်။

အဓိကကျသောလုပ်ငန်းများ ရင်ဆိုင်နေရသည့် သိသာထင်ရှားသော စိန်ခေါ်ချက်များနှင့် ယင်းတို့ကို ကိုင်တွယ်ဖြေရှင်းရန်နည်းလမ်းများအား သိမြင်သတိပြုမိစေရန် နှိုးဆော်ပေးသော ရည်မှန်းချက်ဖြင့် EuroCham မှ တိတိကျကျ ဖော်ပြထားသော ကဏ္ဍငါးရပ်အတွက် အမြင်သဘောထား ရပ်တည်ချက် ဆိုင်ရာ စာတမ်းများကို ဖော်ဆောင်ရေးသားခဲ့ပါသည်။ ထိုကဏ္ဍငါးရပ်မှာ -

- ဆောက်လုပ်ရေး နှင့် အခြေခံ အဆောက်အအုံ
- ကော်ပိုရိတ်လူမှုတာဝန်
- စွမ်းအင်
- ကျန်းမာရေး
- ထောက်ပံ့ပို့ဆောင်ရေး

EuroCham သည် ဤကဏ္ဍများ၏ အဆုံးစွန်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်လင့်ကာ ဤအမြင် သဘောထားရပ်တည်ချက် စာတမ်းများမှတစ်ဆင့် သက်ဆိုင်ရာ ကဏ္ဍများရှိ အဓိကအဟန့်အတား များကို မီးမောင်းထိုးပြရန်နှင့် အစိုးရအတွက် အကြံပြုချက်များ ပေးအပ်သွားရန် ရည်ရွယ်ပါသည်။ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့တစ်ဖွဲ့ချင်းစီ၏ အဖွဲ့ဝင်များမှာ သက်ဆိုင်ရာ ကဏ္ဍများတွင် ကျယ်ကျယ် ပြန့်ပြန့် အလုပ်လုပ်ခဲ့ကြသောကြောင့် ၎င်းတို့၏ အသိပညာများ၊ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျသော အတွေ့အကြုံများသည် ဤကဏ္ဍများတွင် အပေါင်းလက္ခဏာဆောင်သော အပြောင်း အလဲများဆီသို့ ဦးတည်ရန် အဓိက ပံ့ပိုးကူညီမှုများကို ပေးအပ်နိုင်ပါသည်။

အကြံပြုချက်အများစုအား တည်ရှိဆဲလုပ်ငန်းစဉ်များ မြန်ဆန် ထိရောက်မှုရှိပြီး အကောင်းဆုံးဖြစ်စေရန် ရည်ရွယ်ချက်ကာ အစိုးရအတွက် ပေးအပ်စဉ်တွင် EuroCham နှင့် ယင်း၏ အဖွဲ့ဝင်ကုမ္ပဏီများမှာလည်း ပါဝင်ဆောင်ရွက်ရန် အဆင်သင့်ဖြစ်နေပါသည်။

အောက်ဖော်ပြပါတို့မှာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့များမှ ၂၀၁၇ ခုနှစ်အတွက် ထောက်ခံချက်ပေးထားသော မူဝါဒရေးရာ အကြံပြုချက်အကျဉ်းချုပ် ဖြစ်ပါသည်။

## ဆောက်လုပ်ရေး နှင့် အခြေခံ အဆောက်အအုံ

- ပြည်သူလူထု၏ ဘေးကင်းလုံခြုံမှုအတွက် အာမခံချက်ရှိစေရန် ခိုင်မာသော မူဝါဒများ လက်တွေ့ဖော်ဆောင်ရန်နှင့် ထိရောက်သော ထိန်းချုပ်မှုဆိုင်ရာ ဆောင်ရွက်မှုများကို ကျင့်သုံးရန်၊
- ဆောက်လုပ်ရေးကဏ္ဍ တိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အကြား ဟန်ချက်ညီရန်၊
- ရန်ကုန်မြို့ကို ပြန်လည်ပြုပြင်ထိန်းသိမ်းရန်နှင့် အခြားမြို့များ၏ စံချိန်များအတိုင်း အဆင့် မြှင့်တင်ရန်တို့အတွက် လွှမ်းခြုံစီမံချက်တစ်ရပ် ဖော်ဆောင်ရန်၊

## ကော်ပိုရိတ်လူမှုတာဝန်

- အားလုံးသော အဓိကပတ်သက်သူများ၏ ပါဝင်မှုနှင့်အတူ မြန်မာနိုင်ငံ၌ မှန်ကန်သော CSR ကျင့်ထုံးများကို လမ်းညွှန်ပြသမည့် ရှင်းလင်းသော လမ်းပြမြေပုံတစ်ရပ် ဖော်ဆောင်ရန်၊
- CSR အတွက် မဖြစ်မနေ ငွေကြေးသုံးစွဲရန် လိုအပ်စေသော နည်းဥပဒေများကို ရှောင်ရှားရေး လှုံ့ဆော်အားပေးရန်၊
- CSR ဆိုင်ရာ စီးပွားရေးအသားပေးချဉ်းကပ်မှုအကြောင်း သိမြင်နိုးကြားမှု မြှင့်တင်ရန်၊
- ကောင်းမွန်သော ကော်ပိုရိတ် အုပ်ချုပ်မှုကို CSR ဆီသို့ လှမ်းချီသော ကနဦး ခြေလှမ်းတစ်ရပ် အဖြစ် အားပေးမြှင့်တင်ရန်၊
- စုပေါင်းညှိနှိုင်းဆောင်ရွက်မှု ဖြစ်ပေါ်လာရန်အတွက် ပုဂ္ဂလိကနှင့် ပြည်သူပိုင် ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်၊

## စွမ်းအင်

- ထိရောက်အကျိုးရှိမှုကို တိုးမြှင့်ရန်အတွက် စွမ်းအင်ကဏ္ဍတွင် ပါဝင်နေသော ဝန်ကြီးဌာနများ အကြား ညှိနှိုင်းဆောင်ရွက်မှုကို ပိုကောင်းအောင် ဆောင်ရွက်ရန်၊
- စွမ်းအင်ဝန်ကြီးဌာနရှိ လုပ်ငန်းစဉ်များကို အကောင်းတကာ့အကောင်းဆုံး ဖြစ်စေမည့် ပိုမို မြန်ဆန်သွက်လက်သော လုပ်နည်းလုပ်ဟန်များ ဖော်ဆောင်ဖန်တီးရန်၊
- စွန့်စားမှုအန္တရာယ် ခွဲဝေမှုဆိုင်ရာ မူဘောင်တစ်ရပ်နှင့် ရှင်းလင်း၍ ကောင်းစွာအနက်ဖွင့်ဆို ထားသော လျှပ်စစ်ဓာတ်အားဈေးနှုန်း သတ်မှတ်မှု မူဝါဒများ မိတ်ဆက်ရန်၊
- နည်းလမ်းအမျိုးမျိုးမှတစ်ဆင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်၊

## ကျန်းမာရေး

- ဆေးအာနိသင်တူညီမှုမရှိသည့် ထုတ်လုပ်သူအမည်လွဲဆေးဝါးများကို ထိန်းချုပ်ရန်အတွက် တင်းကြပ်သော အရေးယူဆောင်ရွက်မှုများနှင့် ထိရောက်သော မူဝါဒများ ဖော်ဆောင်ရန်၊
- ပါဝင်ဆောင်ရွက်နေသည့် အဓိက ပတ်သက်သူများအကြားတွင် ပွင့်လင်းမြင်သာမှုရှိသော အစီအရင်ခံ တင်ပြမှုစနစ်တစ်ရပ် ဖော်ဆောင်ကျင့်သုံးရန်၊
- ကျန်းမာရေးပညာရှင်များအတွက် သင်ရိုးညွှန်းတမ်းတွင် ဤအကြောင်းအရာကို ပေါင်းစပ် သင်ကြားခြင်းအားဖြင့် လူနာဘေးကင်းလုံခြုံမှုအပေါ် သိမြင်နိုးကြားမှုနှင့် အလေးထားမှုများ တိုးမြှင့်ရန်၊
- ကြိုတင်ကာကွယ်သော အရေးယူဆောင်ရွက်မှုများအတွက် ဆေးရုံများတွင် ကူးစက်ရောဂါ ထိန်းချုပ်ရေး ယူနစ်များ စတင်တည်ထောင်ခြင်း၊

- ဆေးရုံများတွင် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုကိရိယာများ တပ်ဆင်ခြင်းနှင့် ထိန်းသိမ်း ပြုပြင်ခြင်းဆိုင်ရာ မူဝါဒများနှင့် လမ်းညွှန်ချက်များ ပြဋ္ဌာန်းရန်၊
- အစားအစာနှင့်ဆေးဝါးကွပ်ကဲမှု ဦးစီးဌာန (FDA) ရှိ ဆေးဝါးထုတ်ကုန် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ မြန်ဆန်ချောမွေ့စေရန်၊

## ထောက်ပံ့ပို့ဆောင်စီမံရေး

- မြစ်ဝကျွန်းပေါ်ဒေသတွင် အထူးစီးပွားရေးဇုံတစ်ခုနှင့် လမ်းကွန်ယက်များပါဝင်သည့် ရေနက် ဆိပ်ကမ်းတစ်ခု ဖော်ဆောင်ရန်၊
- အကောက်ခွန်တန်ဖိုး တွက်ချက်မှု လုပ်ငန်းစဉ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘော တူညီချက်များနှင့် စံချိန်စံညွှန်းများကို လေးစားလိုက်နာရန်၊
- ဆိပ်ကမ်းများရှိ အကောက်ခွန်ရုံးချိန်ကို တိုးမြှင့်ရန်နှင့် ဘက်စုံအကျိုးရှိမှုကို အကောင်းဆုံး တိုးမြှင့်ရန်၊
- အကောက်ခွန်ကြေညာရန်လုပ်ငန်းစဉ် မပြီးဆုံးမီတွင် ကွန်တိန်နာများ ဂိတ်အတွင်း ဝင်ရောက်ခြင်းကို ကန့်သတ်သည့် စည်းမျဉ်းစည်းကမ်းများ လက်တွေ့ဖော်ဆောင်ရန်၊

# ဆောင်ရွက်ပုံနည်းလမ်း

၃

မြန်မာနိုင်ငံရှိ EuroCham ၏ ပထမဆုံးသော စက္ကူဖြူစာအုပ်အား ဆောက်လုပ်ရေး၊ ကော်ပိုရိတ်လူမှုတာဝန်၊ စွမ်းအင်၊ ကျန်းမာရေးနှင့် ထောက်ပံ့ ပို့ဆောင်စီမံရေးကဏ္ဍများရှိ အဓိက ပါဝင်ပတ်သက်သူတစ်ဦးချင်းစီဖြင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဖော်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။ အမြင်သဘောထား ရပ်တည်ချက် စာတမ်းတစ်စောင်ခြင်းစီတိုင်းအား ဖော်ပြပါကဏ္ဍတစ်ခုခြင်းစီတိုင်း၏ အဓိက ပါဝင်ပတ်သက်သူများဖြင့် ထဲထဲဝင်ဝင် အကြံပြုဆွေးနွေးမှုများ ပြုလုပ်ပြီးနောက်တွင် ဖော်ဆောင်ထားခြင်းဖြစ်သည်။

လုပ်ငန်းရပ်ဝန်းအခန်းတွင် မြန်မာနိုင်ငံရှိ စီးပွားရေးရပ်ဝန်း၏ ခြုံငုံသုံးသပ်ချက်တစ်ရပ်ကို တင်ပြဆွေးနွေး ထားသည်။ ဤအခန်းတွင် မြန်မာနိုင်ငံမှ ကမ်းလှမ်းလျက်ရှိသော အလားအလာများကိုသာမက ဤတိုင်းပြည် အတွင်းတွင် လုပ်ငန်းဆောင်ရွက်ရန် အဟန့်အတားများ ဖြစ်စေနိုင်သည့် စိန်ခေါ်ချက်များအကြောင်းကို စာဖတ်သူများအတွက် ဖော်ပြပေးရန် ရည်ရွယ်ချက်ဖြင့် ရေးသားတင်ပြထားပါသည်။ အမြင်သဘောထား ရပ်တည်ချက် စာတမ်းတစ်စောင်ခြင်းစီတွင် ကဏ္ဍအလိုက် အသေးစိတ်ကျသော အရေးကိစ္စများကို ရေးသား တင်ပြထားယုံမျှသာမက ကဏ္ဍများအားလုံးအတွက် အဖုအထစ်ဖြစ်စေနိုင်သည့် အထွေထွေ စိန်ခေါ်ချက်များ ကိုလည်း မီးမောင်းထိုးပြထားပါသည်။

ဤစက္ကူဖြူစာအုပ်၏ မူလရည်မှန်းချက်မှာ ဤအရေးကိစ္စများကို တိုက်ဖျက်ဖြေရှင်းရန်နှင့် အဆုံးတွင် ရင်းနှီး မြှုပ်နှံမှု ယဉ်ပါးသော စီးပွားရေး ရပ်ဝန်းတစ်ရပ်ကို ရရှိရန် ဆောင်ရွက်မှုများတွင် အစိုးရကို ကူညီရေးပင် ဖြစ်ပါသည်။ ဤရည်ရွယ်ချက်အလို့ငှာ ဤအမြင်သဘောထားရပ်တည်ချက် စာတမ်းများတွင် ကဏ္ဍ တစ်ခုခြင်းစီမှ အရေးကိစ္စများကို မီးမောင်းထိုးပြပေးထားယုံမျှမက သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများအတွက် အပြုသဘောဆောင်သော အကြံပြုချက်များကိုလည်း ဖော်ဆောင်ပေးထားသည်။

ဤစာတမ်းများအား အောက်ဖော်ပြပါပုံစံများအတိုင်း တည်ဆောက်ထားပါသည် -

## အရေးကိစ္စ ဖော်ပြချက်

ဤအခန်းတွင်သတ်မှတ်ကဏ္ဍတစ်ရပ်ရပ်ဖြင့်တိတိပပသက်ဆိုင်သည့်အရေးအကြီးဆုံးသောကိစ္စရပ်များနှင့်လုပ်ငန်းဆောင်ရွက်မှုများအပေါ်ရှိ ယင်းတို့၏ အကျိုးသက်ရောက်မှုများကို အသေးစိတ်ဖော်ပြထားသည်။

## မြန်မာနိုင်ငံအတွက် အလားအလာရှိသော အကျိုးကျေးဇူးများ

ဤအပိုင်းတွင် မြန်မာ့စီးပွားရေးရပ်ဝန်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် တစ်နိုင်ငံလုံးအတိုင်းအတာအဖြစ် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းဖော်ပြထားသည်။

## အကြံပြုချက်များ

ဖော်ထုတ်ခဲ့ပြီးသောအရေးကိစ္စများကိုထိရောက်စွာကိုင်တွယ်ရန်အတွက်လက်ဆုပ်လက်ကိုင်ပြနိုင်သည့်အပြင်အောင်မြင်မှုလည်းရှိနိုင်သော အရေးယူဆောင်ရွက်မှုများအကြောင်း တင်ပြဆွေးနွေးထားသည်။

EuroCham အနေဖြင့် ယင်း၏ လုပ်ငန်းအထောက်အကူပြုစနစ်အား ဤစာအုပ်ပါ အကြံပြုချက်များကို ရှေ့ဆက် ဖော်ဆောင်ရေးတွင် အစိုးရနှင့် တက်တက်ကြွကြွထိတွေ့ဆက်ဆံရေးအတွက် အဓိကထား အသုံးပြု လိုပါသည်။ ဤအကြံပြုချက်များကို ထိရောက်စွာ လက်တွေ့ဖော်ဆောင်ခြင်းသည် မြန်မာနိုင်ငံ၏ မြင့်မားသော အလားအလားကောင်းများနှင့် စီးပွားရေးရပ်ဝန်းအတွက် နစ်လိုဖွယ် အကျိုးကျေးဇူးများကို ဆောင်ကျဉ်း လာလိမ့်မည်ဟုလည်း EuroCham မှ ခိုင်ခိုင်မာမာ ယုံကြည်မိပါသည်။

# ၄

# အထွေထွေအကြံပြုချက်များနှင့် စိုးရိမ်ပူပန်မှုများ

မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံသူများအတွက် ကြီးမားသောစီးပွားရေးအခွင့်အလမ်းများကို ပေးကမ်း လျက်ရှိသော်လည်း တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုကို ဆုတ်ယုတ်စေနိုင်သည့် အဟန့်အတားများ ရှိနေဆဲပင်ဖြစ်သည်။ မြန်မာအစိုးရအနေဖြင့် ဤအရေးကိစ္စများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန်အတွက် ယခုကဲ့သို့ အခါအခွင့်သင့်သောအချိန်တွင် EuroCham မြန်မာမှ အကြံပြုချက်များ တင်ပြလိုက်ပါသည်။

## အခွန်ကောက်ခံနိုင်စွမ်း မရှိခြင်းများ

မြန်မာနိုင်ငံသို့ ဥရောပမှ လာရောက် ရင်းနှီးမြှုပ်နှံချင်သူများသည် အခွန်ယဉ်ကျေးမှု တိုးတက်လာရန် အလွန်အမင်းလိုအပ်သည်ဟု ယုံကြည်ပါသည်။ အတိတ် ကာလအတွင်းတွင် လက်တွေ့ဖော်ဆောင်မှုများ အလွန်တရာနည်းပါးခြင်းမှသည် လုံးဝဥသုံ မရှိသည်အထိ ဖြစ်နေသော သမိုင်းကြောင်းအစဉ်အလာအရ အခွန်တိမ်းရှောင်ခြင်းများမှာ အလေ့အထတစ်ရပ်ပင် ဖြစ်နေပါသည်။ ပြည်သူလူထုထံတွင်လည်း အခွန်ကိစ္စရပ်များဖြင့်ပတ်သက်၍ သိရှိနားလည်မှု အလွန်တရာ နည်းပါးလှပေသည်။ လွန်ခဲ့သောနှစ်များအတွင်းတွင် အခွန်ကောက်ခံမှုကို လက်တွေ့ဖော်ဆောင်ခြင်းနှင့် အခွန် တိမ်းရှောင်မှုများ လျော့ချခြင်းတို့အတွက် ပိုမိုတင်းကြပ်သော အရေးယူဆောင်ရွက်မှုများအား မြန်မာအစိုးရမှ တက်ကြွစွာ ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ အခွန်စနစ်တွင်လည်း နိုင်ငံတကာ စာရင်းအင်းစစ်ဆေးမှု စံချိန်စံညွှန်းများဖြင့် ကိုက်ညီမှုမရှိသော လုပ်ထုံးလုပ်နည်းအချို့ကြောင့် အတိုင်းအတာတစ်စုံတစ်ရာအထိ ဝေဝါးမှုများ ဖြစ်ပေါ်စေလျက်ရှိပါသည်။ ရှုပ်ထွေးသော လုပ်ထုံးလုပ်နည်းများကလည်း အခွန်ထမ်းများအတွက် အချိန်နှင့် လူ့စွမ်းအားကဲ့သို့သော အရင်းမြစ်များကို ပိုမိုကုန်ကျစေလျက် ရှိပါသည်။ လုပ်ထုံးလုပ်နည်းများနှင့် စနစ်ပိုင်းတွင် ကြိုတင်အသိပေးခြင်းမပြုဘဲ မကြာခဏ ပြောင်းလဲခြင်းများကြောင့် အခွန်ထမ်းများအတွက် မလိုအပ်သော ဝန်ထုပ်ဝန်ပိုးများကို ဖြစ်ပေါ်စေပါသည်။

## အကြံပြုချက်များ

အခြေခံရည်မှန်းချက်တစ်ရပ်မှာ ဤနိုင်ငံတစ်လွှား၌ အခွန်ယဉ်ကျေးမှုတစ်ရပ် ထွန်းကားလာစေရန်ပင် ဖြစ်ပါသည်။ ဤနိုင်ငံအတွင်းတွင် အခွန်ပညာရေးကို ထိထိရောက်ရောက် အားပေးမြှင့်တင်ရန်နှင့် အခွန်အခများ၏ အရေးပါမှုအကြောင်း သိမြင်နိုးကြားမှုတိုးမြှင့်ရန်တို့အတွက် စည်းရုံးလှုပ်ရှားမှု အစီအစဉ်များ ပုံဖော်ရေးဆွဲ နိုင်ပါသည်။

အခွန်ပေးဆောင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရိုးရှင်းမြန်ဆန်အောင် ပြုလုပ်ခြင်းသည် အခွန်ကောက်ခံမှု စနစ်ကို အစွမ်းကုန်မြှင့် တင်ပေးနိုင်သကဲ့သို့ မလိုအပ်သောအဆင့်များ သို့မဟုတ် နည်းလမ်းများအတွက် အရင်းအမြစ်များအသုံးပြုရမှုကိုလည်း လျော့ချပေးနိုင်ပါသည်။ အခွန်ရုံးနှင့် အခွန်ပေးဆောင်သူများအကြား ပူးပေါင်းဆောင်ရွက်မှုကိုလည်း တိုးမြှင့်ပေးနိုင်ပါသည်။ လုပ်ထုံးလုပ်နည်းများနှင့် စနစ်များအတွင်း အပြောင်းအလဲများ ပြုလုပ်မည့်အကြောင်းကို ကြိုတင်အသိပေးခြင်းအားဖြင့်သာ ပြုလုပ်သင့်ပါသည်။ တစ်ချိန်တည်းတွင် အခွန်ပေးဆောင်သူများကိုလည်း စနစ်အသစ်ဖြင့် ယဉ်ပါးစေရန် အချိန်ပေးသင့်ပါသည်။

ရှုပ်ထွေးဝေဝါးမှုများကို ရှောင်ရှားရန်အတွက် နိုင်ငံတကာ စာရင်းအင်းစစ်ဆေးမှု စံချိန်စံညွှန်းများနှင့် လက်တွေ့ ကျင့်သုံးသော လုပ်ထုံးလုပ်နည်းများအကြားတွင် လိုက်လျောညီထွေရှိသင့်ပါသည်။

အစိုးရအနေဖြင့်လည်း အခွန်တိမ်းရှောင်ခြင်းကို တိုက်ဖျက်ရန်အတွက် ပြစ်ဒဏ်ပေးသော စနစ်များကဲ့သို့ ထိရောက်သော အရေးယူဆောင်ရွက်မှုများကို လက်တွေ့ဖော်ဆောင်အသုံးပြုသင့်ပါသည်။

## ကော်ပိုရိတ်အုပ်ချုပ်မှုကျင့်ထုံးများ တိုးတက်လာရန် လိုအပ်နေသေးသည်

ကုမ္ပဏီများရှိ ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ ကျင့်ထုံးကောင်းများမှာ အစောပိုင်းအဆင့်တွင်သာ ရှိနေသေးသည်။ လုပ်ငန်းအများစုတွင် ကောင်းမွန်ကျနသော ဖွဲ့စည်းပုံအခင်းအကျင်း၊ အခွန်ကိစ္စရပ်ကဲ့သို့သော လုပ်ထုံး လုပ်နည်းများအား စီးပွားရေးလုပ်ငန်းများမှ လိုက်နာကျင့်သုံးသည့် ရှင်းလင်းသော စီမံဆောင်ရွက်မှု၊ ထိရောက် အကျိုးရှိသော လုပ်ငန်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာ မူဝါဒများနှင့် ကျင့်ထုံးများကဲ့သို့သော ကော်ပိုရိတ်ကျင့်ထုံးများ မရှိသလောက် နည်းပါးလျက်ရှိပါသည်။ ဒေသခံလုပ်ငန်းများဖြင့် ထိတွေ့ဆက်ဆံသည့် အခါတွင် ကော်ပိုရိတ်အုပ်ချုပ်ရေး မရှိသလောက်ဖြစ်နေခြင်းသည် လုပ်ငန်းစဉ်များကို နှေးကွေး စေနိုင်သည်ဆိုခြင်းအား မျှော်လင့်ထားသင့်ပေသည်။

## အကြံပြုချက်များ

ပုဂ္ဂလိကကုမ္ပဏီများမှ မည်သို့မည်ပုံ လုပ်ငန်းဆောင်ရွက်သင့်သည်ဆိုသည်ကို အစိုးရမှ တရားဝင် စည်းကမ်း သတ်မှတ်ပေးခြင်း မပြုနိုင်သော်လည်း ဆွဲဆောင်မှုများ စီစဉ်ပေးနိုင်ပါသည်။ လုပ်ငန်းတစ်ခု သို့မဟုတ် လုပ်ငန်း ကဏ္ဍတစ်ခုဖြင့် ပတ်သက်၍ အာဏာတည်နေသော ဥပဒေများကို ပေါင်းစပ်အကောင်အထည်ဖော်၍ အသုံးပြုနိုင်ပါသည်။ ဥပမာအားဖြင့် ဝန်ထမ်းလက်စွဲစာအုပ် သို့မဟုတ် စံပြုလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများပင် ဖြစ်ပါသည်။ သို့မှသာ ဥပဒေများ၊ စံချိန်စံညွှန်းများနှင့် နည်းဥပဒေများကို လိုက်နာ ဆောင်ရွက်ပေမည်။

အစိုးရအနေဖြင့် အားကောင်းသော ကော်ပိုရိတ်အုပ်ချုပ်မှု၏အရေးပါပုံနှင့် လုပ်ငန်းများအပေါ် အကျိုးဖြစ်ထွန်း စေပုံတို့ကို စည်းရုံးလှုပ်ရှားမှု အစီအစဉ်များတိုးမြှင့်ခြင်းနှင့် ဖြန့်ဝေအသိပေးခြင်းများအတွက် ရင်းနှီးမြှုပ်နှံနိုင်ပါသည်။ ဤသို့ဆောင်ရွက်ခြင်း အားဖြင့် ပိုမိုအကျိုးရှိသော အနေအထားကို ဖန်တီးရန် လုပ်ငန်းကဏ္ဍအဆင့် တစ်ရပ်အပေါ် အခြေခံကာ ပုဂ္ဂလိကကဏ္ဍနှင့် ညှိနှိုင်းဆောင်ရွက်မှုအား အစိုးရမှ ပြုလုပ်နိုင်ပါသည်။

## ဉာဏဆိုင်ရာမူပိုင်ခွင့်ဥပဒေများ မရှိသေးခြင်း

ဥရောပမှ မြန်မာနိုင်ငံသို့ လာရောက် ရင်းနှီးမြှုပ်နှံချင်သူများအတွက် ခြိမ်းခြောက်မှုအရှိဆုံးသော အရေးကိစ္စတစ်ရပ်မှာ ဉာဏဆိုင်ရာ မူပိုင်ခွင့် ဥပဒေများ မရှိသေးခြင်းပင်ဖြစ်ပါသည်။ ဤစာတမ်းကို ရေးသားနေသည့်အချိန်အထိ မြန်မာနိုင်ငံတွင် တိတိပပသော ဉာဏ ဆိုင်ရာ မူပိုင်ခွင့်ဥပဒေ သို့မဟုတ် တိတိပပသော ဉာဏဆိုင်ရာ မူပိုင်ခွင့်များ စီမံကွပ်ကဲရေးအဖွဲ့ဟူ၍ မရှိသေးပါ။ ၂၀၁၃ ခုနှစ်တွင် စက်မှုဒီဇိုင်းများ၊ မှတ်ပုံတင်မူပိုင်၊ ကုန်အမှတ်တံဆိပ်များနှင့် မူပိုင်ခွင့်များအတွက် ဥပဒေ မူကြမ်းများအား လွှတ်တော်သို့ တင်သွင်းခဲ့ပြီးဖြစ်သော်လည်း ယင်းတို့မှာ မှတ်တမ်းတင်ထားသော အဆင့် တွင်သာ ရှိနေသေးပြီး မည်သည့်အချိန်တွင် ဤဥပဒေမူကြမ်းများကို အတည်ပြုမည်ဆိုသည်အား သိရှိရခြင်း မရှိသေးပါ။

## အကြံပြုချက်များ

ဥပဒေပြုရေးလုပ်ငန်းစဉ်မှာ ပိုမိုထိရောက်အကျိုးရှိမည်ဆိုလျှင် ဉာဏဆိုင်ရာ မူပိုင်ခွင့်များ ဆုံးရှုံးနေစဉ် ပြဌာန်းရန်ရှိသော ဥပဒေမူကြမ်းများ စောင့်ဆိုင်းရခြင်းအတွက် အချိန်ပြုန်းတီးရာ မရောက်ပေတော့မည်။

ဥရောပမှ ရင်းနှီးမြှုပ်နှံသူများသည်ဉာဏဆိုင်ရာ မူပိုင်ခွင့်များကို စတင်အသုံးပြုသောအခါတွင် ဤဥပဒေများကို အသေအချာ လက်တွေ့အကောင် အထည်ဖော်ရာတွင် အစိုးရမှာ အဓိက အခန်းကဏ္ဍမှ ပါဝင်နေပါသည်ဟု ယုံကြည်ပါသည်။

## ဗျူရိုကရေစီစနစ်သည် လုပ်ငန်းစဉ်များကို နှေးကွေးစေလျက် ရှိပါသည်

ဗျူရိုကရေစီမှာ ပြည်သူပိုင်နှင့် ပုဂ္ဂလိကကဏ္ဍနှစ်ရပ်စလုံးအတွက် ရေရှည်ပြဿနာ တစ်ရပ်အဖြစ် နိုင်ငံများစွာတွင် တည်ရှိခဲ့ပြီးဖြစ်သည်။ ထက်-အောက်အဖွဲ့အစည်းဖွဲ့စည်းပုံ၊ နှေးကွေးသော ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်၊ အလွန်အမင်းများပြားသော အဆင့်များနှင့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းတာဝန်ခွဲဝေမှုအဆင့်နိမ့်ပါးခြင်းတို့သည် ရင်းနှီးမြှုပ်နှံသူများအတွက် မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရာ၌ သိသိသာသာ နှေးကွေးလေးလံသွားစေသော အဓိကအကြောင်းအရင်းများ ဖြစ်ကြသည်။

## အကြံပြုချက်များ

အစိုးရဌာနများအနေဖြင့် ရှင်းလင်းသော လုပ်ငန်းစဉ်တစ်ရပ်ကို စီစဉ်ရေးဆွဲခြင်းအားဖြင့် ယင်းတို့၏ ကိုယ်ပိုင် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ခြင်းနှင့် စေ့စပ်သေချာသော ဆန်းစစ်အကဲဖြတ်မှုတစ်ရပ်ကို ဆောင်ရွက် ခြင်းတို့ကို စတင်နိုင်ပါသည်။ သို့မှသာ အချိန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ အလွန်အမင်းကုန်ဆုံးစေသော အဆင့်များကို ဖော်ထုတ်သတ်မှတ် နိုင်ပေမည်။ ဤအဆင့်များကို ဖော်ထုတ်သတ်မှတ်ပြီးသည့် အခါတွင် သက်ဆိုင်ရာလုပ်ငန်းစဉ်ကို အထိရောက်ဆုံးဖြစ်စေရန်အတွက် ယင်းတို့ကို ထိရောက်လွယ်ကူလာအောင် ဆောင်ရွက်နိုင်ပေမည်။

ပိုမိုအကျိုးရှိသော လုပ်ငန်းစဉ်တစ်ရပ်ကို အားပေးမြှင့်တင်ရန်အတွက် အစိုးရဌာနများမှ လုပ်ပိုင်ခွင့်အဆင့် အချို့နှင့် လုပ်ငန်းတာဝန်များ ပေးအပ်ခြင်းတို့အား ပြုလုပ်ပေးရန်ကိုလည်း အကြံပြုလိုပါသည်။

# ပြည်တွင်းလုပ်ငန်းများကို ဦးစားပေးအဆင့် သတ်မှတ်ခြင်း

ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အကာအကွယ်ပေးရန် ကြိုးပမ်းချက်တစ်ရပ်အဖြစ်ဖြင့် ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှု ကြိုးပမ်းချက်များတွင် ပြည်တွင်းကုမ္ပဏီများအပေါ် အထူးဂရုပြုခဲ့ပြီးဖြစ်သည်။ ပြည်ပစီးပွားရေး လုပ်ငန်းများမှာမူ ယနေ့အချိန်အထိ တင်းကြပ်သော ကုန်သွယ်ခွင့်များကဲ့သို့သော ကန့်သတ်မှုများဖြင့် လုပ်ငန်း ဆောင်ရွက်နေရပါသည်။ အခြားဥပမာတစ်ရပ်မှာ ပြည်ပဘဏ်များအား သတ်မှတ်ပေးထားသော ဝန်ဆောင်မှု လုပ်ငန်းအချို့ကိုသာ ဖော်ဆောင်ပေးအပ်စေခြင်းအားဖြင့် ဈေးကွက်အတွင်း လှုပ်ရှားခွင့်ပြုထားပါသည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်အတွက် မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု ယဉ်ပါးသော ရပ်ဝန်းတစ်ရပ်ကို ကမ်းလှမ်းရန်နှင့် တန်းတူလုပ်ကိုင်နိုင်သော အခြေအနေတစ်ရပ်ကို ဖော်ဆောင်ပေးရန် လိုအပ်ပါသည်။ လက်ရှိ အချိန်တွင် စိုက်ပျိုးရေး၊ ဆေးဝါးနှင့် ဆောက်လုပ်ရေးပစ္စည်းများအား ပြည်ပမှတင်သွင်းခွင့်ပြုရန် စဉ်းစား နေခြင်းမှာ တန်းတူလုပ်ကိုင်နိုင်သော အနေအထားတစ်ရပ်ကို ဖြစ်ပေါ်စေမည့် အလွန်ကောင်းမွန်သည့် အပြုသဘောဆောင်သော လှုပ်ရှားမှုဖြစ်ပါသည်။

## အကြံပြုချက်များ

အစိုးရအနေဖြင့် ကုန်သွယ်ခွင့်များကို ခွင့်ပြုခြင်းအားဖြင့် မည်သည့်လုပ်ငန်းကဏ္ဍများသည် မြန်မာ့စီးပွားရေး အပေါ်တွင် အပေါင်းလက္ခဏာဆောင်သော သက်ရောက်မှုများ ရှိစေနိုင်သည်ဆိုသည်ကို ပြန်လည်သုံးသပ်နိုင်ပါသည်။ ဤသို့သော သုံးသပ်ခွင့်ပြုခြင်းများအား အရေးပါမှုအဆင့်နှင့် ဆောင်ကျဉ်းလာနိုင်မည့် အကျိုး သက်ရောက်မှုများအပေါ်အခြေခံကာ ဦးစားပေးအဆင့် သတ်မှတ်ခြင်းအားဖြင့် ဆောင်ရွက်နိုင်ပါသည်။

# အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ လိုအပ်ချက်များ

ဆောင်ရွက်ဆဲ အခြေခံအဆောက်အအုံဖော်ဆောင်မှုများ ရှိနေသော်ငြားလည်း မြောက်မြားလှစွာသော အခြေခံ အဆောက်အအုံ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် ရှိနေသေးသည်။ လျှပ်စစ်ဓာတ်အား ရယူသုံးစွဲနိုင်မှု အပိုင်းတွင် တိုးတက်မှုရှိသော်လည်း ယုံကြည်စိတ်ချရသော လျှပ်စစ်ဓာတ်အား ဖြန့်ဝေမှုမှာ စိုးရိမ်ဖွယ်ကိစ္စရပ် တစ်ခုအဖြစ် ကျန်ရှိနေပါသေးသည်။ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်နိုင်ရန်အတွက် ယုံကြည်စိတ်ချရသော အခြေခံအဆောက်အအုံများကို မဖြစ်မနေလိုအပ်ပါသည်။ သို့မှသာ ပြည်ပရင်းနှီးမြှုပ်နှံသူများမှ ၄င်းတို့၏ ဝန်ဆောင်မှုများကို မြန်မာနိုင်ငံအတွင်း၌ တိုးချဲ့သွားရန် စဉ်းစားပေမည်။

## အကြံပြုချက်များ

အစိုးရအနေဖြင့် အရေးပါမှုအဆင့်နှင့် ဆောင်ကျဉ်းလာမည့် အကျိုးသက်ရောက်မှုများအပေါ်တွင် အခြေခံကာ အခြေခံအဆောက်အအုံ လိုအပ်ချက်များကို ဦးစားပေးအဆင့် သတ်မှတ်နိုင်ပါသည်။ ဒေသတွင်း အခြေခံ အဆောက်အအုံ လွှမ်းခြုံစီမံချက်များအား ရေရှည်အတွက် စီမံကိန်းရေးဆွဲထားသည့် အခြေခံ အဆောက်အအုံ ဖော်ဆောင်မှုလုပ်ငန်းများဖြင့် ပိုမိုဝန်းရံဖော်ဆောင်နိုင်ပါသည်။

# ဆောက်လုပ်ရေး နှင့် အခြေခံ အဆောက်အအုံ

# ၅

# မိတ်ဆက်

EuroCham မြန်မာသည် မြန်မာနိုင်ငံရှိ ဆောက်လုပ်ရေးကဏ္ဍတွင် ဥရောပထိပ်တန်းကုမ္ပဏီကြီးများနှင့်အတူ ပါဝင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း၌ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ ဆိုင်ရာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ကိုဖန်တီးရန် ပူပေါင်းဆောင်ရွက်ခဲ့ကြသည်။ ဤအဖွဲ့သည် အများပြည်သူ ဆိုင်ရာ အဆောက်အအုံများ၊ ကုန်သွယ်ရေးအဆောက်အအုံများ၊ စက်ရုံများနှင့် အထွေထွေ အခြေခံ အဆောက် အအုံစီမံချက်များဖြင့် ပတ်သက်ဆက်နွယ်သူများကို ကိုယ်စားပြုသောအဖွဲ့ဖြစ်သည်။ ဤအဖွဲ့၏ ရည်မှန်းချက်မှာ ရေရှည်တည်တံ့၍ တန်ဖိုးလည်းမျှတပြီး အရည်အသွေးလည်းရှိသော ပုံစံတစ်ရပ်ဖြင့် တိုင်းပြည်ကို တည်ဆောက်ရန် မြန်မာအစိုးရမှ ကြိုးပမ်းရာတွင် အထောက်အကူပြုရန်နှင့် လက်တွေ့ကျသော အကြံပြုချက် များ ဖော်ဆောင်ပေးရန်တို့အတွက်ဖြစ်ပါသည်။ ဤအဖွဲ့သည် ယခုစာတမ်းနှင့်အတူ မြန်မာနိုင်ငံရှိ ကျွန်ုပ်တို့ရည်မှန်းချက်၏ ပထမဆုံးသော အုတ်မြစ်ကို ချမှတ်လိုပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍမှာ စီးပွားရေးကို တိုးတက်စေမည့် အဓိကကျသော မောင်းနှင်အားတစ်ရပ်အဖြစ် ရပ်တည်ကျန်ရှိနေပါသည်။ သို့သော် ကျနစွာစီမံကွပ်ကဲခြင်း သို့မဟုတ် အုပ်ချုပ်ခြင်းမရှိပါက ဤအခြေအနေ သည် အရည်အသွေးနှင့် အရှည်သဖြင့်တည်တံ့မှုဆိုင်ရာ ပြဿနာရပ်များ၊ ပြန်လည်အစားထိုး၍ မရနိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်နေရာများ ဆုံးရှုံးခြင်း၊ လူမှုရေးပြဿနာရပ်များ၊ တိုးတက်မှုဆိုင်ရာ အဖုအထစ်များနှင့် ရံဖန်ရံခါ ကြုံတွေ့ရတတ်သည့် ဆိုးရွားသော မတော်တဆမှုကို ကြုံတွေ့ရစေနိုင်ပါသည်။ မြန်မာအစိုးရမှ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍနှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များအကြား တက်ကြွမှန်ကန်သော ပေါင်းစပ်မှု တစ်ရပ်ကို ဆက်လက်ဖော်ဆောင်ပေးရန်မှာ အရေးပါဆုံးပင် ဖြစ်ပါသည်။

## အရေးကိစ္စဖော်ပြချက် ၁ - ဥပဒေများနှင့် စံချိန်စံညွှန်းများ ဖော်ဆောင်ခြင်း

ဆောက်လုပ်ရေးကဏ္ဍ တဟုန်ထိုး တိုးတက်လာသည့်နှင့်အမျှ ဥပဒေများ၊ နည်းဥပဒေများ (ဒီဇိုင်း၊ ကုန်ကြမ်း ပစ္စည်းများ၊ ဆောက်လုပ်ပုံနည်းလမ်းများနှင့် သက်တမ်းစီမံခန့်ခွဲမှုတို့ဖြင့်ပတ်သက်၍) ဖော်ဆောင်ခြင်းအားဖြင့် ပြည်သူများ၏ ဘေးကင်းလုံခြုံမှုကို ကာကွယ်ရန်မှာ အစိုးရ၏ တာဝန်ဖြစ်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်း ကဏ္ဍ၏ စည်းမျဉ်းစည်းကမ်းများကို ဖော်ပြထားပြီးဖြစ်သည့် နည်းဥပဒေအချို့ကို အသုံးပြုထားပြီး ဖြစ်သော် လည်း ယင်းတို့မှာ လက်တွေ့ဖော်ဆောင်မှုလုပ်ငန်းစဉ်၏ အစောပိုင်းအဆင့်တွင်သာ ရှိနေသေးသည်။ နည်းဥပဒေများကို လက်တွေ့ဖော်ဆောင်ရန် တာဝန်ယူရသည့် မတူကွဲပြားသော ပါဝင်ပတ်သက်သူများ ရှိနေ ယုံမျှသာမက လက်တွေ့ဖော်ဆောင်ရန် အရင်းမြစ်များ မရှိသလောက် နည်းပါးခြင်းတို့သည် သင့်လျော် မှန်ကန်သော ထိန်းချုပ်မှုများကို လက်တွေ့ဖော်ဆောင်ကျင့်သုံးရန် စိန်ခေါ်မှုများကို ကိုယ်စားပြုလျက်ရှိပြီး ညံ့ဖျင်းသော ဘေးကင်းလုံခြုံရေးနှင့် အရည်အသွေးပိုင်းဆိုင်ရာ စံညွှန်းများကို မကြာခဏ တွေ့ရှိရစေသည်။

## အလားအလာရှိသော အကျိုးကျေးဇူးများ

ဆောက်လုပ်ရေးကဏ္ဍတွင် ပိုမိုတင်းကြပ်သော ထိန်းချုပ်မှုများနှင့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် ဥပဒေများနှင့် စံချိန်စံညွှန်းများ လက်တွေ့ဖော်ဆောင်ခြင်းသည် ပြည်သူလူထု၏ ဘေးကင်းလုံခြုံမှုကို အာမခံမှု ရှိစေပါသည်။ ရှင်းလင်းသော လမ်းပြမြေပုံတစ်ရပ်သည် အားလုံးသော အဓိကပတ်သက်သူများအား ဤကဏ္ဍ အတွက် သတ်မှတ်ထားသော ရည်မှန်းချက်များ အောင်မြင်စေမည့် မှန်ကန်သော လမ်းကြောင်းပေါ်၌ ရှိနေစေရန် မလွဲမသွေ အထောက်အကူပြုပေလိမ့်မည်။ ပြဋ္ဌာန်းအသုံးပြုလျက်ရှိသော ဥပဒေများနှင့် စံချိန်စံညွှန်းများဖြင့် ဆိုပါက ဤကဏ္ဍအတွင်းသို့ ဝင်ရောက်မည့် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုမှာလည်း မြင့်တက် လာပေ လိမ့်မည်။

## အကြံပြုချက်များ

ဥပဒေများနှင့် နည်းဥပဒေများ လက်တွေ့ဖော်ဆောင် ခြင်း၏ အရေးပါမှုကို နားလည်သဘောပေါက်ခြင်းသည် သက်ဆိုင်ရာအစိုးရအတွက် လုံလောက်သော အရေးယူ ဆောင်ရွက်မှုများ ပြဋ္ဌာန်းရန်နှင့် ထိရောက်သော ထိန်းချုပ်မှုဆိုင်ရာ ဆောင်ရွက်မှုများကို ကျင့်သုံးခြင်း ကဲ့သို့ပင် အလွန်တရာ အရေးကြီးပါသည်။ အစိုးရ အပေါ်ရှိ ဝန်ထုပ်ဝန်ပိုးများကို လျော့ချရန်အလို့ငှာ အစိုးရမှ ကိုယ်တိုင်ပြဋ္ဌာန်းသော ကျင့်ဝတ်များကို အင်စတီးကျူးရှင်းအတွင်းသို့ အသွင်ပြောင်းသွတ်သွင်းရန် အကြံပြုအပ်ပါသည်။ အစိုးရမှ ထက်-အောက်လုပ်ငန်းစဉ် တစ်ရပ်လုံးတွင် ပါဝင်ဆောင်ရွက်ခြင်းအစား ကိုယ်တိုင်ပြဋ္ဌာန်းသော လုပ်ငန်းစည်းမျဉ်းများမှာ အောင်မြင်လျက်ရှိသည်ကို သက်သေထူခဲ့ပြီးဖြစ်သည့် အခြား နိုင်ငံများကဲ့သို့ပင် ကုမ္ပဏီများမှ ယင်းတို့၏ ကိုယ်ပိုင်စီမံချက်များအတွက် တာဝန်ယူဆောင်ရွက်ကြပါက ဤနည်းလမ်းသည် ပိုမိုထိရောက်အကျိုးရှိသည်ဟု သက်သေထူပေလိမ့်မည်။ ဤသို့သော ဖြစ်ရပ်တစ်ခုတွင် အစိုးရသည် ဤလုပ်ငန်းကဏ္ဍ အတွင်း၌ ရှောင်တခင် ဝင်ရောက်စစ်ဆေးမှုများကို ပြုလုပ်သည့် စိစစ်သူ တစ်ဦးအဖြစ် ဆောင်ရွက်လှုပ်ရှားလေ့ရှိပါသည်။ ကနဦးခြေလှမ်းတစ်ရပ်အဖြစ် ဤဆောက်လုပ်ရေးကဏ္ဍတွင် မည်သည်တို့ကို အောင်မြင်မှုရရှိလိုကြောင်းနှင့် သတ်မှတ်ကာလတစ်ခုခုအတွင်း ရောက်ရှိလိုသည့်နေရာအနေ အထားတို့ကို အကျဉ်းချုပ်ဖော်ပြရန်အတွက် ရှင်းလင်းသော လမ်းပြမြေပုံတစ်ရပ်ကို ဖော်ဆောင်သင့်ပါသည်။ ဤလမ်းပြမြေပုံတွင်

မည်သို့သော အဆောက်အအုံများကို ဖော်ဆောင်သင့်ကြောင်းနှင့် မည်သူတို့မှ တာဝန် ယူသင့်သည်ဆိုသည်ကို အနက်ဖွင့်ဆိုသင့်ယုံမျှမက ရှင်းလင်းသော အသိအမှတ်ပြုစနစ်တစ်ရပ်ကို အကျဉ်းချုံး ဖော်ပြခြင်းများလည်း ပြုလုပ်သင့်ပါသည်။

ကိုယ်တိုင်ပြဋ္ဌာန်းထားသော ကျင့်ထုံးများကို လက်တွေ့ဖော်ဆောင်ခြင်းအားဖြင့် ဥပဒေများနှင့် နည်းဥပဒေများကို လိုက်နာဆောင်ရွက် နေသည့် ဆောက်လုပ်ရေးကုမ္ပဏီများ ပေါ်ထွက်လာခြင်းမျိုးကို ဖြစ်ပေါ်စေသည့် အခြေအနေအား ရှောင်တခင် ဝင်ရောက် စစ်ဆေးခြင်းများနှင့် ရှင်းလင်းသောအသိမှတ်ပြုစနစ်တစ်ရပ်ကို အကျဉ်းချုပ်ဖော်ပြခြင်းအားဖြင့် အားဖြည့်ပေးနိုင်ပါသည်။

## အရေးကိစ္စဖော်ပြချက် ၂ - တိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်အကြား ဟန်ချက်ထိန်းညှိခြင်း

ဖွံ့ဖြိုးတိုးတက်မှုသည် သဘာဝပတ်ဝန်းကျင်အပေါ်တွင် အမြဲတစေ သက်ရောက်မှုရှိတတ်ပါသည်။ အဆောက် အအုံများနှင့် အခြေခံအဆောက်အအုံများ၏ ဒီဇိုင်းများ၊ အသုံးပြုသော ကုန်ကြမ်းပစ္စည်းများနှင့် ဆောက်လုပ်ရေး နည်းစနစ်များတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများနှင့် အကျိုးသက်ရောက်မှုများအတွက် အပြည့် အဝ ထည့်သွင်းစဉ်းစားလေ့မရှိပါ။ လွန်ခဲ့သော လတ်တလောကာလအတွင်း ဆောက်လုပ်ရေးကဏ္ဍ အလျင် အမြန် ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများအပေါ် ဦးစားပေးမှု မရှိသလောက် နည်းပါးခြင်းတို့ကြောင့် ရန်ကုန်မြို့သည် ရှုထောင့်အမျိုးမျိုး၌ အလွန်ဆိုးရွားသော အကျိုးသက်ရောက်မှုများကို ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ ဤသည်တို့ကို ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်ခြင်းမပြုပါက သိသာထင်ရှားသော ပြဿနာရပ်များအဖြစ်သို့ ကြီးထွားလာနိုင်ချေရှိပါသည်။ အဆောက်အအုံများကို အသုံးပြုနေသော သက်တမ်း ကာလအတွင်း လူ့အရင်းအမြစ်နှင့်စွမ်းအင်များ လေလွင့်ဆုံးရှုံးခြင်းများမှာ ဖြစ်နေကျပြဿနာရပ်များ ဖြစ်ပါသည်။

## အလားအလာရှိသော အကျိုးကျေးဇူးများ

တိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်အကြား ဟန်ချက်ထိန်းညှိခြင်းသည် ပြန်လည်ထိန်းသိမ်းပြုပြင်နိုင်သည့် ကောင်းစွာလည်ပတ်နေသော နိုင်ငံတစ်နိုင်ငံကို အနက်ဖွင့်ဆိုသော စရိုက်လက္ခဏာပင် ဖြစ်ပါသည်။ ရာသီဥတု အပြောင်းအလဲများ၊ သဘာဝကပ်ဘေးများဖြင့် ထိလွယ်ရှလွယ်သော နိုင်ငံတစ်နိုင်ငံဖြစ်နေသည့် အနေအထား၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းတရားများကို ထည့်သွင်းတွက်ချက်ခြင်းသည် ညစ်ညမ်းမှု၊ စွမ်းအင်နှင့် သောက်သုံးရေဖူလုံမှုကဲ့သို့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာရပ်များကို တိုက်ဖျက်ခြင်းဆီသို့ ဦးတည်သည့် အခြေခံခြေလှမ်းများ ဖြစ်လာပေလိမ့်မည်။ ဤခြေလှမ်းသည် အဓိကကျသော ထည့်သွင်းစဉ်းစားမှုတစ်ခုဖြစ်သည့် ဂေဟာစနစ်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းမှု၊ လူ့အသိုက်အမြုံ၊ စီးပွားရေးနှင့် ဂေဟာစနစ်တို့ အတွက် ဘုံတန်ဖိုးများဖန်တီးရန်တို့ကို အကျိုးပြုပေလိမ့်မည်။

## အကြံပြုချက်များ

အစိုးရအနေဖြင့် တိုးတက်မှုလိုအပ်ချက်နှင့် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုတို့အကြား ဟန်ချက်ထိန်းညှိ သော ယင်း၏ ကြိုးပမ်းမှုများကို ပိုမို အား ကောင်းအောင် ဆောင်ရွက်သင့်ပါသည်။ ထို့အတူ ပါမစ်ထုတ်ပေးသော အဆင့်တွင် အဆောက်အဦးတစ်လုံး၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုး သက်ရောက်မှုများ (စွမ်းအင် လုံလောက် မှု၊ ကုန်ကြမ်းပစ္စည်းများ ရွေးချယ်မှု၊ ဒီဇိုင်းနှင့် အစရှိသဖြင့် .....) ကိုလည်း ထည့်သွင်းတွက်ချက် သင့်ပါသည်။ မြန်မာအစိုးရမှ ရည်မှန်းချက် ကြီးမားသော အစီအစဉ်များကို ချမှတ်ခဲ့ပြီးဖြစ်သည့်အလျောက် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများနှင့် နည်းစနစ် များဖြင့် သက်ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပြဋ္ဌာန်းရန် အလွန်တရာ အရေးကြီးပါသည်။ သို့မှသာ အရည်အသွေးနှင့် သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုများအကြား အလျော့အတင်း လုပ်နိုင်ပေမည်။ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးမှုသည် စိတ်ကျေနပ်မှုကို ဖြစ်ပေါ်စေပါသည်။ ဤသည်မှာ မြန်မာနိုင်ငံရှိ ဆောက်လုပ်ရေးကျင့်ဝတ်စည်းကမ်းများအတွင်းမှ မြစိမ်းရောင်ဆောက်လုပ်ရေး ကျင့်ဝတ်စည်းကမ်းများကို ရှင်းရှင်းလင်းလင်းရှိစေပြီး ပြည်တွင်း၊ ပြည်ပ စီမံချက်နစ်မျိုးစလုံးအား မြန်မာနိုင်ငံနှင့် နိုင်ငံတကာအတိုင်းအတာအထိ အရည်အချင်းပြည့်မီစေရန် ဆောင်ရွက်နိုင်စေမည့် နိုင်ငံတကာကျင့်ဝတ် စည်းကမ်းများဖြင့် ယင်းတို့ကို ချိတ်ဆက်ခြင်းသည် ဆောင်ရွက်သင့်သော အရေးယူဆောင်ရွက်မှုများအနက်မှ တစ်ခုဖြစ်ပါသည်။ ရှင်းလင်းပြီးသောအခါတွင် ယင်းအား စာတမ်းဖတ်ပွဲ တစ်ရပ်၌ တင်ပြဆွေးနွေးနိုင်ပါသည်။

ပါမစ်ချပေးသောအဆင့်တွင် သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုဆိုင်ရာ ဆန်းစစ်အကဲဖြတ်မှုများကို ထည့်သွင်းခြင်း၊ အသုံးပြုသော ကုန်ကြမ်းပစ္စည်းများ၏ အရည် အသွေးကို စစ်ဆေးခြင်းနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများဖြင့် ကိုက်ညီမှုရှိသော မြစိမ်းရောင် ဆောက်လုပ်ရေးကျင့်ဝတ်စည်းကမ်းများကို စနစ်တကျ တည်ဆောက်ခြင်း တို့အားဖြင့် ဘေးကင်းလုံခြုံမှုနှင့် သဘာဝပတ်ဝန်းကျင်တို့ဖြင့် သက်ဆိုင်သော စီမံချက် များကို မိတ်ဆက်လိုက်ပါ။

## အရေးကိစ္စဖော်ပြချက် ၃ - လွှမ်းခြုံ စီမံချက်ကို အကာကွယ်ပေးခြင်း

မြန်မာနိုင်ငံရှိ မြို့ကြီးများမှာ အလွန်လျင်မြန်စွာ ကြီးထွားလျက်ရှိပြီး ဤအခြေအနေသည် ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များဖြင့် ကိုက်ညီစွာဆောင်ရွက်ရန်၊ အရှည်သဖြင့် တည်တံ့ရန်နှင့် အနာဂတ်အတွက် အကာကွယ်ဖြစ်စေရန် အစဉ်သဖြင့် အလွန်တရာခက်ခဲစေပါသည်။ ယနေ့အချိန်အထိ တစ်ခုချင်းစီအလိုက် ကောင်းကျိုး၊ ဆိုးကျိုးများရှိနေသည့် အမျိုးမျိုးသော ဆောင်ရွက်ဆဲ လွှမ်းခြုံစီမံချက်များ ရှိနေပါသည်။ မည်သည့် စီမံချက်တစ်ရပ် သို့မဟုတ် စီမံချက်များကို ပြင်ဆင်အသုံးပြုမည်ဆိုသည်မှာမူ ရှင်းရှင်းလင်းလင်း မရှိသေးပေ။

## အလားအလာရှိသော အကျိုးကျေးဇူးများ

ပြည်သူလူထုနှင့် ဆောက်လုပ်ရေးကဏ္ဍ၏ အခြေခံလိုအပ်ချက်များဖြင့် ကိုက်ညီသော လွှမ်းခြုံစီမံချက်တစ်ရပ် ဖော်ဆောင်ခြင်းသည် ကွာဟချက်များ ဖြည့်စည်းပေးခြင်းအားဖြင့် ဤကဏ္ဍဖွံ့ဖြိုးတိုးတက်မှုရှိရန် ပိုမို လွယ်ကူစေပါသည်။ ကောင်းစွာဖော်ဆောင်ထားသည့် လွှမ်းခြုံ စီမံချက်တစ်ရပ်နှင့်အတူ ပိုမိုဦးစားပေးခြင်း ခံရမည့် ဤကဏ္ဍ၏ ဦးစားပေးလုပ်ငန်းများကို သတ်မှတ်သွားပေမည်။ ဤဆောင်ရွက်ချက်သည် ဆောက်လုပ်ရေးကဏ္ဍမှ ချီတက်နေသည့် လမ်းကြောင်းကိုလည်း ပုံဖော်ပေးပေလိမ့်မည်။

## အကြံပြုချက်များ

အခြားမြို့များ၏ စံချိန်စံညွှန်းများဖြင့် ကိုက်ညီမှုရှိစေရန်အလို့ငှာ လွှမ်းခြုံစီမံချက်တစ်ရပ် လိုအပ်သည်ကို စည်းရုံးလှုံ့ဆော်ရေးအဖွဲ့မှ တွေ့မြင်သိရှိ ထားပါ သည်။ ဤစီမံချက်သည် ပြည်သူများ၏ အရည် အသွေးနှင့် ဘေးကင်းလုံခြုံမှုကို အကာအကွယ် ပေးနိုင်ပါသည်။ ထို့အတူ စိမ်းလမ်းစိုပြေမှုကိုအလျော့အတင်းမလုပ်စေဘဲပြည်သူလူထု၏အသက်မွေးဝမ်းကြောင်းမှုကိုလည်းအရှည်သဖြင့်ထိန်းသိမ်းနိုင်ပါသေးသည်။ နောက်ထပ် ဆောင်ရွက်ရမည့် အဆင့်တစ်ဆင့်တွင် လွှမ်းခြုံစီမံချက် အသစ်များ ထပ်မံပြုလုပ်ခြင်းအစား လက်ဝယ်ရှိနေသော လွှမ်းခြုံအစီအစဉ်များ အားလုံးကို အကဲဖြတ်သင့် ပါသည်။ တစ်ခုခုကို ရွေးချယ်ပြီးသည့်အခါ လက်တွေ့ဖော်ဆောင်ခြင်းအတွက် ရှင်းလင်းသော လမ်းညွှန်ချက် များကို ချမှတ်ရန်လိုအပ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းများအား လွှမ်းခြုံစီမံချက် ရွေးချယ်ခြင်းဖြင့် သက်ဆိုင်ခြင်း မရှိစေရဘဲ အရည်အသွေးနှင့် အရှည်သဖြင့်တည်တံ့မှုဆိုင်ရာ ရှင်းလင်းသော စံချိန်စံညွှန်းများ အပေါ်တွင် အခြေခံသင့်ပါသည်။ နိမ့်ပါးသော၊ အလယ်အလတ်ရှိသော သို့မဟုတ် မြင့်မားသော ဝင်ငွေရှင်များ အတွက် အိမ်ယာများနှင့် အဆောက်အအုံများဟူ၍ ခွဲခြားခြင်း မရှိစေရပေ။

အရည်အသွေးနှင့် အရှည်သဖြင့် တည်တံ့မှု၊ လူမှုအသိုင်းအဝိုင်းအတွင်းရှိ အလွှာအသီးသီးမှ မြို့ခံများ ပါဝင်မှုတို့အပေါ်တွင် အခြေခံကာ တည်ရှိနေသော လွှမ်းခြုံစီမံချက်များအနက်မှ အလားအလာအရှိဆုံးတစ်ခုကို ရွေးချယ်ရန်

# အရေးကိစ္စ ဖော်ပြချက် ၄ - ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း

မြို့ကြီးများ၏ လျင်မြန်သော တိုးတက်မှုသည် ယဉ်ကျေးမှု အဆောက်အအုံများအတွက် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေလျက်ရှိသည်။ ရန်ကုန်မြို့၏ သမိုင်းဝင်အမွေအနှစ် ထိန်းသိမ်းပြုပြင်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Yangon Heritage Trust) ကဲ့သို့သော အဖွဲ့အစည်းများရှိသော်လည်း ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ကလည်း သဘာဝပတ်ဝန်းကျင်အရ ဆွဲဆောင်မှု ရှိသော နေရာများ၊ ဘာသာရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်နေရာများဖြင့် ပတ်သက်၍ အဖွဲ့၏ စိုးရိမ်ပူပန်မှု များကို မျှဝေအသိပေးလျက်ရှိပါသည်။

သမိုင်းဝင်အမွေအနှစ် အဆောက်အအုံများကို ပြန်လည်ပြုပြင်ထိန်းသိမ်းရာတွင် ဆောက်လုပ်ပြီးစ အဆောက် အအုံ အသစ်များကဲ့သို့ စီးပွားရေးအရတွက်ခြေကိုက်မှုမရှိပါ။ပြုပြင်ထိန်းသိမ်းထားသည့်ထိုအဆောက်အအုံများမှာမကြာခဏဆိုသလိုအဆောက်အအုံအသစ်များ၏ ကျူးကျော်ထိပါးမှုကို ခံနေရသည်။

## အလားအလာရှိသော အကျိုးကျေးဇူးများ

ယဉ်ကျေးမှုအမွေအနှစ်များကို ပြုပြင်ထိန်းသိမ်းရန် ကြိုးပမ်းမှုများ မြင့်တက်လာသည့်အလျောက် ရန်ကုန်မြို့မှာလည်း ယင်း၏ပြည်သူများနှင့် လာရောက်လည်ပတ်သူများအတွက် ပိုမိုဆွဲဆောင်မှုရှိလာပေလိမ့်မည်။ ယဉ်ကျေးမှုအမွေအနှစ်များကို ပြုပြင်ထိန်းသိမ်းရန်အတွက် သာမန်ပြည်သူများကို အားပေးအားမြှောက်ပြုသည့် လုံလောက်သော စနစ်တစ်ရပ်ကို အသုံးပြုခြင်းနှင့်အတူ ဤဆောင်ရွက်ချက်သည် အလွှာအသီးသီး၏ ပါဝင် မှုကြောင့် အားလုံးပါဝင်နိုင်သော လုပ်ငန်းစဉ်တစ်ရပ် ဖြစ်လာနိုင်ပါသည်။

## အကြံပြုချက်များ

မြန်မာ့မြို့ကြီးများ၏ စရိုက်လက္ခဏာကို ပြုပြင်ထိန်းသိမ်း သည့် အစိုးရ၏ လက်ရှိကြိုးပမ်းဆောင်ရွက်မှုများကို ယခုထိုပို၍ အရှိန်မြှင့်တင် ဆောင်ရွက်သင့်ပါသည်။ ထို့အပြင် ကြားဝင်ဆောင်ရွက်ပေးသော တတိယအဖွဲ့ တစ်ဖွဲ့၏ အဓိကပတ်သက်သူများ ပါဝင်ဆောင်ရွက်မှုကို တိုးမြှင့်သင့်ပါသည်။ အစိုးရအနေဖြင့် သမိုင်းအမွေ အနှစ် နေရာများ ပြုပြင်ထိန်းသိမ်းခြင်းတွင် သာမန် ပြည်သူများ တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းကို အားပေးရန်နှင့် ထိုသို့သော ဆောင်ရွက်မှုမှ ၄င်းတို့ အကျိုး ခံစားရစေရန် အစီအစဉ်များကို အားပေးမြှင့်တင်သင့်ပါသည်။အောက်တွင်ဖော်ပြထားသောအကြောင်းအရာများမှာအစိုးရသို့အကြံပြုတင်ပြလိုသည့်အချက်များဖြစ်ပါသည်။

- သမိုင်းဝင်အမွေအနှစ်နေရာအားလုံးကို ပြုပြင်ထိန်းသိမ်းခြင်းဖြင့် အကျိုးဝင်သော အရေးယူဆောင်ရွက်မှု များနှင့် အစီအစဉ်များကို လက်ဆင့်ကမ်းပေးရန်အတွက် အစိုးရ၏ အင်စတီကျူးရှင်းအတွင်းသို့ သွတ်သွင်းရန်။ (အစိုးရအနေဖြင့် နှစ် ၁၀၀ နှင့်အထက် အဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းခြင်းအတွက် အခွန်မက်လုံး စနစ်များကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်းကို အားပေးမြှင့်တင်သည့် စနစ်များ သို့မဟုတ် အစီအစဉ်များကို လက်တွေ့ဖော်ဆောင်သင့်ပါသည်။)

- ဤဖြစ်စဉ်အတွင်းတွင် ပုဂ္ဂလိကကဏ္ဍပါဝင်မှုကို တိုးမြှင့်ရန် (အစိုးရအနေဖြင့် သမိုင်းဝင် အဆောက်အအုံ များကို ထိန်းသိမ်းခြင်းသည် မြို့ခံများ/ပြုပြင်ထိန်းသိမ်းသူများအား အခွန်မက်လုံးများကဲ့သို့သော အကျိုး ကျေးဇူးအချို့ကို ရရှိနိုင်စေသည့် စနစ်များကို မိတ်ဆက်သင့်ပါသည်။)

- သမိုင်းအမွေအနှစ်ဆိုင်ရာ အရေးကိစ္စများဖြင့် ပတ်သက်၍ ပြည်သူလူထုထံ အကြံပေးနိုင်သည့် အစိုးရ အဆောက်အအုံတစ်ခု သို့မဟုတ် အဖွဲ့တစ်ဖွဲ့ ဖော်ဆောင်ဖန်တီးရန်။ ဤအဆောက်အအုံ/အဖွဲ့သည် သမိုင်းဝင် အမွေအနှစ်နေရာများကို ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်ရမည့် လုပ်ငန်းအမျိုးအစားများဖြင့် ပတ်သက်၍ သာမန်ပြည်သူလူထုထံ အကြံပေးသည့် အဓိကအဖွဲ့ဖြစ်သင့်ပါသည်။

စမှတ်တစ်ခုအဖြစ်ဖြင့် အစိုးရအဖွဲ့ (ဥပမာ - "ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ရေးဌာန") အား တစ်နှစ် ကြာသောအချိန်တွင် သမိုင်းဝင်အမွေအနှစ်နေရာများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းကို ကြီးကြပ်ရန်အတွက် ဖွဲ့စည်းထားသင့်ပါသည်။

ပညာရေးအစီအစဉ်များ၊ အခွန်မက်လုံးများနှင့် ထိုအဆောက်အအုံများ၏ ဗိသုကာ၊ တည်ဆောက်ပုံနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းပြုပြင်ရန် ကြိုးပမ်းဆောင်ရွက်သော အစိုးရဘုတ်အဖွဲ့တစ်ဖွဲ့ ထားရှိခြင်းနည်းလမ်းများဖြင့် သမိုင်းဝင် အဆောက်အအုံများကို ကယ်တင်ခြင်းတွင် ပုဂ္ဂလိကနှင့် ပြည်သူပိုင်ကဏ္ဍနှစ်ရပ်စလုံး၏ ပါဝင်မှုကို ထပ်မံအားပေးမြှင့်တင်ရန်။

## အရေးကိစ္စဖော်ပြချက် ၅ - ဆောက်လုပ်ရေးဆိုင်ရာ ဘေးကင်းလုံခြုံမှုကို တင်းကြပ်ခြင်း

ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှာ ပိုမိုကြီးမား ရှုပ်ထွေးလာလျက်ရှိပြီး ဤအခြေအနေမှာ အလုပ်သမားများနှင့် ဒေသန္တရ အသိုင်းအဝိုင်းများအတွက် သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ အန္တရာယ် များ ပိုမိုကြီးမားလာလျက်ရှိသည်ဟု ဆိုလိုခြင်းပင်ဖြစ်သည်။ သင့်တင့်ကောင်းမွန်သော ပြေလျော့ရေးဆိုင်ရာ ဆောင်ရွက်ချက်များမှာ အလွန်အမင်း အကုန်အကျများပြီး အချိန်လည်း ကုန်လွန်းသည်ဟု ဆောက်လုပ်ရေး ကဏ္ဍအတွင်း ပါဝင်ဆောင်ရွက်နေသူများက ရှုမြင်လျက်ရှိသည်။ ဤယဉ်ကျေးမှုကို ပြောင်းလဲရန်အတွက် အစိုးရ၏ ကြားဝင်ဆောင်ရွက်မှုကို လိုအပ်သည်။ မြန်မာအစိုးရမှ ဆောက်လုပ်ရေးလုပ်ငန်းခွင်များရှိ ဘေးကင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို စီမံကွပ်ကဲမည့် ဥပဒေမူကြမ်းတစ်ရပ်ကို ထုတ်ပြန်ထားပြီးဖြစ်သော်လည်း ဤဥပဒေသစ်မှာ မည်မျှ ထိရောက်မှုရှိမည်ဆိုသည်ကိုမူ သိမြင်ရခြင်း မရှိသေးပေ။ ထို့အပြင် ဘေးကင်း လုံခြုံရေးဆိုင်ရာ ပညာရှင်များအတွက် ပညာရေးနှင့် အသိမှတ်ပြုစနစ်များအတွင်းရှိ ပိုမိုနိမ့်ပါးသော စံချိန်စံညွှန်းများမှာ ဤဥပဒေကို လက်တွေ့ဖော်ဆောင်ရန် အန္တရာယ်ဖြစ်ပေါ်စေလျက်ရှိသည်။ ဘေးကင်း လုံခြုံရေး စံသတ်မှတ်ချက်များကို ဖော်ဆောင်ကွပ်ကဲရာတွင် ဦးဆောင်ဦးရွက် ပြုနိုင်သည့် တာဝန်ရှိသော ဝန်ထမ်းများ ပြတ်လပ်နေခြင်းကြောင့်ပင် ဖြစ်ပါသည်။

## အလားအလာရှိသော အကျိုးကျေးဇူးများ

ဆောက်လုပ်ရေးဆိုင်ရာ ဘေးကင်းလုံခြုံမှုကို သေချာစေမည့် အရေးယူဆောင်ရွက်မှုများကို ပိုမိုအားကောင်း လာအောင် ဆောင်ရွက်ခြင်းအားဖြင့် ကုမ္ပဏီ၏ အပေါင်းလက္ခဏာဆောင်သော ပုံရိပ်ကို မြှင့်တင်ရန် အကူအညီ ပေးနိုင်ပါသည်။ ဘေးကင်းလုံခြုံမှုဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာကျင့်သုံးခြင်းသည် နိုင်ငံတကာ စံချိန်စံညွှန်းများဖြင့် ကိုက်ညီသောကြောင့် ပြည်ပဆောက်လုပ်ရေး ကုမ္ပဏီများဖြင့် ညှိနှိုင်း ဆောင်ရွက်ခြင်းများတွင် ပါဝင်ခြင်းကဲ့သို့သော ကုမ္ပဏီများ၏ အနာဂတ်လုပ်ငန်းများအတွက် ထပ်မံအကူအညီ ပြုပေလိမ့်မည်။

## အကြံပြုချက်များ

အစိုးရအနေဖြင့် ဥပဒေသစ်ကို လက်တွေ့ဖော်ဆောင် ခြင်း အပြင် ဘေးကင်းလုံခြုံရေးဝန်ထမ်းများကို မွမ်းမံ သင်ကြားရန်နှင့် စိစစ်အတည်ပြုရန် အဖွဲ့အစည်း တစ်ရပ် ဖန်တီးသော ယင်း၏ ကြိုးပမ်းမှုများကို အရှိန်မြှင့်တင် သင့်ပါသည်။ ဤဆောင်ရွက်မှုသည် အစိုးရအပေါ်ရှိ ဝန်ထုပ်ဝန်ပိုးများကို လျော့ချသည့်ဖြစ်ရပ် ကဲ့သို့သော ကိစ္စမျိုးတွင် ထိရောက်သောအထောက်အကူပြုလုပ်ငန်းစဉ်တစ်ရပ် ဖြစ်နိုင်သည့် ကိုယ်တိုင်ကြီးကြပ် ကွပ်ကဲခြင်းကို ဆောင်ရွက်နိုင်ပေလိမ့်မည်။ ပထမဆုံးအဆင့်အနေဖြင့် ဘေးကင်းလုံခြုံရေးဝန်ထမ်းများအတွက် မွမ်းမံသင်တန်းတစ်ရပ်အား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖော်ဆောင်နိုင်ပေသည်။

ဘေးကင်းလုံခြုံရေးဆိုင်ရာ မွမ်းမံသင်တန်းစနစ်ကို ဖော်ဆောင် ပါ။ ထို့နောက်တွင် ဘေးကင်းလုံခြုံရေးဆိုင်ရာ မွမ်းမံသင်တန်း အဖွဲ့တစ်ရပ်ကို တည်ထောင်ပါ။


# ကော်ပိုရိတ် လူမှုတာဝန်

# မိတ်ဆက်

မကြာသေးမီက တံခါးဖွင့်ပေးခဲ့ပြီး အလွန်လျင်မြန်သော တိုးတက်မှုကို ကြုံတွေ့နေရသည့် ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံအဖြစ် တိုးတက်မှုဆိုင်ရာ နယ်ပယ်ရပ်များနှင့် ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ချက်များမှာ အလွန်တရာ များပြားလှပေသည်။ နိုင်ငံသားများအတွက် ဖူလုံရေးနှင့် အောင်မြင်ကြွယ်ဝမှုတို့ကို ဖော်ဆောင်ပေးရန်မှာ အလွန်တရာကြီးလေးသော လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်ပါသည်။ အလွှာ အသီးသီးမှ အဓိကပါဝင်ပတ်သက်သူများ၏ ပါဝင်ဆောင်ရွက်မှုမှာ အထောက်အကူပြုနိုင်ပေသည်။ လွန်ခဲ့သောနှစ်များတွင် ကော်ပိုရိတ် လူမှုတာဝန် (CSR) အယူအဆကို ဆုပ်ကိုင်ထားသည့် ကော်ပိုရေးရှင်းကြီးများ ဦးဆောင်သော စီးပွားရေးလုပ်ငန်းများ များပြားလာခဲ့ပြီးဖြစ်သည်။ ဤ CSR အယူအဆအား တန်ဖိုးများကို အရှည်သဖြင့် တာဝန်သိသိဖော်ဆောင်ရန် ယင်းတို့၏ ပြဌာန်းချက် များတွင် ပေါင်းစပ်အသုံးပြုခဲ့ကြသည်။

CSR မှာ လူကြိုက်များ၍ ရှုပ်ထွေးသော ဘာသာရပ်တစ်ခုဖြစ်ပါသည်။ လွန်ခဲ့သော နှစ် ၂၀ အတွင်း၌ စီးပွားရေးလုပ်ငန်းများမှ CSR ကို ထည့်သွင်းစဉ်းစားသည့် နည်းလမ်းသည် ရင်သပ်ရှုမောဖွယ် ကောင်းလောက်အောင် တစ်ဆင့်ချင်း ဖွံ့ဖြိုးတိုးတက်လာခဲ့သည် (အောက်ရှိ ဆင့်ကဲဖြစ်စဉ်ကို ကြည့်ပါ)(cf. Scheme below)။ CSR မှာ ဦးစွာအားဖြင့် ဂုဏ်သတင်းအရ အောင်မြင်ဖြစ်ထွန်းလာပြီးနောက် ပရဟိတကြိုးပမ်းမှုများအဖြစ်သို့ ပြောင်းလဲသွားသည်ဆိုပါက လေးစားလိုက်နာမှုများသည်လည်း များမကြာမီတွင် ပေါ်ပေါက်လာခဲ့ ပေမည်။ ရင်းနှီးမြှုပ်နှံသူများနှင့် မူဝါဒချမှတ်သူများအဖို့ စီးပွားရေးအရ ပွင့်လင်းမြင်သာမှု ပိုရှိလာခြင်းမှာ ပိုမိုကောင်းမွန်သော ဆုံးရှုံးနိုင်ခြေအန္တရာယ်များ ထိန်းချုပ်မှု၏ အဓိကျသော အကျိုး ကျေးဇူးတစ်ရပ်နှင့် ပိုမိုမြင့်မားသော တာဝန်သိစိတ် တစ်ရပ်အဖြစ်သို့ အလျင်အမြန် ကူးပြောင်း သွားခဲ့ပေသည်။ ထို့နောက်တွင်မူ CSR မှာ အလားအလာရှိသော အနုတ်သဘောဆောင် အကျိုး သက်ရောက်မှုများကို လျှော့ချရန် နည်းလမ်းတစ်ရပ်ဖြစ်လာခဲ့သည်။ ထို့နောက်တွင် လူသား၊ ကမ္ဘာမြေနှင့် အကျိုးအမြတ်တို့ ပိုမိုဆက်စပ်လာသည့် တတိယလှိုင်းတစ်ရပ် ပေါ်ထွက်လာခဲ့သည်။ ဥပမာအားဖြင့် စွမ်းအင်ချွေတာခြင်းမှာ ကမ္ဘာမြေ၏ အရှည်သဖြင့် တည်တံ့မှုနှင့် လုပ်ရှားဆောင်ရွက်နေသော လုပ်ငန်းတိုင်း၏ အကျိုးအမြတ် နှစ်ရပ်စလုံးအတွက် မရှိမဖြစ်အရေးပါလာသည်။ တန်ဖိုးကွင်းဆက် အတွင်းရှိ ဆုံးရှုံးနိုင်ချေရှိသော အန္တရာယ်များကို ဆန်းစစ်အကဲဖြတ်ခြင်းသည် လုပ်ငန်းအမှတ်တံဆိပ် တစ်ခု သို့မဟုတ် ကုမ္ပဏီတစ်ခု၏ ဂုဏ်သတင်းတို့အတွက် ပိုမိုမြင့်မားသော အန္တရာယ်ကို ကိုယ်စား ပြုသည့် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု နှစ်မျိုးစလုံးကို ပိုမို ကောင်းမွန်စွာ စီမံရန် အထောက်အကူပြုလာခဲ့သည်။ ဆန်းသစ်တီထွင်မှုဖြစ်စဉ်များအတွင်းရှိ CSR ကို တစ်လုံးတစ်စည်းတည်း ဖြစ်စေခြင်းနှင့် ကုမ္ပဏီများ၏ အဓိက ပါဝင်ပတ်သက်သူများကို ထိတွေ့ ဆက်ဆံခြင်းတို့သည် ထပ်တိုးရေရှည်ဘဏ္ဍာငွေများကို ဖော်ဆောင်ပေးသည့် ထုတ်ကုန်သစ်များနှင့် ဝန်ဆောင်မှုဆိုင်ရာ ဒီဇိုင်းများကို ဖြစ်ထွန်းစေခြင်းတို့ပေါ်ပေါက်လာသည်။

## CSR DRIVERS' EVOLUTION




CSR အား လှူရေးတန်းရေးနှင့် ပရဟိတလုပ်ဆောင်သော နည်းလမ်းတစ်ရပ်အဖြစ် မြန်မာနိုင်ငံမှ အဖွဲ့အစည်းအများစုက ရှုမြင်နေဆဲဖြစ်သည်။ သို့ ရာတွင် ရှေ့ဆောင်လမ်းပြဒေသန္တရအဖွဲ့အစည်း အနည်းငယ်မှ ယင်းတို့၏ လုပ်ငန်းစံပုံစံများအတွင်းတွင် CSR ကို ပေါင်းစပ်အသုံးပြုခဲ့ကြပြီး ဖြစ်ကာ ထိုဆောင်ရွက်မှုများ၏ လူ့ အဖွဲ့ အစည်းအပေါ်အကျိုးသက်ရောက်မှုအတွက် ခိုင်ခိုင်မာမာ အသိမှတ်ပြုခံခဲ့ရပြီး ဖြစ်သည်။ ဥပမာအားဖြင့် မြန်မာကုမ္ပဏီတစ်ခုမှ ဓာတုပစ္စည်းမသုံးသည့် သုတ်ဆေးတစ်မျိုးကို ထုတ်လုပ်လျက်ရှိပြီး ယင်းသည် ကုမ္ပဏီ အကျိုးအမြတ်အပိုင်းတွင် အပေါင်းလက္ခဏာပြလျက်ရှိပြီး သဘာဝပတ်ဝန်းကျင် အတွက်သာမက လူအများ၏ ကျန်းမာရေးအတွက်လည်း ပိုမိုကောင်းမွန် နေပါသည်။ လက်လီစတိုးဆိုင် တစ်ဆိုင်မှလည်း မြန်မာလယ်သမားများကို အထောက်အကူပြုရန် အတွက် မြန်မာနိုင်ငံအတွင်းတွင် စိုက်ပျိုးထားသည့်

အော်ဂဲနစ်ထုတ်ကုန်များကို ရောင်းချလျက် ရှိသည်။ မိမိတို့ဝန်ထမ်းများအတွက် ပိုမိုကောင်းမွန်သော ကျန်းမာရေးအာမခံများကို ဖော်ဆောင် ပေးလျက်ရှိသော ကုမ္ပဏီအရေအတွက်မှာလည်း ပိုမိုများပြားလာလျက်ရှိသည်။ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စံသတ်မှတ်ချက်များ ကိုလည်း ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ထည့်သွင်းအသုံးပြုထားပြီးဖြစ်ကာ အခြားသော စီးပွားရေးလုပ်ငန်းကဏ္ဍများတွင်လည်း ပိုမိုအသုံးပြု လာပြီဖြစ်သည်။ ဤသို့သော ကနဦးအစပျိုးမှုများအားလုံးမှာ အပြုသဘောဆောင်သော ဖွံ့ဖြိုး တိုးတက်မှုများ ဖြစ်ကြပြီး CSR သည်လည်း အဖွဲ့အစည်းတိုင်းအား ယင်းတို့၏ စီးပွားရေး လုပ်ငန်းများကို မြန်မာ့အကျိုးစီးပွားနှင့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် အရှည်သဖြင့် တည်တံ့ စေမည့် တာဝန်ယူမှု ပိုရှိစေရေးအတွက် စီမံခန့်ခွဲရာတွင် အကူအညီပြုနိုင်သည် ဆိုခြင်းအပေါ် ရှင်းလင်းစွာ ဖော်ပြလိုက်ခြင်းပင်ဖြစ်သည်။

ဤသို့သော ကျင့်ထုံးကောင်းများအား ယင်းတို့၏ ထိရောက်မှုနှင့် အကျိုးသက်ရောက်မှုအပေါ်တွင် အခြေခံမှသာလျင် ပျံ့နှံ့စေနိုင်သည်ဟု ကျွန်ုပ်တို့အား ယုံကြည်စေခဲ့သော်လည်း ယင်းအား အခြား သူများမှ လက်ခံကျင့်သုံးသည့် မြန်နှုန်းကိုမူ CSR အား ယင်း၏ ပုံသဏ္ဌာန်အစစ်အမှန်အတိုင်း ပြင်ဆင် အသုံးပြုကာ အဖြည့်ခံ ပရဟိတလုပ်ငန်းတစ်ရပ်အဖြစ် မဟုတ်ဘဲ စီးပွားရေး အင်ဂျင်တစ်လုံးအဖြစ် အရပ်ဖက်အာဏာပိုင်များက ပါဝင်ခွင့်ပြုမှသာလျင် တိုးမြှင့်နိုင်ပေလိမ့်မည်။ ဤသို့ ဆောင်ရွက် ခြင်းသည် ကုမ္ပဏီများအပေါ် ယခုထက်ပို၍ အကြွင်းမဲ့အားပေးမြှင့်တင်နိုင်ပြီး တိုင်းပြည်အတွင်းရှိ သာယာမျှတသော စီးပွားရေးတစ်ရပ်၏ ဝန်ဆောင်မှုကဏ္ဍအတွင်းမှ ကွင်းဆက်တုံ့ပြန်မှု တစ်ရပ်ကို ဖန်တီးပေလိမ့်မည်။

၂၀၁၁ ခုနှစ် ထုတ်ပြန်ခဲ့သည့် Harvard Business Review တွင် ပါဝင်သော ပေါ်တာနှင့် ကရာမာ တို့၏ ဆောင်းပါးတစ်ပုဒ်အရ ဘုံတန်ဖိုးဆိုသည်မှာ"ကုမ္ပဏီတစ်ခုမှလုပ်ငန်းဆောင်ရွက်လျက်ရှိသောလူမှုအသိုင်းအဝိုင်းများအတွင်းရှိစီးပွားရေးနှင့်လူမှုအခြေအနေများကို ဆင့်ကဲဆိုသလို တိုးတက်လာစေသည့် ထိုကုမ္ပဏီ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်သည့် မူဝါဒများနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျင့်ထုံးများပင်ဖြစ်သည်။ ဘုံတန်ဖိုး ဖန်တီးမှုသည် လူဘောင်နှင့် စီးပွားရေး တိုးတက်မှုအကြားရှိ ဆက်နွယ်မှုများကို ရှာဖွေအတည်ပြု၊ တိုးချဲ့ခြင်းအပေါ်တွင် အာရုံပြုထားသည်။" ဘုံတန်ဖိုးများ ဖန်တီးခြင်းမှာ စီးပွားရေးလုပ်ငန်းတိုင်း၏ အွန္တိမရည်မှန်းချက် ဖြစ်နိုင်ချေရှိသော အရာအားလုံးပင် ဖြစ်နိုင်ပြီး ဤသည်မှာ ဥရောပကော်မရှင်မှ ဖော်ဆောင်ခဲ့သည့် CSR အနက်ဖွင့်ဆိုချက်၏ အဓိကအစိတ်အပိုင်းများအနက်မှ တစ်ခုဖြစ်သည်မှာ အသေအချာပင် ဖြစ်ပါသည်။ (အောက်ပါရှိ စာကွက် ၁ တွင်ကြည့်ပါ)

EuroCham CSR Advocacy Group မှ ဤအနက်ဖွင့်ချက်ကို အပြည့်အဝ ထောက်ခံ ပေးထားသည်။ ဥရောပကုမ္ပဏီများအနေဖြင့် ခေါင်းစဉ်များစွာကို လွှမ်းခြုံထားသည့် အမျိုးမျိုးသော ဥပဒေများ၊ သတ်မှတ်ချက်များနှင့် စံညွှန်းများကို မဖြစ်မနေ လိုက်နာကြရသည်။ မကြာသေးမီက ဥရောပ ကုမ္ပဏီကြီးများအတွက် ပွင့်လင်းမြင်သာမှုဆိုင်ရာ လိုအပ်ချက်များကို ထပ်မံအားဖြည့်ရန်အတွက် အမိန့်ညွှန်ကြားချက် အသစ်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ (အောက်ပါရှိ စာကွက် ၂ တွင်ကြည့်ပါ)( ဤသည်တို့မှာ အထူးသဖြင့် မြန်မာနိုင်ငံတွင် လုပ်ငန်းလုပ်ကိုင်ရန်အတွက် အဖိုးတန်အရည်အသွေး တစ်ရပ်ဖြစ်ပြီး ပွင့်လင်းမြင်သာမှု၊ လုပ်ငန်းပိုင်ဆိုင်ရာ တာဝန်ယူမှုနှင့် ခိုင်မာသော ကော်ပိုရိတ် အုပ်ချုပ်မှု ကျင့်ထုံးတို့မှာ တောင့်တင်းသော စီးပွားရေးလုပ်ငန်းရပ်ဝန်း တစ်ရပ်အတွက် ငွေကြေးမတည်ပေးမည့် အဓိကအချက်များ ဖြစ်ကြသည်။

သက်ဆိုင်ရာ နိုင်ငံအသီးသီး၏ မတူကွဲပြားသော ယဉ်ကျေးမှု နောက်ခံသမိုင်းကြောင်းတစ်ရပ် ရှိနေခြင်းနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ငြိမ်းချမ်း၊ တည်ငြိမ်၊ အကျိုးရှိသော ဆက်ဆံရေးများ တည်ဆောက်ရန် တွန်းအားတစ်ရပ် ဖြစ်နေခြင်းတို့ကြောင့် ဥရောပကုမ္ပဏီများမှာ ဥရောပတိုက်ရှိ အပြုသဘောဆောင်သော ပြောင်းလဲမှုတစ်ရပ်ကို ဖြစ်ပေါ်စေခြင်းအတွက် အထောက်အကူပြုခဲ့ပြီး ဖြစ်သည်။ စတင်ခါစတွင် အစဉ်သဖြင့် အောင်မြင်ခြင်းမျိုး မရှိသော်လည်း အလုပ်လုပ်နေစဉ် သင်ယူခြင်းဆိုင်ရာ ချဉ်းကပ်မှုတစ်ရပ်ကို ပြင်ဆင်အသုံးပြုသော ကုမ္ပဏီများသည် ယနေ့ကာလတွင် ပိုမိုခိုင်မာလာလျက်ရှိသည်။

မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိကြသော ဥရောပကုမ္ပဏီများသည် အထူးသဖြင့် ယင်းတို့ ၏ CSR စီမံချက်များကို စီမံဆောင်ရွက်ခြင်းအပိုင်းရှိ ယင်းတို့၏ လက်တွေ့အတွေ့အကြုံများနှင့် အသိပညာများကို မျှဝေလွှဲပြောင်းလိုစိတ် ရှိနေကြသည်။ ထို့ကြောင့် ပုဂ္ဂလိက ကဏ္ဍမှ ပြည်တွင်း ကုမ္ပဏီများအနေဖြင့် ကမ္ဘာတစ်လွှားရှိ လုပ်ငန်းကဏ္ဍအမျိုးမျိုး၏ အကောင်းဆုံးသော ကျင့်ထုံးများ အတွင်းသို့ စီးမြောလိုက်ပါခြင်းနှင့် ကြုံလင့်နေသော ဘေးအန္တရာယ်များကို ရှောင်တိမ်းခြင်းတို့အားဖြင့် ဤလုပ်ဆောင်မှုမှ ချက်ခြင်းလက်ငင်း အကျိုးအမြတ် ရရှိနိုင်ပေသည်။

## ဥရောပကော်မရှင်၏ ၂၀၁၁ ခုနှစ်မှ CSR အနက်ဖွင့်ဆိုချက်[1]

၎င်းကော်မရှင်မှ CSR အနက်ဖွင့်ဆိုချက်တစ်ရပ်အား "စီးပွားရေးလုပ်ငန်းများ၏ လူမှုအသိုင်းအဝိုင်းအပေါ် အကျိုးသက်ရောက်မှုများဆိုင်ရာ တာဝန်ရှိမှု" အဖြစ် ဖော်ပြပေးလိုက်သည်။ အကျုံးဝင်သော ဥပဒေပြဋ္ဌာန်းချက်များနှင့် လူမှုရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သူများအကြား ဘုံသဘောတူညီမှုများအတွက် လေးစားသမှုရှိခြင်းသည် ထိုတာဝန်ရှိမှုကို ပြည့်မီစေမည့် ကြိုတင်လိုအပ်ချက်တစ်ရပ်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများ၏ ကော်ပိုရိတ်လူမှုတာဝန်ကို အပြည့်အဝ ဖြည့်စည်းပေးရန်အလို့ငှာ ယင်းတို့အနေဖြင့် လူမှုရေး၊ သဘာဝပတ်ဝန်းကျင်၊ ကျင့်ဝတ်၊ လူ့အခွင့်အရေးများ၊ စားသုံးသူတို့၏ စိုးရိမ်မှုများအား မိမိတို့၏ အဓိက သက်ဆိုင်သူများဖြင့် နီးနီးကပ်ကပ် ညှိနှိုင်းဆောင်ရွက်သည့် လုပ်ငန်းဆောင်ရွက်မှုများနှင့် အဓိကကျသော မဟာဗျူဟာများ အတွင်းသို့ ပေါင်းစပ်သည့် လုပ်ငန်းစဉ်တစ်ရပ်ကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် အသုံးပြုသင့်သည် -

- စီးပွားရေးလုပ်ငန်းများ၏ ပိုင်ရှင်များ/ရှယ်ယာရှင်များ၊ ယင်းတို့၏ အခြားသော အဓိက သက်ဆိုင်သူများနှင့် လူ့ဘောင်တစ်ရပ်အတွင်း မှီတင်းနေထိုင်ကြသော လူများစုအတွက် ဘုံတန်ဖိုးတစ်ရပ် ဖန်တီးခြင်းကို အကောင်းဆုံးဖော်ဆောင်ရန်၊
- စီးပွားရေလုပ်ငန်းများ၏ ကြုံတွေ့ရနိုင်ခြေရှိသော ဆိုးကျိုးသက်ရောက်မှုများကို ဖော်ထုတ်ကာကွယ်လျော့ချရန်။

ဘုံတန်ဖိုးများဖန်တီးခြင်းကို အကောင်းဆုံးဖော်ဆောင်ရန်အတွက် စီးပွားရေးလုပ်ငန်းများအား CSR အတွက် မဟာဗျူဟာမြောက်သော ရေရှည်ချဉ်းကပ်မှုတစ်ရပ်ကို ပြင်ဆင်ဖန်တီးရန်နှင့် လူမှုဖူလုံရေးကို အထောက်အကူပြုရုံမျှသာမက အရည်အသွေးပိုမိုမြင့်မား၍ ထုတ်လုပ်စွမ်းအားအရလည်း ပိုမိုမြင့်မားသော လုပ်ငန်းများသို့ ဦးတည်စေမည့် ဆန်းသစ်တီထွင်မှုရှိသော ထုတ်ကုန်များ၊ ဝန်ဆောင်မှုများနှင့် လုပ်ငန်းစံပုံစံများကို ဖော်ဆောင်ရန်တို့အတွက် အခွင့်အရေးများကို ရှာဖွေရန် အားပေးအားမြှောက်ပြုထားသည်။

စီးပွားရေးလုပ်ငန်းများ၏ကြုံတွေ့ရနိုင်ခြေရှိသော ဆိုးကျိုးသက်ရောက်မှုများကို ဖော်ထုတ်ကာကွယ်လျော့ချရန်အတွက် အထူးသဖြင့်ထိုသို့သောအကျိုးသက်ရောက်မှုများနှင့်ကြုံတွေ့ဖွယ်ရှိသည့်လုပ်ငန်းများအပါအဝင်စီးပွားရေးလုပ်ငန်းကြီးများအား ယင်းတို့၏ ထုတ်လုပ်ဖြန့်ချိမှုကွင်းဆက်မှတစ်ဆင့် စွန့်စားမှုအခြေပြု ဆန်းစစ်အကဲဖြတ်ကို ဆောင်ရွက်ရန် အားပေးအားမြှောက်ပြုထားသည်။



[1] Cf. http://eur-lex.europa.eu/legal-content/EN/TXT/?uri=CELEX:52011DC0681

## ဘဏ္ဍာရေးကိစ္စရပ်မဟုတ်သော အစီအရင်ခံတင်ပြမှုဆိုင်ရာအမိန့်ညွှန်ကြားချက်အပေါ် တွင် အာရုံပြုခြင်း

၂၀၁၆ ခုနှစ်မှစတင်ကာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများရှိ အချို့သော ကုမ္ပဏီများအတွက် ယင်းတို့၏ စီမံခန့်ခွဲရေး အစီရင် ခံစာတွင် ဘဏ္ဍာရေးကိစ္စရပ်ဖြင့် သက်ဆိုင်ခြင်းမရှိသော သတင်းအချက်အလက်များကို အစီအရင်ခံတင်ပြရန် လိုအပ် လာခဲ့သည်။ ၂၀၁၇ ခုနှစ်တွင်မူ ဘဏ္ဍာရေးကိစ္စရပ်များဖြင့် သက်ဆိုင်ခြင်းမရှိသော သတင်းအချက်အလက်များ အသိပေးမှုဆိုင်ရာ ၂၀၁၄/၉၅ အီးယူ အမိန့်ညွှန်ကြားချက်အား[2] ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီအတွက် ဒေသန္တရဥပဒေများအတွင်းသို့ ထည့်သွင်းအသုံးပြုသွားမည်ဖြစ်သည်။ ဘဏ္ဍာရေးကိစ္စရပ်များဖြင့် သက်ဆိုင်ခြင်းမရှိသော သတင်းအချက်အလက်များ အသိပေးမှုဆိုင်ရာ ဤအမိန့်ညွှန်ကြားချက်မှာ အကြီးစား ကုမ္ပဏီအချို့အား အောက်ဖော်ပြပါ သတင်းအချက်အလက်များကို အသိပေးရန် လိုအပ်စေသည့် စာရင်းအင်းအမိန့်ညွှန်ကြားချက်အမှတ် ၂၀၁၃/၂၀၁၄/ အီးယူ ကို ပြင်ဆင်ထားသည်။ ထိုအချက်အလက်များမှာ -

- သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်း၏ လုပ်ငန်းစံပုံစံကို အကျဉ်းချုံးဖော်ပြခြင်း၊
- သဘာဝပတ်ဝန်းကျင် အရေးကိစ္စများ၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ရှုထောင့်များ၊ လူ့အခွင့်အရေးအပေါ် လေးစားမှု၊ အကျင့်ပျက်ချစားမှုနှင့် လာဘ်ပေးလာဘ်ယူ ကိစ္စရပ်များ တိုက်ဖျက်မှု၊ ဒါရိုက်တာအဖွဲ့ဝင်များ အတွင်းရှိ လူမှုရေးဆိုင်ရာ မတူကွဲပြားမှုများဖြင့် ပတ်သက်သည့် မူဝါဒများ၊ ကြုံတွေ့နိုင်ချေရှိသော အန္တရာယ် များနှင့် ရလဒ်များကို အကျဉ်းချုံးဖော်ပြခြင်း၊
- ထိုမူဝါဒါများ၏ ရလဒ်များနှင့်
- လုပ်ငန်းတစ်ရပ်ဖြင့်ဆက်စပ်သည့် ဘဏ္ဍာရေးဖြင့်သက်ဆိုင်ခြင်းမရှိသော အဓိကစွမ်းဆောင်မှု အညွှန်းကိန်းများ

ဤ NFR အမိန့်ညွှန်ကြားချက်သည် မြန်မာနိုင်ငံရှိ ဥရောပကုမ္ပဏီများ၏ ဘဏ္ဍာရေးဖြင့် သက်ဆိုင်ခြင်းမရှိသော အစီ အရင်ခံ တင်ပြမှုများကို ပိုမိုအားကောင်းလာစေမည်ဖြစ်ပြီး ယုံကြည်မှု တည်ဆောက်ခြင်းကိုလည်း သိသိသာသာ အထောက်အကူပြုပေလိမ့်မည်။

## အရေးကိစ္စဖော်ပြချက် ၁

ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှာ ပိုမိုကြီးမား ရှုပ်ထွေးလာလျက်ရှိပြီး ဤအခြေအနေမှာ အလုပ်သမားများနှင့် ဒေသန္တရ အသိုင်းအဝိုင်းများအတွက် သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ အန္တရာယ် များ ပိုမိုကြီးမားလာလျက်ရှိသည်ဟု ဆိုလိုခြင်းပင်ဖြစ်သည်။ သင့်တင့်ကောင်းမွန်သော ပြေလျော့ရေးဆိုင်ရာ ဆောင်ရွက်ချက်များမှာ အလွန်အမင်း အကုန်အကျများပြီး အချိန်လည်း ကုန်လွန်းသည်ဟု ဆောက်လုပ်ရေး ကဏ္ဍအတွင်း ပါဝင်ဆောင်ရွက်နေသူများက ရှုမြင်လျက်ရှိသည်။ ဤယဉ်ကျေးမှုကို ပြောင်းလဲရန်အတွက် အစိုးရ၏ ကြားဝင်ဆောင်ရွက်မှုကို လိုအပ်သည်။ မြန်မာအစိုးရမှ ဆောက်လုပ်ရေးလုပ်ငန်းခွင်များရှိ ဘေးကင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို စီမံကွပ်ကဲမည့် ဥပဒေမူကြမ်းတစ်ရပ်ကို ထုတ်ပြန်ထားပြီးဖြစ်သော်လည်း ဤဥပဒေသစ်မှာ မည်မျှ ထိရောက်မှုရှိမည်ဆိုသည်ကိုမူ သိမြင်ရခြင်း မရှိသေးပေ။ ထို့အပြင် ဘေးကင်း လုံခြုံရေးဆိုင်ရာ ပညာရှင်များအတွက် ပညာရေးနှင့် အသိမှတ်ပြုစနစ်များအတွင်းရှိ ပိုမိုနိမ့်ပါးသော စံချိန်စံညွှန်းများမှာ ဤဥပဒေကို လက်တွေ့ဖော်ဆောင်ရန် အန္တရာယ်ဖြစ်ပေါ်စေလျက်ရှိသည်။ ဘေးကင်း လုံခြုံရေး စံသတ်မှတ်ချက်များကို ဖော်ဆောင်ကွပ်ကဲရာတွင် တာဝန်ရှိသော ဝန်ထမ်းများ ပြတ်လတ် နေခြင်းကြောင့်ပင် ဖြစ်ပါသည်။

## အလားအလာရှိသော အကျိုးကျေးဇူးများ

ရှင်းလင်းတိကျသော အနက်ဖွင့်ဆိုချက်တစ်ရပ်ကို လက်ခံယုံကြည်ထားခြင်းသည် CSR ဆိုင်ရာ ပင်မကဏ္ဍအပေါ် ချိန်ညှိနိုင်ရန် ပထမခြေလှမ်းတစ်ရပ်ပင် ဖြစ်ပါသည်။ ဤအချက်သည် လူမှု အသိုင်းအဝိုင်းအတွက် နစ်နည်းနစ်ဖုံ အထောက်အကူပြုပေလိမ့်မည်။ ပုဂ္ဂလိကနှင့် ပြည်သူပိုင် ကဏ္ဍများမှ CSR ကျင့်ထုံးအားဖြင့် မည်သည်တို့ကို မည်သို့မည်ပုံ ရရှိနိုင်သည်ဆိုသည်အား တိတိပပ သိရှိနိုင်စေလိမ့်မည်။ ဤအခြေအနေအပေါ်တွင် အခြေခံကာ ရှင်းလင်းသော လမ်းပြ မြေပုံတစ်ရပ်အား မြန်မာနိုင်ငံရှိ အောင်မြင်သော CSR ကျင့်ထုံးကောင်းများနှင့် ရေတို၊ရေရှည် အောင်မြင်မှု သမိုင်းမှတ်ကျောက်များတွက် လမ်းခင်းပေးရန် ဖော်ထုတ်ဖန်တီးနိုင်ပေသည်။

[2] Cf. http://eur-lex.europa.eu/legal-content/ENG/TXT/?uri=CELEX%3A32014L0095

ဥရောသမဂ္ဂကော်မရှင်၏အနက်ဖွင့်ဆိုချက်အား ကိုကားချက်တစ်ရပ်အဖြစ်လည်းကောင်း၊ မြန်မာ့ ကိုယ်ပိုင် CSR မူဘောင် အနက်ဖွင့်ဆိုချက်ပါ လုံ့ဆော်အားပေးမှုတစ်ရပ်အဖြစ် လည်းကောင်း အသုံးပြုနိုင်ပေသည်။

## အမြင်သဘောထား

CSR ရည်မှန်းချက်များ၊ အကြောင်းအရာများနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စံပုံစံများကို ပေါင်းစည်းခြင်းမှာ မြန်မာနိုင်ငံရှိ အရှည်သဖြင့်တည်တံ့သည့် တာဝန်ယူမှုရှိသော စီးပွားရေး စံပုံစံများ၏ အနာဂတ်အောင်မြင်မှုကို အမိအရရယူရန် ပထမဆုံး ထည့်သွင်းစဉ်းစားမှုပင် ဖြစ်ပေသည်။ ဥရောပကုမ္ပဏီများမှာ အောက်ဖော်ပြပါ အချက်များကို ဆောင်ရွက်လိုလျက်ရှိပြီး အသင့်ဖြစ်နေပြီဖြစ်သည်။

- ၄င်းတို့၏ အဆင့်တူ လုပ်ဖော်ကိုင်ဖက်များ၊ မြန်မာအာဏာပိုင်များဖြင့် ဤဆွေးနွေး ငြင်းခုံမှုကို ပြုစုပျိုးထောင်မည့် ၄င်းတို့၏ အသိပညာများနှင့် အကောင်းဆုံးသော ကျင့်ထုံး များကို မျှဝေရန်။
- CSR အတွက် လက်တွေ့ကျသော ချဉ်းကပ်မှုတစ်ရပ်ကို အသေးစိတ်ဖော်ပြပေးပြီး စီးပွားရေးလုပ်ငန်းများအတွက်လည်း လက်တွေ့ကျသော လမ်းညွှန်ချက်များ ဖော်ဆောင် ပေးသွားမည့် မြန်မာနိုင်ငံဆိုင်ရာ အသေးစိတ် လမ်းညွှန်မြေပုံ တစ်ရပ်ကို တည်ဆောက်မည့် သက်ဆိုင်ရာ အဓိကပါဝင်ပတ်သက်သူများအားလုံး ပါဝင်ရန်။

> မြန်မာကုမ္ပဏီများ နှင့် တာဝန်ရှိသူများအား CSR ဗဟုသုတဖြန့်ဝေခြင်း အပြင် မြန်မာ့စီးပွားရေးလုပ်ငန်း အတွက် အကောင်းဆုံး လမ်းညွှန်မြေပုံ တစ်ရပ် ဖော်ဆောင်ခြင်း

## အရေးကိစ္စဖော်ပြချက် ၂

ယနေ့အခါတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) သို့ ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များ တင်သွင်းနေသည့် ကုမ္ပဏီများအား CSR သဏ္ဍာန်ဆင် လုပ်ဆောင်ချက်များအတွက် ငွေကြေး ပံ့ပိုးမည့် ယင်းတို့၏ အသုံးစရိတ်ကို ရာခိုင်နှုန်းတစ်ခု ခွဲဝေသတ်မှတ်ရေးအတွက် အားပေးအားမြှောက် ပြုထားသည်။ ယနေ့အချိန်အထိ ဥပဒေကြောင်းအရ ယခုကဲ့သို့ ဆောင်ရွက်ရန် မလိုသော်လည်း နောက်တစ်ချိန်တွင် တရားဥပဒေကြောင်းဆိုင်ရာ ပြဋ္ဌာန်းချက်တစ်ရပ်အဖြစ် တိုးချဲ့လာနိုင်သည်ဟု EuroCham Advocacy Group မှ ထင်မြင်ယူဆထားသည်။ ဤသို့သောအလုပ်မနေရစည်းကမ်းသတ်မှတ်ချက်သည်တန်ပြန်ဆိုးကျိုးတစ်ရပ်အဖြစ်အပြုသဘောဆောင်သောအသွင်ကူးပြောင်းမှုဆိုင်ရာ CSR ရည်မှန်းချက်တစ်ရပ်လုံးကို ကျိန်းသေ ကျရှုံးစေမည့် အခွန်အခဝန်ထုပ်ဝန်ပိုးအသစ်အဖြစ် ပေါ်ပေါက်လာစေလိမ့်မည်။

## အလားအလာရှိသော အကျိုးကျေးဇူးများ

CSR ကျင့်ထုံးများ အလုပ်ဖြစ်စေရန်အတွက် ကုမ္ပဏီအမျိုးမျိုးမှ လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းကဏ္ဍ တစ်ခုချင်းစီနှင့် လုပ်ငန်းစံပုံစံ တစ်ခုချင်းစီအလိုက် အံဝင်ဂွင်ကျ ပြင်ဆင်ရပေမည်။ ယင်းသည် တိတိကျကျ ဖြစ်သင့်ပြီး ယေဘုယျမဆန်သင့်ပေ။ ထို့အတူ ပထမဆုံးနှင့် အရေး အကြီးဆုံးအဖြစ် ကိုင်တွယ်ဖြေရှင်းရမည့် လူမှုအသိုင်းအဝိုင်း၏ လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားရပေမည်။ CSR ကို မလုပ်မနေရ အသုံးစရိတ်တစ်ရပ်အဖြစ် သတ်မှတ် ခြင်းသည် CSR များအား ယင်း၏မူလအယူအဆမှ လုံးဝဥသုံ သွေဖယ်သွားစေလိမ့်မည်။ ဤသတ်မှတ်ချက်သည် ကုမ္ပဏီများအား လုပ်ငန်းကဏ္ဍအရ သို့မဟုတ် စံပုံစံအရ CSR ဆိုင်ရာ သဘာဝ စွမ်းပကားများကို ဖော်ထုတ်ခြင်းမှ အဟန့်အတားပြုနိုင်သောကြောင့်ပင် ဖြစ်သည်။ ထို့အပြင် ဘွင်းဘွင်းရှင်းရှင်း ကျင့်သုံးပါကလည်း ယင်းသည် လုပ်ငန်းစံများအပေါ် ဆိုးကျိုး သက်ရောက်စေခြင်းကိုသော်လည်းကောင်း သို့မဟုတ် စိတ်အားယုတ်လျော့ခြင်း သို့မဟုတ် စိတ်ပျက်ခြင်းများဆီသို့ ဦးတည် သွားစေနိုင်ပေသည်။

## အမြင်သဘောထား

Advocacy Group အနေဖြင့် CSR အား အသုံးစရိတ်၏ ရာနှုန်းတစ်ရပ် သို့မဟုတ် အသားတင် ရလဒ် သို့မဟုတ် အခြားသော ဘဏ္ဍာရေးဆိုင်ရာ တိုင်းတာချက်များအဖြစ် ထည့်သွင်း စဉ်းစားသွားမည့် လုပ်ထုံးလုပ်နည်းတိုင်းကို ရှောင်ရှားနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက် သွားမည်ဖြစ်ပြီး ယင်းအစား အရှည်သဖြင့်တည်တံ့သော ဘုံတန်ဖိုးကို ဖန်တီးမည့် အပြု သဘောဆောင်သော လည်ပတ်မှုကို ခွင့်ပြုမည့် ကြိုးပမ်းဆောင်ရွက်မှုများကို အားပေးအားမြှောက် ပြုသွားပေလိမ့်မည်။

CSR အား အပေါင်းလက္ခဏာ ဆောင်သော ပြောင်းလဲခြင်းနှင့်ရေရှည်တည်တံ့စေသော တူညီသည့်တန်ဖိုးအဖြစ်ဖော်ဆောင်ခြင်း

## အထွေထွေ အမြင်သဘောထားများ

- မြန်မာအစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းများမှ CSR လုပ်ငန်းများဖြင့် ပိုမိုထိတွေ့မှု ရှိလာစေရန် ယင်းတို့ကို အထောက်အကူပြုခြင်းအားဖြင့် ဤဖြစ်စဉ်အတွင်း၌ ပါဝင်သင့်သည်။ CSR အပေါ် စီးပွားရေး ရှေ့ရှုသော ချဉ်းကပ်မှုတစ်ရပ်ဖြင့် ပတ်သက်သည့် သိမြင်နိုးကြားမှုနှင့် အသိပညာများကို မြှင့်တင်ပေးခြင်းအား ကမ်းပိန်းလှုပ်ရှားမှုများမှ တစ်ဆင့် ပိုမိုအားကောင်း လာအောင် ဆောင်ရွက်ပေးနိုင်ပေသည်။ အကြံပြုဆွေးနွေးမှုများနှင့် ညှိနှိုင်းဆွေးနွေးပွဲ များကလည်း စီးပွားရေးလုပ်ငန်းများအတွက် မြောက်များလှစွာသော CSR ကျင့်ထုံးများနှင့် အယူအဆများအကြောင်း လက်တွေ့သင်ယူမှုများကို ဖော်ဆောင်ပေးနိုင်သည်။ အစိုးရအတွင်း (ဥပမာ - သက်ဆိုင်ရာ ဝန်ကြီးဌာတစ်ရပ်အောက်တွင်) အထူးအဖွဲ့တစ်ဖွဲ့ ဖန်တီးထားခြင်းသည် ကောင်းမွန်သောကျင့်ထုံးများကို မျှဝေရန် လွယ်ကူစေသည့်အပြင် တာဝန်ယူမှု ပုံသဏ္ဍာန် တစ်ရပ်ကိုလည်း အသေအချာ ရရှိစေလိမ့်မည်။ ယင်းသည် CSR များကို ပြင်ဆင်အသုံးပြုရန်နှင့် သင့်လျော်မှန်ကန်သော လက်တွေ့ဖော်ဆောင်ရန်တို့ကို မျက်ခြေမပြတ်စေရန်အတွက်လည်း အကူအညီ ဖြစ်စေနိုင်ပါသည်။
- CSR လှုပ်ရှားမှုများ၏ ကောင်းမွန်သော ကော်ပိုရိတ် စီမံအုပ်ချုပ်ရေးကို အားပေးမြှင့်တင်ခြင်း သည်လည်း CSR အကျိုးသက်ရောက်မှုများကို အစွမ်းကုန်မြှင့်တင်နိုင်စွမ်းရှိသော ဆောင်ရွက်မှု တစ်ရပ်ဖြစ်သည်။ ယင်းတွင် လေးစားလိုက်နာမှု၊ ပွင့်လင်းမြင်သာမှုနှင့် အကျိုးရှိသော ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်များ ပါဝင်စေရမည်။ မြန်မာအစိုးရကလည်း ဤလိုအပ်ချက်ကို ရရှိစေရန် အဓိကကျသော ရည်မှန်းချက်ပန်းတိုင်များကို ဖန်တီးမည့် လမ်းပြမြေပုံတစ်ရပ်ကို မူကြမ်းရေးဆွဲလိုဖွယ်ရှိသည်။ CSR သည် ကုမ္ပဏီများအား ဦးစွာအားဖြင့် ရည်ရွယ်ချက် ထားရှိ စေရန်နှင့် ဒုတိယအဆင့်အားဖြင့် CSR မဟာဗျူဟာများကို လက်တွေ့ဆောင်ရွက်လာစေရန် အကူအညီပေးနိုင်သည်။
- Advocacy Group အနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ CSR ဆောင်ရွက်မှုများတွင် ထိတွေ့ဆက်ဆံ နေပြီဖြစ်သည့် ယင်း၏ အဖွဲ့ဝင်များဖြစ်ကြသည့် ဥရောပကုမ္ပဏီများအား ယင်းတို့၏ တိုးတက်မှုနှင့် ရလဒ်များကို တစ်နှစ်ချင်း အစီအရင်ခံတင်ပြရန် အားပေးအားမြှောက် ပြုသွား ပေမည်။ ထို့အပြင် မြန်မာ့စီးပွားရေးလောကအတွင်းမှ ခေါင်းဆောင်များနှင့် မူဝါဒချမှတ်သူများဖြင့် အဖွဲ့၏ အတွေ့အကြုံများကို မျှဝေပေးရန် အဖွဲ့၏ အဓိက ပါဝင်ပတ်သက်သူများဖြင့် တက်ကြွသော ထိတွေ့ဆက်ဆံမှုရှိစေရန်လည်း အသေအချာ ဆောင်ရွက်သွားပေလိမ့်မည်။
- ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင် ကဏ္ဍများအကြားရှိ တင်းကြပ်သော ညှိနှိုင်းဆောင်ရွက်မှု တစ်ရပ်မှာ CSR များက အဓိကပါဝင် ပတ်သက်သူများအားလုံးသို့ မျှော်မှန်းထားသော တန်ဖိုးများ ဖော်ဆောင်ပေးအပ်ရေး သေချာစေမည့် ကြိုတင်လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ယင်းသည် ၄င်းတို့ အကြားတွင် ချိတ်ဆက်မှုများနှင့် စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရပ်လမ်းများကို ဖန်တီး ပေးသောကြောင့်ပင်ဖြစ်သည်။ ဤဆောင်ရွက်ချက်သည် ဤညှိနှိုင်းဆောင်ရွက်မှုကို ပိုမို အားကောင်း လာစေနိုင်သော အပြန်အလှန်ဆွေးနွေးမှုတစ်ရပ်ကို ဖော်ဆောင်ပေးသွားမည်ဖြစ်ပြီး မြန်မာအာဏာပိုင်များနှင့် ဥရောပကုမ္ပဏီများအကြားတွင်လည်း အကျိုးရှိသော လုပ်ငန်းရပ်ဝန်း တစ်ရပ်ကို ဖန်တီးပေးပေလိမ့်မည်။



အစိုးရနှင့် ပုဂ္ဂလိက လုပ်ငန်းများအား အတူတကွ ပူးပေါင်းဆောက်ရွက်ပြီး CSR အားလုပ်ငန်းအတွက် မရှိမဖြစ်လိုအပ်သော အရာအဖြစ် ကျယ်ပြန့်စွာ လက်ခံအသုံးပြုခြင်း

Advocacy Group အနေဖြင့် အဆင့်သတ်မှတ်ပေးထားသည့် ဦးစားပေး နယ်ပယ်ရပ်စာရင်းကို ဖော်ထုတ်ပေးသွားမည်ဖြစ်ပြီး ဤသို့ဆောင်ရွက်ရခြင်းမှာ မြန်မာနိုင်ငံအတွက် အမြင့်ဆုံးသော အကျိုးသက်ရောက်မှုကို ရရှိစေရန် ကြိုးပမ်းအားထုတ်ခြင်းပင် ဖြစ်ပါသည်။ Advocacy Group တွင် မတူကွဲပြားစုံလင်သည့် ဥရောပကုမ္ပဏီများ၊ ကျွမ်းကျင့်မှု အဆင့်အတန်း အမျိုးမျိုးကို ပိုင်ဆိုင်ထားသော စက်မှုလုပ်ငန်းများ ပါဝင်ပါသည်။ မိမိတို့အဖွဲ့သည် ဤအကြောင်းတရား အတွက် ရွေးချယ်ထားသော နယ်ပယ်ရပ်တိုင်းရှိ ယင်း၏အားသာချက်များကို အရှိန်မြှင့်တင် ပေးနိုင်ပေလိမ့်မည်။ ထို့အပြင် အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်ဖြင့် နီးကပ်စွာ အလုပ်လုပ်ရန်လည်း ကြိုးပမ်းသွားပေလိမ့်မည်။

နိဂုံးချုပ်အားဖြင့် ဤအဖွဲ့သည် ကနဦးသတ်မှတ်ခဲ့သော ရည်မှန်းချက်များနှင့်အပြိုင် လျင်မြန် ခိုင်မာသော ရလဒ်များကို ဖော်ဆောင်ရန် ကြိုးပမ်းခြင်းတွင် ပုဂ္ဂလိကကဏ္ဍပါဝင်အားဖြင့် အလားအလာရှိသော စုပေါင်းညှိနိုင်းဆောင်ရွက်မှုအကျိုးရလဒ်များအားလုံးကို အရှိန်မြှင့်တင် ဖော်ဆောင်သွားပါမည်။

# စွမ်းအင်

၇

# မိတ်ဆက်

ဆယ်စုနှစ်နှင့်ချီ၍ သက်တမ်းရှိနေပြီဖြစ်သည့် အခြေခံအဆောက်အအုံများကို ပိုင်ဆိုင်ထားသော မြန်မာနိုင်ငံမှာ တိုင်းပြည်စီးပွားရေးကို ပြန်လည်ပုံဖော်ခြင်း၊ သန်းနှင့်ချီသော နိုင်ငံသားများအတွက် အလုပ်အကိုင်များ ဖန်တီးခြင်းနှင့် ပိုမိုနိုင်မာတောင့်တင်းသော မြန်မာပြည်သစ်ကို တစ်ဖြည်းဖြည်းခြင်း တည်ဆောက်ခြင်းတို့ အတွက် အချိန်လု၍ ဆောင်ရွက်နေရသည်နှင့်အမျှ စွမ်းအင်အလွန်အမင်း လိုအပ်လျက်ရှိပါသည်။ သို့သော် ၂၀၁၆ ခုနှစ်တွင် ကမ္ဘာ့ဘဏ်မှ ထုတ်ဝေခဲ့သည့် "အားထုတ်ကြိုးပမ်းနေသောမြန်မာ - အားလုံးအတွက် အရှည်သဖြင့်တည်တံ့သော စွမ်းအင်ရယူသုံးစွဲနိုင်မှုကို တိုးမြှင့်ခြင်း" ဟူသော အစီအရင်ခံစာတွင် လူဦးရေ၏ သုံးပုံနှစ်ပုံခန့်အတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ကွန်ယက်များဖြင့် ချိတ်ဆက်ထားခြင်း မရှိသေးသည်ကို ဖော်ပြထားသည်။[1] စွမ်းအင်လိုအပ်ချက် တိုးမြင့်လာပြီး စွမ်းအုပ်ထုတ်လုပ်ရန် လေ၊ နေ၊ ရေအားနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့သော နှစ်လိုဖွယ် ရေမြေပထဝီအနေအထားကို ပိုင်ဆိုင်ထားသော်လည်း စွမ်းအင်လုပ်ငန်းကဏ္ဍရှိ ဖွံ့ဖြိုးတိုးတက်မှုမှာ ကျယ်ပြန့်လာလျက်ရှိသော မြန်မာ့စီးပွားရေးကို ကျောထောက်နောက်ခံ ပြုရန် မလုံလောက်သေးသကဲ့သို့ လျင်မြန်စွာ ကြီးထွားလာနေသော အများပြည်သူမျှော်လင့်ချက်ဖြင့်လည်း ကိုက်ညီမှု မရှိသေးပေ။ စွမ်းအင်လုံခြုံမှုရှိရေးမှာ ၂၀၁၂ ခုနှစ်ကတည်းက ချမှတ်ခဲ့သည့် လှုပ်ရှားမှုတစ်ရပ် ဖြစ်သော ပိုမိုကျယ်ပြန့်သည့် လုပ်ငန်းကဏ္ဍစုံ ပြုပြင်ပြောင်းလဲမှု တစ်ရပ်၏ မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ရပ်ဖြစ်နေခြင်းနှင့် စွမ်းအင်ထောက်ပံ့မှု မလုံလောက်ခြင်း၏ ရေရှည်ဆိုးကျိုးများကို အစော တလျင် လျော့ချရန် နားလည်သဘောပေါက်သောအားဖြင့် မြန်မာအစိုးရမှ အလွန်ကြီးမားသော စီမံချက်တစ်ရပ် ဖြစ်သည့် အမျိုးသားအဆင့် လျှပ်စစ်ဓာတ်သုံးစနစ်သို့ ကူးပြောင်းခြင်းဆိုင်ရာ အစီအစဉ်တစ်ရပ်ကို တာဝန်ယူ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ဤအစီအစဉ်မှာ ၂၀၃၀ ခုနှစ်မတိုင်မီတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရန် ထားရှိသည့် ကြီးမားသော ရည်မှန်းချက်ပင် ဖြစ်ပေသည်။

ထို့အပြင် ကမ္ဘာမြေပူနွေးလာမှု၏ လက်တွေ့အခြေအနေကို တဖြည်းဖြည်းချင်း နားလည်လာသည်နှင့်အမျှ မြန်မာ နိုင်ငံအပေါ် သက်ရောက်လာမည့် ဤအရေးကိစ္စ၏ အနှုတ်သဘောဆောင်သော အကျိုးကိုလည်း လစ်လျူရှုရန် မဖြစ်နိုင်တော့ပေ။ ၂၀၁၆ ခုနှစ် ရာသီဥတုအန္တရာယ်အညွှန်းတွင် ရာသီဥတုအပြောင်းအလဲ၏ နစ်လိုဖွယ် မရှိသော အကျိုးဆက်များကို ရင်ဆိုင်နေရသည့် နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံအား ဒုတိယအဆင့်တွင် ထည့်သွင်းထားသည်။[2] အနာဂတ်ကာလတွင်ကျင့်သုံးမည့် စွမ်းအင်မူဝါဒများတွင် သဘာဝပတ်ဝန်းကျင် ဖိအားများကို ပေါင်းစပ်ရန်နှင့် စွမ်းအင်အသွင်ကူးပြောင်းမှုကြောင့် ပေါ်ပေါက်လာမည့် အခွင့်အလမ်းသစ်များမှ အကျိုးခံစားနိုင်ရန်မှာ အရေးကြီးလှပေသည်။

ထို့ကြောင့် မြန်မာနိုင်ငံမှာ ယခုအခါတွင် စွမ်းအင်လုံခြုံမှုကို ရရှိရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေး ကြိုးပမ်းချက်များကို အားပေးမြှင့်တင်ခြင်း၏ လမ်းလေးဂွစုံတစ်ခုတွင် ရောက်ရှိနေသည်။ ဤအခြေအနေတွင် အောင်မြင်မှုရရှိရန်အတွက် ကြိုးပမ်းအားထုတ်မှုရှိသည့် ထိရောက်လွယ်ကူသော ချဉ်းကပ်မှုတစ်ရပ်အား အစိုးရမှ အသုံးပြုရန် လိုအပ်သည်ဆိုသည်အား EuroCham စွမ်းအင်ဆိုင်ရာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့က နားလည်သဘောပေါက်ပါသည်။ ထို့အပြင် မြန်မာလူထုအတွက် လူသူမရွေး လျှပ်စစ်စွမ်းအင်သုံးစွဲနိုင်ရန် ရည်ရွယ်သည့် ရည်မှန်းချက်ကြီးမားသော ဤကြိုးပမ်းမှုတွင် ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ဆောင်ရွက်မှုမှာ မြန်မာအစိုးရဘက်မှ ကျိုးပမ်းမှုများနှင့်အတူ လက်တွဲဆောက်ရွက်သွားမည့် မရှိမဖြစ် လိုအပ်သော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ကို လည်း နားလည်သဘောပေါက်ထားပါသည်။ သတိပြုရမည့် အခြားအချက်တစ်ချက်မှာ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍမှာ ဤနိုင်ငံအတွင်းရှိ အကြီးဆုံးသော အခွန်ထမ်းနှင့် အလုပ်ရှင်ဖြစ်နေခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် စွမ်းအင်ဆိုင်ရာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့အနေဖြင့် ကြောင်းကျိုးသင့်လျော်၍ လက်တွေ့လည်း ကျသော အကြံပြုချက်များအား တင်ပြဆွေးနွေးရန်လိုအပ်ပါသည်။ ဤအကြံပြုချက်များသည် မြန်မာနိုင်ငံ၏ စွမ်းအင် အလားအလာအပြည့်အဝကိုရရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကူအညီပေးနိုင်မည်ဟုလည်း မျှော်လင့်မိပါသည်။

[1]http://documents.worldbank.org/curated/en/938301468186274141/Energizing-Myanmar-enhancing-access-to-sustainable-energy-for-all
[2] https://germanwatch.org/fr/download/13503.pdf
[3]https://www.adb.org/sites/default/files/institutional-document/33719/files/myanmar-energy-sector-assessment.pdf

## အရေးကိစ္စဖော်ပြချက် ၁ - စွမ်းအင်ဆက်စပ် ဝန်ကြီးဌာနများနှင့် ဝန်ကြီးဌာနများ၊ စွမ်းအင်ကုမ္ပဏီများအကြားတွင် ညှိနှိုင်း ဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာရန် လိုအပ်ချက်။

ဤကဏ္ဍတွင် အဓိကပါဝင်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနသုံးရပ်ဖြစ်သော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ကြီးဌာနတို့အကြားတွင် ဆက်သွယ်ဆောင်ရွက်ရေး လုပ်ငန်းစဉ်မှာ ရှည်လျားကြာမြင့်လှပေသည်။ မလိုအပ်ဘဲ ထပ်ခါထပ်ခါဆောင်ရွက်နေရသော အဆင့်များလည်း ပေါများလှပါသည်။ အတည်ပြုရေးနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ဖြင့် ပတ်သက်၍ ဤဝန်ကြီးဌာနများတွင် တစ်ခုနှင့်တစ်ခု အကြား ဒွိဟဖြစ်နေသော စံချိန်စံညွှန်းများနှင့် စည်းကမ်းသတ်မှတ်ချက်များ ရှိနေပါသည်။ အကျိုးဆက်အဖြစ် အဓိကကျသော ဝန်ကြီးဌာနများမှ သတ်မှတ်သည့် အမျိုးမျိုးသော စည်းကမ်းသတ်မှတ်ချက်များ၊ ဝိရောဓိ ဖြစ်နေသော ဥပဒေများနှင့် နည်းဥပဒေများမှာ ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဆန္ဒသဘောထားများကို အဟန့်အတားဖြစ်စေပြီး တင်ဒါတင်ခြင်းနှင့် စီမံချက်များ အဆုံးသတ်ခြင်းတို့တွင် နှောင့်နှေးကြန့်ကြာမှုများကို ပေါ်ပေါက်စေလျက်ရှိပါသည်။ မြန်မာနိုင်ငံရှိ စွမ်းအင်စီမံချက်များတွင် လုပ်ကိုင်နေသည့် နိုင်ငံတကာ ကော်ပိုရေးရှင်းများသည် ရှုပ်ထွေးသော နည်းဥပဒေများကို ဖြတ်ကျော်ရန်နှင့် ထို့နောက်တွင် သက်ဆိုင်ရာ အတည်ပြုချက်များနှင့် ခွင့်ပြုချက်များအား အစိုးရဌာနအမျိုးမျိုးမှ ရရှိရန်၊ လျှပ်စစ်စွမ်းအင် ဝန်ကြီးဌာနမှ တစ်ဆင့် အစဉ်သဖြင့် ပို့ဆောင်ရန်တို့အတွက် အချိန်များစွာ မဖြစ်မနေ အသုံးပြုရလျက်ရှိပြီး စီမံချက်များအတွက် အသုံးပြုရသည့် ဝန်ထုပ်ဝန်ပိုးတစ်ရပ်ကို ပေါ်ပေါက်စေပါသည်။ ဤအခြေအနေ အောက်တွင်ပင် ပုဂ္ဂလိကကုမ္ပဏီများ၌ ယင်းတို့၏ အမြင်သဘောထားများကို ထိရောက်စွာ ဆက်သွယ် ပြောဆိုရန်နှင့် စီမံချက်များကို အချိန်မီပြီးစီးရန်အတွက် မည်သို့မည်ပုံ ပိုကောင်းစေမည် ဆိုသည်နှင့် မည်သို့မည်ပုံ အတူတကွ အလုပ်လုပ်မည်ဆိုသည်တို့ကို အဆိုပြုတင်ပြရန် မူဘောင်များနှင့် လမ်းကြောင်းများလည်း အနည်းငယ်သာရှိနေသော အခြေအနေကို ထပ်မံကြုံတွေ့ရစေပါသည်။

## အလားအလာရှိသော အကျိုးကျေးဇူးများ

- ဝန်ကြီးဌာနများအကြားတွင်သာမက ကုမ္ပဏီများဖြင့် ပိုမိုကောင်းမွန်စွာ ညှိနှိုင်းဆောင်ရွက်ခြင်းသည် လက်ရှိကာလနှင့် အနာဂတ်စီမံချက်များရှိ နှောင့်နှေးကြန့်ကြာမှုများကို လျော့ချပေးပေလိမ့်မည်။ ထို့အပြင် ပိုမိုလျင်မြန်စွာ ဖော်ဆောင်ပေးသော စီမံချက်များသည် အလျင်အမြန် ဖွံ့ဖြိုးတိုးတက် လာစေရန်အတွက် ဤလုပ်ငန်းကဏ္ဍကို အဆင့်မြှင့်တင်ပေးပေလိမ့်မည် (အထူးစီးပွားရေးဇုံများတွင်သာ မဟုတ်ပေ)။

- အစိုးရအဆင့်အားလုံးသို့ တိုက်ရိုက်အကြံပြုနိုင်စေရန်နှင့် ဝန်ကြီးဌာနတစ်ရပ်ခြင်းစီ၏ အခန်းကဏ္ဍများ၊ တာဝန်များ၊ စံချိန်စံညွှန်းများနှင့် ကုမ္ပဏီများအတွက် ပလက်ဖောင်းတစ်ခု ရှိနေသောအခါတွင် ပြည်ပ ကုမ္ပဏီများအား စွမ်းအင်ရှာဖွေရေး၊ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေး နယ်ပယ်များရှိ ယင်းတို့၏ ကျွမ်းကျင်မှုအရည်သွေးများနှင့် နည်းပညာများဖြင့် မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများကို အထောက်အကူပေးရန် ပိုမိုလွယ်ကူစေပေလိမ့်မည်။

## အကြံပြုချက်များ

- ပထမအဆင့်အဖြစ် ဝန်ကြီးဌာနသုံးခုနှင့် အခြားဆက်စပ်ဌာနများမှ ပုံမှန်အစည်းအဝေးများနှင့် ဆွေးနွေးမှုများကို ကျင်းပသင့်ပါသည်။ တိုင်းပြည်အတွင်း၌ လုပ်ငန်းဆောင်ရွက်နေသော စွမ်းအင်ကုမ္ပဏီများမှ ကြုံတွေ့နေရသည့် အဓိကကျသော အဟန့်အတားများကို ကိုင်တွယ်ဖြေရှင်းရန် အလေးထားသောအားဖြင့် ထိရောက်သော ဌာနတွင်းခွင့်ပြုမှုအဆင့်သစ်များပါရှိသည့် ထိရောက်ရိုးရှင်းသော လုပ်ထုံးလုပ်နည်းများအတွက် လုပ်ငန်းများစတင်ရန် ဖြစ်ပါသည်။ အစည်းအဝေးများနှင့် ဆွေးနွေးပွဲများတွင် အစိုးရအဆင့်ဆင့်မှ အာဏာပိုင်များနှင့် ဝန်ထမ်းများပါဝင်မှုကို အတတ်နိုင်ဆုံး ဆောင်ရွက်ရန် အကြံပြုအပ်ပါသည်။ ပုဂ္ဂလိက ကုမ္ပဏီများ ပါဝင်ရန်လည်း ကျွန်ုပ်တို့အကြံပြုလိုပါသည်။ သို့မှသာ ပုဂ္ဂလိကကဏ္ဍမှ အဓိက ပါဝင်ပတ်သက်သူများ၏ အမြင်သဘောထားများကို အကောင်းဆုံးအနေအထားဖြင့် နားလည်သဘောပေါက်နိုင်ပေမည်။

- ထို့နောက်တွင် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ စွမ်းအင်ဆက်စပ်ကိစ္စရပ်များကို သဘောပေါက် နားလည်မှုတိုးမြှင့်ရန် ရည်ရွယ်ကာ အခြားသောဝန်ကြီးဌာနများ၏ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်း သတ်မှတ်ချက်များနှင့် အသိပညာနယ်ပယ်များအကြောင်းကို စွမ်းအင်ဝန်ထမ်းများအတွက် မွမ်းမံ သင်တန်းများပေးအပ်ခြင်းကို ဖြည့်စွက်ဆောင်ရွက်ချက်တစ်ရပ်အဖြစ် စီစဉ်ရန်။

- အနာဂတ်ကာလတွင် စီမံချက်ဖော်ဆောင်မှု နှောင်းနေးခြင်းများကို လျော့ချရန်အတွက် အစိုးရအနေဖြင့် အတိုင်းအတာ ဆင်တူသော စီမံချက်များကို ကြီးကြပ်စီမံရန် အထူးတာဝန်ပေးအပ်ထားသော ကော်မတီ များကို ဖွဲ့စည်းသင့်ပါသည်။ ကောင်းစွာဖွဲ့စည်းပေးထားသော ကော်မတီများအပြင် ပုဂ္ဂလိကနှင့် ပြည်သူပိုင် ကဏ္ဍနှစ်ရပ်စလုံးမှ အဖွဲ့ဝင်များကို အတူတကွ ပါဝင်နိုင်စေရန်လည်း ရည်ရွယ်သင့်ပါသည်။

ထိရောက်အဆင်ပြေ ချောမွေ့စေသော လုပ်ထုံးလုပ်နည်းများ၊ မှတ်ချက်များ ပေးအပ်နိုင်စွမ်းရှိသည့် အနေအထားများသို့ ရောက်ရှိ စေမည့် အားလုံးပါဝင်နိုင်သော အစည်းအဝေးများနှင့် ဆွေးနွေး းပွဲများ ကျင်းပရန်၊ အစိုးရအရာရှိများအတွက် ပုံမှန်မွမ်းမံသင်တန်း များ ပါဝင်သည့် ပိုမိုကောင်းမွန်သော ညှိနှိုင်းဆောင်ရွက်မှုကို အရှည်သဖြင့် ထိန်းသိမ်းရန်နှင့် ထပ်မံအားဖြည့်ရန်

## အရေးကိစ္စဖော်ပြချက် ၂ - ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပြောင်းလဲနေသော ပတ်ဝန်းကျင်နှင့် အချိန်ကိုက် လုပ်ရှားဆောင်ရွက်နိုင်သည့် ပွင့်လင်းမြင်သာစွာ တုံ့ပြန်ဖြေရှင်းပေးနိုင်သော လုပ်ထုံးလုပ်နည်းများ လိုအပ်ချက်

ကုန်တွင်းရေနံထုတ်လုပ်ရေးလုပ်ငန်းများမှာ မြန်မာနိုင်ငံ၌ ၁၈ ရာစုနှစ်ကတည်းက တည်ရှိခဲ့ပြီး ဖြစ်ပါသည်။ ကမ်းလွန်ပင်လယ်ပြင်မှ သဘာဝဓာတ်ငွေ့များ ရှာဖွေမှုနှင့်အတူ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှာ မြန်မာ့ ဖူးသစ်စ စီးပွားရေးအတွက် အဓိကကျသော မောင်းနှင်အားတစ်ရပ် ဖြစ်လာခဲ့သည်။ ဤအခြေအနေအား ကိန်းဂဏန်းများကပင် ညွှန်းဆိုလျက်ရှိပါသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့မှာ ပြည်ပရင်းနှီးမြှုပ်နှံမှု ပမာဏ၏ ရာခိုင်နှုန်းအများဆုံးအား ၂၀၁၄ ခုနှစ်မှစတင်ကာ နှစ်နှစ်ဆက် ရယူထားသည် (၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃.၂ ဘီလီယံနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တင် အမေရိကန်ဒေါ်လာ ၅ ဘီလီယံ)။ သို့သော် မြန်မာနိုင်ငံ၏ ဤလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အတော်နည်းပါးသောအချိန်တွင် ကျင့်သုံးခဲ့သည့် စည်းမျဉ်းစည်းကမ်းများနှင့် အတည်ပြုရေး လုပ်ငန်းစဉ်များအတွင်းမှ အိုဟောင်းနေပြီဖြစ်သော လုပ်ထုံး လုပ်နည်းများမှာ မြန်မာနိုင်ငံအတွင်း၌ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေရန် စွမ်းအင်ကုမ္ပဏီများသို့ ကမ်းနီး၊ ကမ်းဝေးစာချုပ် ၃၆ ခုကို ပေးအပ်ခဲ့ပြီးနောက်ပိုင်းတွင် လုပ်ငန်းဆောင်ရွက်နိုင်စွမ်း မရှိတော့ပေ။ အရာရှိများ အကြားတွင် အလုပ်တာဝန်တိုးမြင့်လာခြင်းနှင့် စီမံချက်များကို ပိုမိုကိုင်တွယ်ဆောင်ရွက်မည့် လက်ရှိလုပ်ထုံး လုပ်နည်းများ၏ မပြည့်စုံမှုကြောင့် ဤလုပ်ငန်းကဏ္ဍရှိ စီမံချက်များကို ဆောင်ရွက်နေသော စွမ်းအင်ကုမ္ပဏီများသည် စီမံချက်အသေးစိတ်နှင့် ကွပ်ကဲဆောင်ရွက်မှုတို့နှင့်ပတ်သက်၍ မသေချာမရေရာသော အခြေအနေများဖြင့် ပုံမှန်ကြုံတွေ့နေရပါသည်။

ထို့အပြင် မြန်မာနိုင်ငံမှ ကုမ္ပဏီများကို ပိုမိုဆွဲဆောင်မည်ဆိုပါက တင်ဒါခေါ်ယူခြင်းနှင့် ဝယ်ယူခြင်းများတွင် ပွင့်လင်းမြင်သာသော လုပ်ထုံးလုပ်နည်းများအား ယခင်ထက် ပိုမိုလိုအပ်လာပြီဖြစ်သည်။ အချို့သော ကုမ္ပဏီ များသည် တင်ဒါခေါ်ယူခြင်း၊ ဝယ်ယူခြင်း၊ စည်းမျဉ်းစည်းကမ်းများနှင့် အတည်ပြုချက်များကဲ့သို့သော လုပ်ထုံး လုပ်နည်းအမျိုးမျိုးနှင့်ပတ်သက်သည့် ပွင့်လင်းမြင်သာမှုအပေါ် မြန်မာနိုင်ငံမှ ကြိုးပမ်းဆောင်ရွက်နေခြင်းအား ဆန်းစစ်အကဲဖြတ်သောအဆင့်တွင်သာ ရှိနေသေးသည်။

## အလားအလာရှိသော အကျိုးကျေးဇူးများ

- ပွင့်လင်းမြင်သာမှုနှင့် တုံ့ပြန်ဆောင်ရွက်မှု ပိုကောင်းသော လုပ်ထုံးလုပ်နည်းများကို လက်တွေ့ဖော်ဆောင် လိုက်ပါက စွမ်းအင်စီမံချက်များအား ပိုမိုမြန်ဆန်စွာ ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး ယေဘုယျအားဖြင့် ဘဏ္ဍာငွေရရှိမှု ပိုများလာစေပါမည်။
- ပြည်ပရင်းနှီးမြှုပ်နှံသူများအား မြန်မာ့စွမ်းအင်ဈေးကွက်မှ ပိုမိုဆွဲဆောင်နိုင်လိမ့်မည်ဖြစ်သောကြောင့် ၎င်းတို့ အကြားတွင် ပိုမိုမြင့်မားသော ယှဉ်ပြိုင်မှုကို ပေါ်ပေါက်စေယုံမျှသာမက ပိုမိုမြင့်မားသော ရင်းနှီးမြှုပ်နှံမှု ပမာဏကိုလည်း ဆောင်ကျဉ်းပေးပေလိမ့်မည်။

## အကြံပြုချက်များ

- လုပ်ထုံးလုပ်နည်းများမှာ အလွန်တရာ ရှည်လျားပြီး အဆင့်တစ်ဆင့်ချင်းစီ၏ အရေးပါမှုအား ထည့်သွင်းစဉ်းစားထားသော အနေအထားတွင်ပင် ယင်းတို့အား အလွယ်တကူ လျှော့ချနိုင်ပါသည်။ ဥပမာအားဖြင့် တင်ဒါလျှောက်ထားသော စာရင်းတစ်ရပ်ကို အတည်ပြုခြင်းအား သတင်းပတ် နှစ်ပတ်အတွင်း ပြီးစီးအောင် ဆောင်ရွက် နိုင်ပြီး စာချုပ်တစ်ရပ် အတည်ပြုခြင်းအား သတင်းပတ်သုံးပတ်အတွင်း ဆောင်ရွက်ပေး နိုင်ပါသည်။ သို့သော် မြန်မာ့လူဘောင်နှင့် စီးပွားရေးအပေါ် တစ်ရစ်ဝဲဝဲ ဖြစ်နေသော အကျိုးသက်ရောက်မှုများ ရှိနိုင်မည့် အတည် ပြုရေး လုပ်ထုံးလုပ်နည်းများကို အလျင်စလို ဆောင်ရွက်ခြင်းအား အားပေး ခြင်းမပြုပါ။ ယင်းအစား သဘာဝပတ်ဝန်းကျင် နှင့် လူ့အဖွဲ့အစည်းအပေါ် အနုတ်သဘော ဆောင်စွာ အကျိုး သက်ရောက်လျက်ရှိသည့် လုပ်ထုံးလုပ်နည်းများအား ဘက်လိုက်မှုမရှိဘဲ ဆန်းစစ်အကဲဖြတ်နိုင်သည့် ကျွမ်းကျင် ပညာရှင်များဖြင့် ဖွဲ့စည်းထားသော အသင်း တစ်သင်းအား ဖော်ဆောင်ပျိုးထောင်ရန် အစိုးရမှ ဆောင်ရွက်ပေးသင့်ပါသည်။ ဥပမာအားဖြင့် အဖွဲ့တစ်ဖွဲ့ကို လုပ်ရှားလည်ပတ်ခြင်း၏

စိန်ခေါ်မှုမှာ အကျိုးသက်ရောက်မှု ဆန်းစစ်အကဲဖြတ်ချက် လေ့လာမှုအတည်ပြုခြင်းကို စောင့်ဆိုင်းရန် ပေးရသော အချိန်ကြောင့် အလွန်အမင်း အကန့်အသတ် ဖြစ်စေပါသည်။

- နောက်ဆုံးအနေဖြင့် ပြည်ထောင်စုအဆင့်အစိုးရမှ အစဉ်အမြဲပြောင်းလဲ ကြီးထွားနေသည့် စွမ်းအင်ကဏ္ဍ ဖြင့် စည်းချက်ညီသော အပြောင်းအလဲများကို ပြုလုပ်ရန် လိုအပ်ခြင်း ရှိ/မရှိနှင့် မည်သည့်အချိန်တွင် လိုအပ်သည်ဆိုခြင်းတို့အတွက် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်သင့်ပါသည်။

> သဘာဝပတ်ဝန်းကျင် အပေါ်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံချက်များ၏ အကျိုးသက်ရောက်မှုအား ဘက်မလိုက်ဘဲ ဆန်းစစ် အကဲ ဖြတ်မည့် ကျွမ်းကျင်ပညာရှင်များ ခန့်အပ်ခြင်းအားဖြင့် သဘာဝ ပတ်ဝန်းကျင် အရေးကိစ္စများကို အသိမှတ်ပြုစဉ်းစားစဉ်တွင် လုပ်ထုံးလုပ်နည်းများအား ယင်းတို့၏ လိုက်လျောညီထွေ အသုံးပြုနိုင်မှုကို သေချာစေရန် ပုံမှန် အကဲဖြတ်သင့်သည်။

## အရေးကိစ္စဖော်ပြချက် ၃ - ပြန်ပြည့်မြဲ စွမ်းအင်စီမံချက်များတွင် ရင်းနှီးမြှုပ်နှံမှု နည်းပါးခြင်း

ရာသီဥတု အပြောင်းအလဲများကြောင့် သဘာဝပတ်ဝန်းကျင် ကပ်ဘေးများဖြင့် ကြုံတွေ့ရနိုင်ချေ မြင့်မားသော မြန်မာနိုင်ငံ၏ အနေအထားသည် သဘာဝပတ်ဝန်းကျင် ပျက်ဆီးဆုံးရှုံးခြင်းများ ဆက်လက်ဖြစ်ပေါ်နေသော လိုင်းတံပိုးကို တွန်းလှန်ရန် သတိပေးချက်အား ပေါ်ထွက်လာစေခဲ့သည်။ တိုင်းပြည်၏ နိုင်ငံရေးဆင်ရဲနွမ်းပါးမှုနှင့် ကပ်ဘေးကျရောက်သော အခါတွင် ကယ်ဆယ်ရေးဆောင်ရွက်မှုများကို အချိန်မီဖော်ဆောင်ရန် လတ်တလော ဖွဲ့စည်းထားသော အဖွဲ့အစည်းများဖြင့် ပေါင်းစပ်လိုက်သောအခါ မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ထုတ်လုပ်မှု တိုးမြှင့်ရန်အတွက် ကျောက်မီးသွေးကဲ့သို့သော အစဉ်အလာ အခြေခံ သဘာဝသယံဇာတများထက် ကျော်လွန် စဉ်းစားရဖွယ် ရှိပေသည်။

လေအားလျှပ်စစ် လုပ်ငန်းများမှာ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအတွက် အကုန်အကျများသော်လည်း ပင်မဓာတ်အားဖြန့်ဖြူးရေးလိုင်းများ အား မြန်မာနိုင်ငံ၏ ဒေသအားလုံးသို့ တိုးချဲ့ရန် လက်တွေ့မဖြစ်နိုင်သော အနေအထားအရ ဓာတ်အားဖြန့်ဖြူးရေး ကွန်ယက်များ မလိုအပ်သော နေရောင်ခြည်စွမ်းအင်မှာ နိုင်ငံအနှံ့ မီးလင်းရေး စီမံချက်အတွက် အတိုင်းအတာတစ်စုံတစ်ရာအထိ အထောက်အကူပြုနိုင်ပေသည်။ ဓာတ်အား ဖြန့်ဖြူးရေး ကွန်ယက်ငယ်များနှင့် ဓာတ်အားဖြန့်ဖြူးရေးကွန်ယက်များ မလိုအပ်သော နေရောင်ခြည်စွမ်းအင်သုံး စနစ်များများမှာ အရှေ့တောင်အာရှနိုင်ငံများရှိ ဒေသများစွာမှ ကျေးလက်လူမှုအသိုင်းအဝိုင်းများကို ဓာတ်အားပေးရာတွင် ယုံကြည်စိတ်ချရကြောင်း သက်သေထူခဲ့ပြီးဖြစ်သည်။

ထို့အပြင် ကမ္ဘာကြီးပူနွေးလာမှုကို လျော့ချရန်နှင့် များစွာသော ကုမ္ပဏီများ၊ နိုင်ငံများမှ မြစိမ်းရောင် နည်းပညာ များကို နေ့စဉ်စမ်းသပ်နေသည့်အလျောက် သဘာဝစွမ်းအင်ကဏ္ဍတွင် ဆန်းသစ်တီထွင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားပြီးဖြစ်သည်။ ဤအခြေအနေ၏ အကျိုးဆက်တစ်ခုအဖြစ်သာမက အခြား နှစ်လိုဖွယ် အခြေအနေများအရ အိန္ဒိယနိုင်ငံကဲ့သို့သော ကမ္ဘာ့နေရာအချို့တွင် နေရောင်ခြည်စွမ်းအားသုံး ဓာတ်အားဈေးနှုန်းမှာ ကျောက်မီးသွေးထက် လျော့ကျသွားခဲ့ပြီးဖြစ်သည်။

ထို့အပြင် နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေးစက်ရုံများမှာလည်း အကြီးစားစွမ်းအင်ထုတ်လုပ်မှုအတွက် သင့်တော်မှုရှိပါသည်။ မြန်မာနိုင်ငံတွင် အမေရိကန်၊ တရုတ်နှင့် ထိုင်းနိုင်ငံ အခြေစိုက်ကုမ္ပဏီများဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် အကြီးစား နေရောင်ခြည်စွမ်းအင်ထုတ် စီမံချက်လေးရပ်မျှ ရှိခဲ့ပြီးဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၌ ကျယ်ပြန့်ခြောက်သွေ့သော ဒေသများ ရှိနေပြီး အချို့သောနေရာများတွင် တစ်နှစ်ပတ်လုံး နေရောင်များစွာ ရရှိနေသောကြောင့် နေရောင်ခြည်စွမ်းအင်များမှာ အလားအလာကောင်းများကို ပိုင်ဆိုင် ထားသည်။

## အလားအလာရှိသော အကျိုးကျေးဇူးများ



- မြို့အများအပြားရှိ ဒေသခံပြည်သူလူထုသည် ကျောက်မီးသွေး စက်ရုံများကို ဆန့်ကျင်နေသည့်အလျောက် ပြန်ပြည့်မြဲစွမ်းအင်ကို ရွေးချယ်ခြင်းမှာ ဒေသခံများ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ အတွက် နှစ်ဦးနှစ်ဖက်အကျိုးရှိသော ဖြေရှင်းချက်တစ်ရပ် ဖြစ်ပါသည်။

- နေရောင်ခြည်စွမ်းအင်ကို ထိန်းချုပ်ရန် ရေမြေပထဝီ အားသာ ချက်ကို ပိုင်ဆိုင်ထားပြီးဖြစ်သော မြန်မာနိုင်ငံသည် နိုင်ငံ အတွင်းသို့ သဘာဝစွမ်းအင်ကုမ္ပဏီများ ရာဇဝင်ဖိတ်ခေါ်ခြင်း အားဖြင့် လက်ရှိအသုံးပြုနေသော နည်းပညာများထက် ပိုမိုအကျိုးရှိ ဈေးပေါသော နည်းပညာများမှ အကျိုး ကျေးဇူးများ ခံစားရနိုင်ပါသည်။

## အကြံပြုချက်များ

- လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် သဘာဝစွမ်းအင်ကဏ္ဍနှင့် စီမံချက်များအတွက်သာ သီးသန့်တာဝန် ပေးထားသည့် ဌာနတစ်ရပ်ကို ဖန်တီးသင့်သည်။

- ဖော်ပြပါဌာနကို တည်ထောင်ပြီးနောက်တွင် သဘာဝ/ပြန်ပြည့်မြဲစွမ်းအင် စီမံချက်များအတွက် စီစဉ် ဖော်ဆောင်ထားသော လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများအတွက် တာဝန်ယူစေရပေမည်။

အထူးသဖြင့် နေရောင်ခြည်စွမ်းအင် အပါ အဝင် သဘာဝစွမ်းအင်ကဏ္ဍတွင် မြန်မာ နိုင်ငံ၏ အလားအလာကောင်းများကို မြှင့်တင် ရန် တာဝန်ပေးထားသော သဘာဝစွမ်းအင် ဌာန တစ်ရပ်ကို ဖန်တီးရန်။

## အရေးကိစ္စဖော်ပြချက် ၄ - သဘာဝစွမ်းအင်စျေးနှုန်းဆိုင်ရာ မူဝါဒများနှင့် လွတ်လပ်သော စွမ်းအင်ကဏ္ဍဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတွက် ရေခံမြေခံကောင်းသော သဘာဝတ်ပတ်ဝန်းကျင်တစ်ရပ်

အစိုးရမှ အလွန်အမင်းထောက်ပံ့မတည်ပေးထားသည့် လက်ရှိစံပုံစံမှာ မြန်မာနိုင်ငံမှ ချမှတ်ထားသည့် ရည်မှန်း ချက်ကြီးမားသော လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး အစီအစဉ်ဖြင့် ကိုက်ညီမှုမရှိပါ။ လျှပ်စစ်ဓာတ်အားခွန် ကောက်ခံမှုနိမ့်ပါးခြင်းသည် သုံးစွဲသူများအား လျှပ်စစ်ဓာတ်အားချွေတာသော အလေ့အထများကို အဟန့် အတားဖြစ်စေသည်။ အစိုးရမှ ကျခံနေရသည့် လက်ရှိပျက်ကွက်မှုများအား စျေးနှုန်းနိမ့်ပါးခြင်းကြောင့် လျှပ်စစ် ဓာတ်အားများ အလေအလွင့်ဖြစ်ခြင်းတွင် ရင်းနှီးမြှုပ်နှံခြင်းအဖြစ် မှတ်ယူနိုင်ပေသည်။ ဤသို့ ရင်းနှီးမြှုပ်နှံခြင်းအစား ယင်းတို့ကို အနာဂတ်လိုအပ်ချက်များ ဖြည့်စည်းရန် စွမ်းအင်အခြေခံအဆောက်အအုံ (ထုတ်လုပ်ရေး၊ ထုတ်လွှင့် ဖြန့်ချိခြင်းတို့ပါဝင်သည်) တစ်ခုအတွက် ရင်းနှီးမြှုပ်နှံသင့်ပါသည်။ တကယ်တမ်းတွင် လျှပ်စစ်စွမ်းအင် လုပ်ငန်းကဏ္ဍများ၌ ကျော်လွှားရမည့် အခြားသောအဓိကအဟန့်အတားများ ရှိနေပါသည်။ ယင်းတို့မှာ ခေတ်မီခြင်းမရှိတော့သော စွမ်းအင်ထုတ်လွှတ်ဖြန့်ဖြူးမှု စနစ်နှင့် ထိရောက်မှုမရှိသော စျေးနှုန်း မူဝါဒများပင် ဖြစ်ပါသည်။ ဓာတ်အားခွန်ကောက်ခံမှုများသည် ထုတ်လုပ်ဖြန့်ချိမှုစရိတ်ဖြင့် မဖြစ်မနေ ကာမိစေရပါမည်။

ပင်မဓာတ်အားပေးစနစ်များတွင် ရင်းနှီးမြှုပ်နှံမှု မရှိသလောက်နည်းပါးခြင်းသည် ကမောက်ကမနိုင်သော အခြေ အနေများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဥပမာအားဖြင့် ရန်ကုန်ရှိ ထုတ်လုပ်နိုင်စွမ်းမှာ မြို့၏ လိုအပ်ချက်နှင့် သုံးစွဲမှု နှစ်မျိုးစလုံးကို ဖြည့်စည်းပေးနိုင်ပါသည်။ သို့သော် သက်တမ်းရင့်နေသော ထုတ်လွှတ်ဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားရုံခွဲများမှာ ၂၄/၇ နှုန်းဖြင့် လျှပ်စစ်ဓာတ်အား ဖော်ဆောင်ပေးရန် ဆောင်ရွက်နေရသည်။

အဆုံးတွင် IPP (လွတ်လပ်သော စွမ်းအင်ထုတ်လုပ်သူများ) အတွက် ပုံဖော် ထားသော မူဝါဒများနှင့် ပြဌာန်းချက်များ မရှိသလောက်နည်းပါးခြင်းနှင့်အတူ နိမ့်ပါးသော အခွန်ကောက်ခံမှု မူဝါဒရလဒ်များမှ ပေါ်ပေါက်လာသည့် ရင်းနှီးမြှုပ်နှံမှုမှ အမြတ်ရရန် မသေချာမှုများသည် ရင်းနှီးမြှုပ်နှံသူများအတွက် မြင့်မားသော စွန့်စားမှု အန္တရာယ်တစ်ရပ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုတွင် IPP များ ပိုမိုပါဝင် ဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်နိုင်ခြင်း မရှိပေ။

## အလားအလာရှိသော အကျိုးကျေးဇူးများ

- နိုင်ငံတော်မှဖြစ်ပေါ်စေလျက်ရှိသော ကြွေးမြီများကို ရှောင်ရှားနိုင်ခြင်း

- နိုင်ငံတော်အား စွမ်းအင်ကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများတွင် ရင်းနှီးရန် အခွန်ဘဏ္ဍာများကို စုဆောင်းစေနိုင်ပြီး ကောင်းမွန်မှန်ကန်သောဖြစ်စဉ်တစ်ရပ်ကို စတင်နိုင်ခြင်း

- နိုင်ငံအနှံ့အပြားတွင် စွမ်းအင်ချွေတာသော အမူအကျင့်များကို အားပေးမြှင့်တင်ခြင်း

- ဤစနစ်အပေါ်ရှိ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို မြှင့်တင်ရန်နှင့် IPP များအတွက် ပိုမိုများပြားသော ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ခြင်း

မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသည့် လွတ်လပ်သော စွမ်းအင်ထုတ်လုပ်သူ အများစုသည် ၄င်းတို့၏ ထုပ်လုပ်မှု၏ ဝေစုများစွာအား အိမ်နီးခြင်းနိုင်ငံများသို့ ရောင်းချလျက်ရှိပါသည်။ မြန်မာနိုင်ငံမှ အသုံးပြုသူများ ရောင်းချခြင်းထက် စွန်စားမှုအန္တရာယ်ပိုများသောကြောင့် ဖြစ်ပါသည်။ ဤအခြေအနေသည် ဒေသခံများအား အလွန်နည်းပါးသော အကျိုးကျေးဇူးကိုသာ ခံစားရစေပါသည်။ ထို့ကြောင့် ဝင်ရောက်ရန် အဟန့်အတားများကို ဖယ်ရှားခြင်းမှာ ပဓာနကျပေသည်။ လွတ်လပ်သောထုတ်လုပ်သူများအတွက် ပွင့်လင်းမြင်သာမှုရှိသော စွမ်းအင်ဝယ်ယူမှုဆိုင်ရာ သဘောတူညီချက် (PPA) များလည်းပါဝင်သည့် စံပြုမူဘောင်တစ်ရပ်ရှိနေသောသောအခါတွင် ယခုထက်ပိုများသည့် လွတ်လပ်သော ထုတ်လုပ်သူများ (IPP) သည် မြန်မာ့ဈေးကွက်အတွင်းသို့ ဝင်ရောက်ခြင်းမှာ ပိုမိုဆွဲဆောင်မှုရှိသည်ဆိုသည်ကို တွေ့ရှိနားလည်လာပေလိမ့်မည်။ အနာဂတ်ကာလတွင် IPP များ ပိုမိုဝင်ရောက်လာခြင်းနှင့် ဈေးကွက်ဝေစုအတွက် အပြိုင်အဆိုင်တိုးပွားခြင်းသည် ဈေးပြိုင်စနစ်တစ်ရပ်ဆီသို့ ဦးတည်သွားစေပြီး များမကြာမီတွင် အကောင်းဆုံးသော ဈေးနှုန်းတစ်ရပ်သို့ ရောက်ရှိပေလိမ့်မည်။

## အကြံပြုချက်များ

- စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအင် ဝန်ကြီးဌာနတို့အနေဖြင့် IPP များအတွက် သတ်မှတ်ပြဌာန်း ထားသော ဘဏ္ဍာရေးဖွဲ့စည်းပုံများဖြင့် ပတ်သက်၍ ပုဂ္ဂလိကကုမ္ပဏီများ အထူးသဖြင့် ဘဏ်များနှင့် အန်(န်)ဂျီအိုများထံမှ အချက်အလက်များကို ရယူခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ ယင်းတွင် စွမ်းအင်ဝယ်ယူမှုဖြင့် ပတ်သက်သော ဈေးနှုန်းစီမံပုံအတွက် ပြဌာန်းချက်များနှင့် သဘော တူညီချက်များ ရှင်းလင်းစွာ ပါဝင်သင့်ပါသည်။

- လျှပ်စစ်ဓာတ်အားဈေးနှုန်းများ တစ်ဖြည်းဖြည်းခြင်းတိုးမြှင့်ခြင်းကို မိတ်ဆက်ရန်။ အထူးသဖြင့် လျှပ်စစ်ဓာတ်အား အလွန်အကျွံ့သုံးစွဲသူများနှင့် ချမ်းသာကြွယ်ဝသူများအတွက်။

- လျှပ်စစ်ဓာတ်အား ချွေတာမှုနှင့် အခွန်ကောက်ခံမှု တိုးမြှင့်ခြင်းတို့၏ အကျိုးကျေးဇူးများကို အများပြည်သူ သိရှိစေရန် အသိပညာပေး လှုပ်ရှားရှားမှုများ ပြုလုပ်ရန်။

> ဓာတ်အားအလွန်အကျွံ့သုံးဆွဲသူများအပေါ် အခွန် ကောက်ခံမှုတိုးမြှင့်ခြင်းအပြင် လွတ်လပ်သော စွမ်းအင် ထုတ်လုပ်သူများ (IPPs) များ ရင်ဆိုင်ကြုံတွေ့ နေရသည့် ဝင်ရောက်ရန် အဟန့်အတားများကို ဖော် ထုတ်သတ်ခြင်းနှင့် ယင်းတို့ကိုဖယ်ရှားရန် အရေးယူ ဆောင်ရွက်မှုများကို လက်တွေ့ ဖော်ဆောင်ခြင်း။

## အရေးကိစ္စဖော်ပြချက် ၅ - ပြည်တွင်းဓာတ်ငွေ့သုံးစနစ်ဆိုင်ရာ အခြေခံအဆောက်အအုံအပိုင်းတွင် မဟာဗျူဟာမြောက် စီမံကိန်း ရေးဆွဲခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ခြင်း

မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ အခြေခံ သဘာဝဓာတ်ငွေ့ပိုက်လိုင်းစနစ်တစ်ရပ် မရှိသလောက် နည်းပါး နေသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားများအား ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်သော ကိုယ်ပိုင်သဘာဝသယံဇာတကို အသုံးပြုရန် အဟန့်အတားဖြစ်စေပါသည်။ စွမ်းအင်ရယူသုံးစွဲနိုင်မှုတွင် ပြည်တွင်းဓာတ်ငွေ့သုံးစွဲမှု တိုးမြှင့်ရန် အတွက် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံပိုင်းတွင်သာမက ဓာတ်ငွေ့ပိုက်လိုင်းကွန်ယက်နှင့် အခြားသော သဘာဝဓာတ်ငွေ့အခြေခံအဆောက်အအုံပိုင်းတို့တွင်လည်း ဦးစားပေး ဖော်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သင့်ပါသည်။

ခေတ်သစ်စွမ်းအင်ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်စွမ်းမရှိခြင်းသည် မကြာခဏဆိုသလို ထိရောက်အကျိုးရှိမှု မရှိသည့် အန္တရာယ်များသော အစားထိုးလောင်စာများအပေါ်တွင် မှီခိုရသော အိမ်ထောင်စုများ ရှိစေပါသည်။ လတ်တလောခန့်မှန်းချက်များအရ အစဉ်အလာလောင်စာခဲများကို အသုံးပြုခြင်းမှ ပေါ်ပေါက်လာသည့် အိမ်တွင်းလေထုညစ်ငြမ်းမှုများကြောင့် ဖြစ်ပေါ်ရသည့် အရွယ်မတိုင်မီ သေဆုံးသော အရေအတွက်မှာ ကမ္ဘာတစ်လွှားတွင် နှစ်စဉ် ၄.၃ သန်း ရှိနေသည်ကို ဖော်ပြထားသည် (WHO၊ ၂၀၁၄)။

## အလားအလာရှိသော အကျိုးကျေးဇူးများ

မြန်မာ့မြို့ကြီးများနှင့် ကျေးလက်ဒေသများအတွင်းသို့ သဘာဝဓာတ်ငွေ့ပိုက်လိုက်များ ချိတ်ဆက်ပေးခြင်းသည် အိမ်ထောင်စုအဆင့်ရှိ အိမ်တွင်းလေထုညစ်ညမ်းမှုကို လျော့ချပေးယုံမျှသာမက သယ်ယူပို့ဆောင်ရေးနှင့် အရံ မီးပေးစနစ်အတွက် ဒီဇယ်သုံးစွဲမှုကို လျော့ချပေးရန် အထောက်အကူပြုနိုင်ပါသည်။ အိန္ဒိယနိုင်ငံ ဂူဂျာရက် ဒေသတွင် ကျေးရွာများသို့ အစားအစာချက်ပြုတ်ရန် သဘာဝဓာတ်ငွေ့ပိုက်လိုင်း တပ်ဆင်ပေးထားခြင်းသည် အိမ်တွင်း လေထုညစ်ညမ်းမှုကိုသာမက ယခင်က ထင်းခြောက်များအပေါ်တွင် အလွန်အမင်း မှီခိုခဲ့ရသည့် ဆင်းရဲ နွမ်းပါးသော မိသားစုများအတွက် အိမ်ထောင်စုဝင်ငွေ တိုးမြင့်လာရန်အတွက် အထောက်အကူ ပြုသည်ကိုလည်း တွေ့ရှိခဲ့ရသည်။ ထင်းခြောက်များကောက်ယူ၊ နေလှမ်း၊ ချက်ပြုတ်သည့်အလုပ်အား ၆-၇ နာရီမျှ အသုံးပြုခဲ့ဖူးသည့် အမျိုးသမီးများမှာ ယခုအခါတွင် သဘာဝ ဓာတ်ငွေ့သုံးစွဲနိုင်မှုကြောင့် နေ့စဉ် ၅ နာရီအထိ အချိန်ချွေတာနိုင်ပြီ ဖြစ်သောကြောင့် အလုပ်များ ပိုမိုလုပ်ကိုင်နိုင်သကဲ့သို့ သီးနှံစိုက်ပျိုးခြင်း၊ အသေးစား စီးပွားရေး လုပ်ငန်းများ မတည်ခြင်း သို့မဟုတ် အခြားသော ဝင်ငွေပိုရှာရန်နည်းလမ်းများ ရှာဖွေခြင်းတို့ကို ပြုလုပ်နိုင်စေပါသည်။ ထို့ကြောင့် အိမ်ထောင်စုများသို့ ချက်ပြုတ်ရန် သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းများ တပ်ဆင်ပေးခြင်းသည် စွမ်းရည် မြှင့်တင်မှုအတွက် အဓိကကျသော နည်းလမ်းတစ်ရပ် ဖြစ်နိုင်ပါသည်။

သဘာဝဓာတ်ငွေ့ပိုက်လိုင်းစနစ်အား စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများလောက် ဦးစားပေးလေ့ မရှိခြင်းသည် သဘာဝဓာတ်ငွေ့ အရံသိုလှောင်မှုပမာဏ သိသိသာသာ မြင့်မားသည့် မြန်မာကဲ့သို့သော နိုင်ငံ တစ်နိုင်ငံအတွက် အလွန်ကြီးမားသော အခွင့်အရေးတစ်ရပ်ကို လက်လွတ်သွားခြင်း ဖြစ်နိုင်ပါသည်။ သဘာဝ ဓာတ်ငွေ့အခြေခံအဆောက်အအုံများကို ဦးစားပေးခြင်းသည် သဘာဝဓာတ်ငွေ့အား မြန်မာနိုင်ငံတွင် နည်းလမ်းအမျိုးမျိုးဖြင့် သုံးစွဲရန်အတွက် အားကောင်းသော စီးပွားရေး ကျောရိုးတစ်ရပ် ဖြစ်လာစေနိုင်ပါသည်။ ကျေးရွာများနှင့် မြို့ကြီးများသော ချိတ်ဆက်ထားသော ပိုက်လိုက်ကွန်ယက်များမှတစ်ဆင့် ချိတ်ဆက်ရန် မိုင်အကွာဝေး ပိုနည်းခြင်းနှင့်အတူ သဘာဝဓာတ်ငွေ့ ရရှိနိုင်မှုသည် မြေသြဇာထုတ်လုပ်ရေးလုပ်ငန်းများ၊ ရေနံ ဓာတုပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ၊ ကြွေထည်မြေထည်လုပ်ငန်းများနှင့် အစရှိသော လုပ်ငန်းကဏ္ဍများတွင် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန် အဓိကမောင်းနှင်သူ ဖြစ်လာနိုင်ပါသည်။

## အကြံပြုချက်များ

- မြန်မာနိုင်ငံအနေဖြင့် အဆိုပြုထားသော စွမ်းအင်စက်ရုံ များနှင့်အတူ သဘာဝဓာတတ်ငွေ့ပိုက်လိုင်းဆိုင်ရာ အခြေခံ အဆောက်အအုံများအတွက် ပေါင်းစပ်အစီအစဉ်တစ်ရပ် ဖော်ဆောင်ရန် ထည့်သွင်းစဉ်းစားသင့်ပါသည်။ အနည်းငယ်မျှ သော ပြန်လည်ဖြန့်ဖြူးရေး စင်တာများဖြင့် စတင်ခြင်းဖြင့် တစ်စုံလုံးသော စီးပွားရေး တိုးတက်မှုကို တွန်းအားပေးမည့် မြို့ပြဓာတ်ငွေ့သယ်ယူ ပို့ဆောင်မှု၊ အစားအစာချက်ပြုတ်မှု၊ စွမ်းအင်နှင့် စက်မှုလက်မှုလုပ်ငန်းများ အပါအဝင် သုံးစွဲသူအမျိုးမျိုးနှင့် အသုံးပြုပုံ အမျိုးမျိုးအတွက် သဘာဝဓာတ်ငွေ့များ အကျိုးရှိရှိ အသုံးပြုခြင်းအတွက် လမ်းပြမြေပုံတစ်ရပ် မဖြစ်မနေ ရရှိလာပေမည်။
- အဓိကကျသော ပိုက်လိုင်းများနှင့် စွမ်းအင်စက်ရုံများနှင့်အတူ ချက်ပြုတ်ရန်နှင့် သယ်ယူပို့ဆောင်ရန် မြို့ပြသုံး ဓာတ်ငွေ့များ ရှိနေခြင်းသည် တိုင်းပြည်အတွက် လျင်မြန်သော အောင်နိုင်မှုတစ်ခုဖြစ်ပြီး ပိုက်လိုက် ကွန်ယက် များ၏ အကျိုးအမြတ်ရရှိနိုင်မှုကိုလည်း သေချာစေပေလိမ့်မည်။

ဓာတ်ငွေ့ပိုက်လိုင်း အခြေခံအဆောက်အအုံများ တည်ဆောက်ရန်နှင့်၊ စီးပွားရေးတိုးတက်မှုကို အစွမ်းကုန်မြှင့်တင်ရန် အမျိုးမျိုးသော အသုံးပြုမှု များအကြား သဘာဝဓာတ်ငွေ့များ ခွဲတမ်းချ အသုံးပြုပုံကို လမ်းညွှန်မည့် လမ်းပြမြေပုံတစ်ရပ် ဖော်ဆောင်ရန်။

# ကျန်းမာရေး

# ၈

# မိတ်ဆက်

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းရှိပြီး ၄င်းတို့အားလုံးသည် ယုံကြည်စိတ်ချရသည့် အရည်အသွေးမြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို လိုအပ်နေသူများ ဖြစ်ကြပါသည်။ သို့သော် လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ကျန်းမာရေးကဏ္ဍအတွက် အလွန်တရာနည်းပါးသော ဘဏ္ဍာငွေကိုသာ သုံးစွဲခဲ့ခြင်းကြောင့် ဤကဏ္ဍတွင် လိုအပ်သော ဖြေရှင်းမှုများနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဖော်ဆောင်ရန် အခက်အခဲကြုံတွေ့နေရပြီး မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍအား ယင်း၏ အိမ်နီးချင်းနိုင်ငံများထက် နောက်ကောက်ကျစေခဲ့သည်။ ကျန်းမာရေးကဏ္ဍ ပိုမိုကောင်းမွန်လာရန်လိုအပ်ချက်ကို ဖော်ပြနေသည့် အဓိက အညွှန်းကိန်းတစ်ရပ်မှာ မြန်မာနိုင်ငံ၏ လူ့သက်တမ်းဖြစ်ပြီး ပျမ်းမျှအားဖြင့် ၆၄.၇ နှစ်ရှိကာ အရှေ့တောင်အာရှ နိုင်ငံများအားလုံးတွင် အနိမ့်ပါးဆုံး ဖြစ်နေသည်။[၁]

အရပ်သားအစိုးရသစ် တက်လာသည့် ၂၀၁၁ ခုနှစ်မှစတင်ကာ ကျန်းမာရေးကဏ္ဍကို အလုံးစုံ အဆင့်မြှင့်တင်ရန်နှင့် လိုအပ်မှုနှင့် ရယူနိုင်မှုအကြားရှိ ကွာဟချက်ကို လျော့ချရန် ရည်ရွယ်၍ ကျန်းမာရေး အသုံးစရိတ်များကို တဖြည်းဖြည်းချင်း တိုးမြှင့်လာခဲ့ပြီးဖြစ်သည်။ ပုဂ္ဂလိက ကဏ္ဍသာမက အခြားဆက်စပ် အသင်းအပင်းများနှင့် အဖွဲ့အစည်းများ၏ အကူအညီဖြင့် အစိုးရမှ မြန်မာ့ကျန်းမာရေးလိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းမည့် ခိုင်မာသော အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ ထိုသို့သော အရေးယူဆောင်ရွက်မှုများတွင် အခြေခံအဆောက်အအုံဖော်ဆောင်မှုများ၊ လူ့အရင်းအမြစ်အားဖြည့်သော အစီအစဉ်များ၊ အဖြစ်များသော ကူးဆက်ရောဂါများကို ကြိုတင်ကာကွယ်ခြင်းနှင့် တိုက်ဖျက်ခြင်း တို့ဖြင့်ဆက်စပ်သော အစီအစဉ်များ ပါဝင်နေသည်။ အခြားတစ်ဖက်တွင် ဤသို့သော လတ်တလော တိုးတက်မှုများ ရှိနေသော်ငြားလည်း ဥပမာအားဖြင့် ဘဏ္ဍာငွေ မလုံလောက်မှုနှင့် စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းကဲ့သို့ အတိတ်ကာလအတွင်း အမြစ်တွယ်ခဲ့သည့် စိန်ခေါ်ချက်များမှာ ယနေ့အချိန်အထိ ကျန်ရှိနေဆဲဖြစ်သည်။

EuroCham နှင့် ယင်း၏ ကျန်းမာရေးစည်းရုံးလှုံ့ဆော်ရေးအဖွဲ့အတွင်းရှိ အဓိကပါဝင်ပတ်သက်သူများ ယုံကြည်သည်မှာ ကျန်းမာရေး ကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကြန့်ကြာစေလျက်ရှိသည့် အဓိက ပြဿနာရပ်များနှင့် အရေးကိစ္စများအား သက်ဆိုင်ရာ ဝန်ကြီးဌာနများဖြင့် ညှိနှိုင်းဆောင်ရွက်ခြင်းမှတစ်ဆင့် တိုက်ဖျက်နိုင်သည်။ ဤဆောင်ရွက်မှုသည် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အဓိကပါဝင်ပတ်သက်သူများအားလုံးအတွက် အကျိုးကျေးဇူးများ ဆောင်ကျဉ်းပေးမည် ဖြစ်ပြီး မြန်မာပြည်သူလူထုအတွက် အဓိကဖြစ်ပေလိမ့်မည်။

ဤစာတမ်းတွင် EuroCham ကျန်းမာရေးကော်မတီ၏ အဖွဲ့ဝင်များမှ အဓိကကျသော အရေးကိစ္စများအဖြစ် မှတ်ယူ ထားသည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးသွားပါမည်။ ဤခေါင်းစဉ်များတွင် ၁) လူနာဘေးကင်းလုံခြုံရေးနှင့် ဆေးဝါး အတုများနှင့် စံညွှန်းမမီသော ဆေးဝါးများ၏အန္တရာယ် ၂) ဆေးဘက်ဆိုင်ရာ အထောက်အကူပြုကိရိယာများ ထိန်းသိမ်းမှု ဆိုင်ရာ လိုအပ်ချက် ၃) အရည်အသွေးမြင့် ကျန်းမာရေးစောင့်ရှောက်မှုထုတ်ကုန်များကို ဆန်းသစ်တီထွင်မှုရှိစွာ ဖော်ဆောင်နိုင်ခွင့်ကို အကန့်အသတ်ဖြစ်စေသည့် ရှည်လျားသောမှတ်ပုံတင်ချိန်များပင် ဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သော ခေါင်းစဉ်လေးမျိုးအတွက် ကျွန်ုပ်တို့က ဖော်ပြဆွေးနွေးသွားမည့် အကြောင်းအရာများမှာ ယင်းတို့ကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းသောအခါ မြန်မာနိုင်ငံမှ အသုံးပြုသင့်သည့် အကြံပြုချက်များနှင့် အလားအလာ ရှိသော အကျိုးကျေးဇူးများပင် ဖြစ်ပါသည်။

[၁] ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၅ခုနှစ် စာရင်းဇယား။

# အရေးကိစ္စ ဖော်ပြချက် ၁- လူနာဘေးကင်းလုံခြုံမှု

## ၁။ ဆေးဝါးအတုများနှင့် စံညွှန်းမမီသော ဆေးဝါးများ

ဆေးဝါးအတုများနှင့် စံညွှန်းပြည့်မီခြင်းမရှိသော ဆေးဝါးများမှာ လူနာများ၏ ဘေးကင်းလုံခြုံမှုအပေါ် တိုက်ရိုက် ခြိမ်းခြောက်နေသော အဓိကပြဿနာတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဆေးဝါးဈေးကွက်အတွင်းတွင် ဆေးဝါးအတုများနှင့် စံညွှန်းပြည့်မီခြင်းမရှိသော ဆေးဝါးများ ပမာဏမြင့်မားစွာ လည်ပတ်စီးဆင်းလျက်ရှိပါသည်။ နယ်စပ်ကုန်သွယ်ရေး စခန်းများမှတစ်ဆင့် နယ်နိမိတ်ခြင်းထိစပ်နေသောနိုင်ငံများက တင်သွင်းလာသည့် ဤထုတ်ကုန်များသည် ဆေးအာနိသင် တူညီမှုဆိုင်ရာ စစ်ဆေးမှုများ အောင်မြင်ထားခြင်းမရှိသည့်အပြင် ယင်းတို့အား ထိန်းချုပ်မှုမရှိသော အခြေအနေများတွင် သယ်ယူပို့ဆောင် သိုလှောင်ထားပါသည်။ စမ်းသပ်စစ်ဆေးမှုနှင့် ထိန်းချုပ်မှုများ မရှိသလောက် နည်းပါးခြင်းကြောင့် ဤဆေးများသည် အသက်အန္တရာယ်ဆုံးရှုံးမှုအပါအဝင် အလွန်တရာ ဆိုးရွားစေနိုင်သည့် ဘေးထွက်ဆိုးကျိုးများကို ပေါ်ပေါက်စေသောကြောင့် လူနာများ၏ ဘေးကင်းလုံခြုံမှုအပေါ် ပြင်းပြင်းထန်ထန် ခြိမ်းခြောက်လျက်ရှိပါသည်။

## ၂။ မူရင်းထုတ်လုပ်သူခွင့်ပြုချက်မပါသော တင်သွင်းဆေးဝါးများ

လူနာဘေးကင်းလုံခြုံမှုအတွက် ဒုတိယမြောက် ခြိမ်းခြောက်မှုမှာ မူရင်းထုတ်လုပ်သူ ခွင့်ပြုချက်မပါဘဲ တင်သွင်းလာသော ဆေးဝါးများ (Parallel Import) ကို အသုံးပြုခြင်းပင် ဖြစ်ပါသည်။ ဤသွင်းကုန်များမှာ စစ်မှန်စံပြည့်ပြီး အများအားဖြင့် ဂုဏ်သတင်းကျော်ကြားသော ဆေးဝါးကုမ္ပဏီများမှ ထုတ်လုပ်ခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံအတွင်းသို့ ဉာဏဆိုင်ရာ မူပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်မပါဘဲ တင်သွင်းလာခြင်းဖြစ်သည်။ ဉာဏဆိုင်ရာမူပိုင်ခွင့်ရှိသူ၏ ထိန်းချုပ်မှုများ မရှိသောကြောင့် ဤဆေးဝါးများကို သိုလှောင်သောအခြေအနေများနှင့် သယ်ယူပို့ဆောင်ခြင်းတို့အား စောင့်ကြည့်လေ့လာခြင်းနှင့် မှန်ကန်မှု ရှိ/မရှိပြောကြားနိုင်ခြင်းများ မရှိပေ။ သယ်ယူပို့ဆောင်မှုနှင့် သိုလှောင်သိမ်းဆည်းမှု အခြေအနေများ (အထူးသဖြင့် အပူချိန်) သည် ထုတ်ကုန်များ၏ ထိရောက်မှုအပေါ် မဆိုစလောက်မျှသော သက်ရောက်မှုရှိနေခြင်းမျိုး မဟုတ်သည့် အတွက် ဆေးဝါးထုတ်ကုန်များဖြစ်ရပ်တွင် စောင့်ကြည့်လေ့လာမှုမရှိခြင်းက အန္တရာယ်တစ်ရပ်ကို ကိုယ်စားပြုလျက်ရှိသည်။ အချို့သော ဆေးဝါးများအတွက်မူ လုံလောက်သော သိုလှောင်သိမ်းဆည်းမှု အပူချိန်မရရှိခြင်းသည် လူသားများ သောက်သုံးခြင်းအတွက် သင့်တော်ဖွယ်မရှိသောကြောင့် ထိုဆေးဝါးများကို ဖျက်ဆီးပစ်ခံရသည့် အခြေအနေမျိုးဖြင့် မကြာခဏကြုံတွေ့ရတတ်ပြီး ထိုသို့ဆောင်ရွက်ခြင်းမပြုဘဲ သုံးစွဲခဲ့ပါက ပြင်းထန်သော ဘေးထွက်ဆိုးကျိုးများခံစားရခြင်း သို့မဟုတ် အသက်အန္တရာယ် ဆုံးရှုံးခြင်းကိုပင် ကြုံတွေ့ရစေနိုင်သောကြောင့်ပင် ဖြစ်ပါသည်။

## ၃။ နည်းဥပဒေပိုင်းဆိုင်ရာအရည်အသွေးစံညွှန်းများကို လိုက်နာဖော်ဆောင်ခြင်းမရှိသော နိုင်ငံများမှလာသော ထုတ်လုပ်သူ အမည်လွှဲ ဆေးဝါးများ

မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ယုံကြည်လက်ခံအတည်ပြုပေးထားပြီး လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ အရည်အသွေး ထိန်းချုပ်မှုများကို လိုက်နာဖော်ဆောင်ရန် ဒေသန္တရအာဏာပိုင်များမှ ဆောင်ရွက်ခြင်းမပြုနိုင်သော သို့မဟုတ် ဆောင်ရွက်လိုခြင်းမရှိသောနိုင်ငံများမှ ထုတ်လုပ်သည့် ထုတ်လုပ်သူအမည်လွှဲထားသော ဆေးဝါးများမှာ ပြည်သူလူထုအတွက် အန္တရာယ်များ ထပ်မံဖြစ်ပေါ်နိုင်ပါသည်။ မှတ်ပုံတင်ထားသည့် ဆေးအမည်များ အတိုင်း လိုက်နာကျင့်သုံး ထုတ်လုပ်ခြင်းအပိုင်းတွင် အားနည်းခြင်း (မှတ်ပုံတင်ထားခြင်းမရှိသော ကုန်ကြမ်းပစ္စည်းများ၊ ထုတ်လုပ်ရေးလုပ်ငန်းစဉ်များ သို့မဟုတ် ပေါင်းစပ်မှုများ တသမတ်တည်းမဖြစ်ခြင်းကဲ့သို့)၊ ကုန်ချောများကို စောင့်ကြည့်လေ့လာမှု အားနည်းခြင်းနှင့် အသိမှတ်ပြုထားသော ကုန်ကြမ်းများအား အတုပြုလုပ်ထားသည့် ဇီဝဓာတ်ပြု ဆေးစပ်အမည် (API) ဖြင့် အစားထိုးခြင်းတို့သည် ထိုထုတ်ကုန်၏ အရည်အသွေးနှင့် စင်တင်ရောင်းချနိုင်သော သက်တမ်းတို့အပေါ် အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုများကို ဖြစ်ပေါ်စေပါသည်။ အမေရိကန်၊ ဥရောပနှင့် ဩစတြေးလျကဲ့သို့ အခြေခိုင်နေသော ဈေးကွက်များတွင် ဆေးဝါးအတုများ၏ အကျိုးသက်ရောက်မှုအား ကောင်းစွာ မှတ်တမ်းတင်ထားပြီးဖြစ်သည်။ အမေရိကန်နိုင်ငံတွင် ဆေးဝါးအတုများကြောင့် လူနာများစွာ သေဆုံးရသောအဖြစ်များကို ကြုံတွေ့ခဲ့ရပါသည်။

မြန်မာနိုင်ငံသည် ၅၁ သန်းကျော်မျှသော လူဦးရေး၏ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် လုံလောက်မှုမရှိသော ကျွမ်းကျင်လုပ်သားအင်အားနှင့် ကျန်းမာရေး ပညာရှင်များဖြင့် ကိုင်တွယ်ဆောင်ရွက်နေရပါသည်။ ဤအကြောင်းတရားကြောင့် ဆေးရုံများမှ လူနာများ၏ တိုးတက်မှုဖြစ်စဉ်ကို စောင့်ကြည့်စစ်ဆေးခြင်း၊ လူနာ၏ ရလဒ်များကို မျက်ခြေမပြတ် စောင့်ကြည့်ခြင်း သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်များထံ အစီအရင်ခံ တင်ပြခြင်းတို့အား ပြည့်စုံကျနစွာ ဆောင်ရွက်နိုင်ဖွယ် မရှိပါ။ လူနာများ၊ ကျန်းမာရေးပညာရှင်များနှင့် အစိုးရဌာနများအား ကုသမှုတစ်ခုခု သို့မဟုတ် ဆေးဝါးတစ်ခုခု၏ ရလဒ်များကို မျက်ခြေမပြတ်စောင့်ကြည့်ရန် အချင်းချင်း အသိပေးတင်ပြနိုင်စေမည့် ရှင်းလင်းသော အသိပေးတင်ပြမှု လမ်းကြောင်းများနှင့် မျက်ခြေမပြတ်စောင့်ကြည့်သောစနစ်များကို သုံးစွဲခြင်း မရှိသေးပေ။

လူနာဘေးကင်းလုံခြုံမှုကို သေချာစေရန် လူနာများမှာ အလေးအနက် ဂရုပြုခြင်းနှင့် ပါဝင်ဆောင်ရွက်ခြင်းများ မရှိသလောက် နည်းပါးနေပြီး လူနာဘေးကင်းလုံခြုံရန် ရည်ရွယ်ချက်ဖြင့် ဆေးဝါးအရည်အသွေး၏ အရေးပါမှုအပေါ် ကျန်းမာရေးပညာရှင်များမှ

အလေးအနက်ထားခြင်းများလည်း နည်းပါးသည်။ အထောက်အထားပြဆိုရန် မရှိသလောက် နည်းပါးခြင်းသည် ပြဿနာတစ်စုံတစ်ရာမရှိဟု ဆိုကြသော်လည်း အချက်အလက် စုဆောင်းကောက်ယူခြင်း မပြုပါက ယေဘုယျဆန်သော နားလည်မှုလွဲမှားခြင်းကို ဖြစ်စေသည်ဟု အချို့က ယုံကြည်လျက်ရှိသည်။ အထက်တွင် ဖော်ပြထားသော ပြဿနာရပ်များအား ကောင်းစွာမှတ်တမ်းတင်ထားပြီးဖြစ်သည်။ ထွန်းသစ်စ မြန်မာနိုင်ငံ၏ အနေအထားတွင် အစိုးရသစ်အတွက် မှန်ကန်သော ဦးစားပေးလုပ်ငန်းစဉ်များကို အသေအချာ ချမှတ်ဆောင်ရွက်ရန် အခြေခံတစ်ရပ်အဖြစ် တည်ရှိနေသည်။

## အလားအလာရှိသော အကျိုးကျေးဇူးများ

- မြန်မာဈေးကွက်အတွင်းသို့ တင်သွင်းသော ဆေးဝါးထုတ်ကုန်များအားလုံး၏ အရည်အသွေးကို ထိန်းချုပ်ရန်နှင့် သေချာစေရန် ထိရောက်သော မူဝါဒများ အသုံးပြုခြင်းသည် လူနာများမှ ဘေးကင်းလုံခြုံသည့် အရည်အသွေး မြင့်မားသော ဆေးဝါးထုတ်ကုန်များကို ရယူသုံးစွဲနိုင်စေပါသည်။

- ဆေးဝါးအတုများကို တိုက်ဖျက်ခြင်းသည် လူနာဘေးကင်းလုံခြုံအပေါ် သက်ရောက်နေသည့် ဆေးဝါးအတုများ၏ အန္တရာယ်ကို လျော့ချပေးနိုင်ပြီး ပြည်ပရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန် အထောက်အကူပြုမည့်အပြင် ဆေးဝါး အတုများ ပြည့်နှက်နေသည့် လုပ်ငန်းကဏ္ဍတစ်ခုအတွင်းမှ ဈေးကွက်ရှယ်ယာကိုလည်း ပြည်တွင်းထုတ်လုပ်သူများ ပိုမိုရရှိနိုင်စေရန် အားပေးအားမြှောက်ပြုပေလိမ့်မည်။

- မူရင်းထုတ်လုပ်သူခွင့်ပြုချက်မပါဘဲ ဆေးဝါးများ တင်သွင်းနေမှုကို အဆုံးသတ်လိုက်ခြင်းအားဖြင့် ဆေးဝါးထုတ်ကုန်များ ဖြန့်ဖြူးရောင်းချအပေါ် ထိန်းချုပ်ခြင်းသည် ကုန်အမှတ်တံဆိပ် ပိုင်ရှင်များ၊ ပြည်တွင်းဖြန့်ဖြူးရေးလုပ်ငန်းရှင်များနှင့် နိုင်ငံတကာ ထောက်ပံ့ပို့ဆောင်စီမံရေး ကုမ္ပဏီများကဲ့သို့သော ကျွမ်းကျင်ပညာရှင်များထံ ပြန်လည်ရောက်ရှိသွားမည်ဖြစ်သည်။ ထို့အပြင် အစိုးရကိုလည်း ဖြန့်ဖြူး ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၏ အရည်အသွေးကို စစ်ဆေးနိုင်စေသကဲ့သို့ လူနာကျန်းမာရေး အပေါ် ကျရောက်သော အန္တရာယ်များကိုလည်း ကန့်သတ်ပြီး ဖြစ်စေပါသည်။ ဆေးအာနိသင်တူညီမှု သို့မဟုတ် နိုင်းယှဉ်၍ မရှိနိုင်သည့် ဆေးအာနိသင်တူညီမှုများ အတွက် ကျွမ်းကျင်ကျန်းမာရေးအဖွဲ့ဖြင့် ချိတ်ဆက်သော လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ လမ်းကြောင်းတစ်ခုကို တည်ဆောက်ခြင်းသည် နှိုင်းယှဉ်နိုင်သော ဇီဝထုတ်ကုန်များကိုသာ မြန်မာဈေးကွက် အတွင်းသို့ ဝင်ရောက်စေရန် အသေအချာ ဆောင်ရွက်စေလိမ့်မည်။

- အများပြည်သူ အသိပညာပေးမှုကို မြှင့်တင်ပေးသွားခြင်းဖြင့် ပြည်သူအများစု နားလည်သဘောပေါက်လာကာ ကျန်းမာရေးပညာရှင်များမှ အချက်အလက်များ ရရှိနိုင်စေရန် ဆေးရုံများသို့ အသိပေးတင်ပြကြပေလိမ့်မည်။ အကျိုးဆက်အနေဖြင့် ပိုမိုကောင်းမွန်သော ဆေးဝါးများကို ရှာဖွေထုတ်လုပ်နိုင်စေလိမ့်မည်။

- စီးပွားရေးနှင့် ဥပဒေရေးရာမူဘောင်တစ်ရပ်ကို အထောက်အကူပြုသည့် ပွင့်လင်းမြင်သာသော စနစ်တစ်ရပ်သည် ပြည်ပမှ ထုတ်လုပ်သူများအား ၎င်းတို့၏ ဆေးဝါးများကို မြန်မာနိုင်ငံအတွင်းသို့ ဆောင်ကျဉ်းလာစေရန် ပိုမိုဆွဲဆောင်မှု ရှိစေမည်ဖြစ်သည်။

## အကြံပြုချက်များ

- မူရင်းအမှတ်တံဆိပ်များဖြင့် ဆေးအာနိသင်တူညီမှုရှိသည်ဟု အထောက်အထားပြဆိုထားသည့် ထုတ်လုပ်သူ အမည်လွှဲ ဆေးဝါးများကိုသာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရန် စဉ်းစားသင့်သည်။ အနိမ့်ဆုံး စံချိန်စံညွှန်း အရည် အသွေးများကို တန်ဖိုးသင့်တင့်သော ဈေးနှုန်းဖြင့် ရရှိနိုင်စေရေးအတွက် ဆေးဝါးများ၏ ဆေးအာနိသင်တူညီမှုကို စမ်းသပ်စစ်ဆေးရန် လုံလောက်သော ဓာတ်ခွဲခန်းများ ရှိသင့်သည်။

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင် ရောင်းချလျက်ရှိသော ဆေးဝါးများ၏ အရည်အသွေးများကို ပုံမှန်စစ်ဆေးမှုများ ပြုလုပ်မည့် ဗဟိုစမ်းသပ်ဓာတ်ခွဲခန်းတစ်ခုကို တည်ထောင်ထားရန် စဉ်းစားသင့်ပေသည်။ ရှောင်တခင်စစ်ဆေးမှုများသည် အညွှန်းဖော်ပြချက်များဖြင့် ကိုက်ညီမှုမရှိသော ဆေးဝါးများနှင့် တရားမဝင် တင်ပို့လာသော သို့မဟုတ် အတုပြုလုပ်ထားသော ဆေးဝါးများကို ဖော်ထုတ်အတည်ပြုပေးပေလိမ့်မည်။ စဉ်းကမ်းချိုးဖောက်မှုအတွက် ပြစ်ဒဏ်ပေးခြင်းမှာ သိသာထင်ရှားပြီး အရောင်းမြှင့်တင်မှုဆိုင်ရာ လုပ်ပိုင်ခွင့်များကို ဆုံးရှုံးခြင်းလည်း ပါဝင်စေခြင်းဖြင့် ဆေးဝါးများ၏ အရည်အသွေးပိုင်းတွင် အပြုသဘောဆောင်သော တိုးတက်မှုများဆီသို့ အလျင်အမြန် ဦးတည်ပေလိမ့်မည်။ ထို့အပြင် ဤသို့သောဌာနတစ်ခုအား အာနိသင်တူသောဆေးဝါးများအား လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ အသိမှတ်ပြုမှုများအတွက် BE စမ်းသပ်မှုကဲ့သို့သော ဝန်ဆောင်မှုများသာမက အညွှန်းဖော်ပြချက်ဖြင့် ကိုက်ညီမှုမရှိကြောင်း ဖော်ထုတ်အတည်ပြုထားသည့် ဆေးဝါးများအတွက် ကျင့်သုံးသော ဒဏ်ကြေးများဖြင့် ငွေကြေးထောက်ပံ့ပေးနိုင်သည်။

- အစိုးရအနေဖြင့် ဆန်းသစ်တီထွင်မှုရှိသော ဆေးဝါးများကို ရယူသုံးစွဲနိုင်ခွင့်ကို အသေအချာ ဖော်ဆောင်ရန်အတွက် ယင်း၏ တင်ဒါခေါ်ယူသောစနစ်တွင် မူရင်းနှင့် ထုတ်လုပ်သူအမည်လွှဲ ဆေးဝါးနစ်မျိုးစလုံးပါဝင်စေရမည့် အားလုံး ပြည့်ဝစွာ ပါဝင်နိုင်မှုရှိသည့် ပွင့်လင်းမြင်သာသော တင်ဒါခေါ်ယူမှုစနစ်တစ်ရပ်ကို လိုအပ်သည်။ ဆုံးဖြတ်ချက်များအား အများပြည်သူ ခံစားခွင့်နှင့် ဘေးကင်းလုံခြုံမှုတို့ကို ကာကွယ်ရန်အတွက် ဈေးနှုန်းနှင့် အထောက်အထား အခိုင်အလုံ ပြထားသော အရည်အသွေး နစ်ခုစလုံးအပေါ်တွင် အခြေခံသင့်သည်။ ကျန်းမာရေးဝန်ကြီးဌာနမှ မှန်မှန်ကန်ကန် ပြန်လည်သုံးသပ်၊ မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ တင်ဒါစနစ်အတွင်း ထည့်သွင်းသွားလိမ့်မည်ဟု မှတ်ယူ ထားပါသည်။

- ကုသမှုနှင့် ဆေးစစ်တမ်း အချက်အလက်အားလုံးအား ကျန်းမာရေးလုပ်ငန်းကဏ္ဍနှင့် အစိုးရမှ လက်လှမ်းမီစေရန် ဆောင်ရွက်သင့်ပါသည်။ လူနာရလဒ်ပိုင်းများတွင် တိုးတက်မှုများ ရှိစေရေးအတွက် ပွင့်လင်းမြင်သာသော အစီအရင်ခံတင်ပြမှုနှင့် ရောဂါဖြစ်ပွားမှုအခြေအနေ၊ အသက်အန္တရာယ်ဆုံးရှုံးမှု၊ မမျှော်လင့်သော ဆေးဘက်ဆိုင်ရာ အခြေအနေများဆိုင်ရာ အစီအရင်ခံစာများ စုဆောင်းမှုတို့ကို အကြံပြုအပ်ပါသည်။

စာရင်းပေးမသွင်းခင်နှင့် ခွင့်ပြုမိန့် ရပြီးနောက် ဓာတ်ခွဲ စမ်းသပ်ရန်အတွက်
ဓာတ်ခွဲခန်းများ လုံလောက်အောင် ထားရှိပေးခြင်းအပြင် စံချိန်စံညွှန်းမပြည့်မီသော
ဆေးဝါးများအား ဒဏ်ငွေသတ်မှတ်ခြင်း

- လူနာဘေးကင်းလုံခြုံမှုဖြင့်ပတ်သက်၍ အသိမှတ်ပြုလက်မှတ်ရပြီးစဆရာဝန်များ၏ ကျင့်သုံးမှုကို အားကောင်းစေရန် အတွက် ကျန်းမာရေးပညာရှင်များ၏ သင်ရိုးညွှန်းတမ်းများအတွင်းတွင် လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ အကြောင်းအရာ များကို ပေါင်းစပ်ထည့်သွင်းသင့်ပါသည်။

- ဆေးရုံတိုင်းတွင် ကူးဆက်မှုထိန်းချုပ်ရေးယူနစ်များ ရှိသင့်ပါသည်။ သို့မှသာလျင် ၎င်းတို့မှ ကူးဆက်စေတတ်သော ရောဂါများ ပျံ့နှံ့ခြင်းကို ကြိုတင်ကာကွယ်သော ဆောင်ရွက်မှုများကို လုပ်ဆောင်နိုင်ပါမည်။

- N.O.C ကန့်ကွက်ရန်မရှိကြောင်း ပြသရန် လိုအပ်ချက်ကို ပလပ်ပေးရန် ကျွန်ုပ်တို့ အကြံပြုအပ်ပါသည်။

- ဆေးဝါးထုတ်လုပ်ရောင်းချသူများအား ၎င်းတို့၏ ကုန်သွယ်ရေးစာချုပ်များအရ ဖြန့်ချိရောင်းသူတစ်ဦးနှင့် ပြုလုပ်ထားသော သဘောတူညီချက်များကို ဖျက်သိမ်းကာ အခြားတစ်ဦးဖြင့် သဘောတူချုပ်ဆိုခွင့်ကို အပြည့်အဝ ရယူခွင့်ပေးရန်အတွက် အစိုးရဌာန၏ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ပါဝင်ဆောင်ရွက်မှုကြောင့် အဟန့်အတားမဖြစ်စေရန် N.O.C လိုအပ်ချက်များကို ဖယ်ရှားခြင်း။

ဆေးစစ်တမ်းများနှင့်ကုသမှုများ ကိုလွယ်ကူစွာပြုလုပ်နိုင်ရန်လူနာ၏ဘေးကင်း လုံခြုံမှု
အတွက်လိုအပ်သောပစ္စည်းများနှင့် ကူးဆက်မှုထိန်းချုပ်သည့်ယူနစ်များဆေးရုံတိုင်း
တွင်ထားရှိခြင်း

## အရေးကိစ္စ ဖော်ပြချက် ၂ - ဆေးဝါးအထောက်အကူပြု ကိရိယာများကို ထိန်းသိမ်းပြုပြင်ခြင်း

ဆေးဘက်ဆိုင်ရာ အထောက်အကူပြု စက်ပစ္စည်းများမှာ ဆေးရုံ၊ ဆေးခန်းများအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်ပြီး ယင်းတို့သည် ဆရာဝန်များအား တိကျသော ဆေးစစ်တမ်းတစ်ခုကို ဖော်ဆောင်ပေးရန်နှင့် လူနာများကို လုံလုံ လောက်လောက် ထိထိရောက်ရောက် ကုသပေးစေနိုင်ပါသည်။ ဆေးဘက်ဆိုင်ရာ အထောက်အကူပြုကိရိယာတိုင်းသည် နည်းပညာအဆင်မြှင့်တင်မှုများဖြင့် ညီညွတ်သော ထုတ်ကုန်သက်တမ်းတစ်ရပ်ဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည်။ ကားတစ်စီးတွင် ကြံ့ခိုင်မှု ပုံမှန်စစ်ဆေးခြင်း၊ ဆီလဲပေးခြင်း နှင့် သတ်မှတ်မိုင်တိုင်ပမာဏကို ရောက်ရှိသောအခါတွင် တာယာများ လဲလှယ်ပေးခြင်းများကို လိုအပ်သကဲ့သို့ ထိုဆေးဘက်ဆိုင်ရာ အထောက်အကူပြု စက်ပစ္စည်းများသည်လည်း ပုံမှန် ထိန်းသိမ်းပြုပြင်လဲလှယ်ခြင်းကို လိုအပ်ပါသည်။

ယနေ့အခါတွင် မြန်မာ့ကျန်းမာရေးကဏ္ဍမှာ အတော်လေး ဟောင်းနွမ်းနေသည့်အပြင် ဖြစ်ရပ်အဖြစ်စု၌ ထိန်းသိမ်း ပြုပြင်ရေးဆိုင်ရာ သဘောတူညီချက်များကို လိုက်နာခြင်းမရှိသည့် ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းများနှင့် ၎င်းစက်ပစ္စည်းတို့အား ပြုပြင်ထိန်းသိမ်းမှု လိုအပ်ချက်များအတွက် လုပ်ငန်းဘတ်ဂျက် မလုံလောက်မှု (OPEX) တို့ဖြင့် အခက်အခဲ ကြုံနေရပါသည်။ ထို့အပြင် ပြုပြင်ထိန်းသိမ်းမှုအား ရံဖန်ရံခါတွင် အရည်အချင်း ပြည့်မီခြင်းမရှိသော အင်ဂျင်နီယာများနှင့် အရည်အချင်း ပြည့်မီခြင်းမရှိသော ဝန်ဆောင်မှုပေးအပ်သူများမှ ဖော်ဆောင် ပေးခြင်းဖြစ်ပြီး ရောင်းဝယ်ပြီးနောက် ပေးအပ်သည့် ညံ့ဖျင်းသော ဝန်ဆောင်မှုများ၊ စပယ်ယာပစ္စည်းအတုများ သို့မဟုတ် သင့်လျော်မှုမရှိသော စပယ်ယာပစ္စည်းများ အသုံးပြုခြင်းနှင့် အရည်အသွေးနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ စိန်ခေါ်ချက်ရှိနိုင်သော အခြေအနေများဆီသို့ ဦးတည်သွားစေပါသည်။

စက်ပစ္စည်းကိရိယာများအတွက် လိုအပ်သောဘတ်ဂျတ် (CAPEX) နှင့် ဖောင်းပေးဆောင်ရွက်မှု အများစုအား အထောက်အကူပြု ကိရိယာအသစ်များ ဝယ်ယူသော ကနဦးအဆင့်တွင်သာ အဓိကထားပြီး စက်ပစ္စည်းကိရိယာများအား ကောင်းမွန်စွာအသုံးချနိုင်ရန် ထိန်းသိမ်းပြုပြင်ခြင်း နှင့်/သို့မဟုတ် လဲလှယ်တပ်ဆင်ခြင်း၊ စီမံခန့်ခွဲခြင်းအပိုင်းတွင် အကန့်အသတ်ရှိနေသည်။

ထို့အပြင် မြန်မာ့ကျန်းမာရေးကဏ္ဍသည် ဆေးဘက်ဆိုင်ရာ စက်ပစ္စည်း များကို ကြည့်ရှုစောင့်ရှောက်ပြီး အခြေခံထိန်းသိမ်းစောင့်ရှောက်မှုများ နှင့် ပြုပြင်ခြင်းများ ဆောင်ရွက်နိုင်စွမ်းရှိသည့် အရည်အချင်းပြည့်မီသော ဇီဝဆေးပညာပိုင်းဆိုင်ရာ အင်ဂျင်နီယာများ မလုံလောက်ခြင်းနှင့် ကြုံတွေ့နေရသည်။

## အလားအလာရှိသော အကျိုးကျေးဇူးများ

- ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းကိရိယာများ လည်ပတ်ဆောင်ရွက်ပေးနိုင်ခြင်းသည် ဆေးရုံများအား အသုံးပြုနိုင်သော အထောက်အကူပြု ကိရိယာများကို အမြင့်ဆုံးသုံးဆွဲနိုင်စေသကဲ့သို့ လူနာများအတွက် ဝန်ဆောင်မှုများ ဖော်ဆောင်ပေးနိုင်သည့်အတွက် ဆရာဝန်များအား ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ထိရောက်စွာ ဆောင်ရွက်စေနိုင်သည်။ ဤအချက်မှာ ရရှိနိုင်သော အထောက်အကူပြုပစ္စည်း ပမာဏနှင့် လူဦးရေတစ်ရပ်ကို လွှမ်းခြုံနိုင်ရန်အတွက် လိုအပ်သော ဆရာဝန်များနှင့် အထူးကုများ မလုံလောက်သည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအတွက် အထူးအရေးပါသည်။

- အရည်အချင်းပြည့်မီသည့် အင်ဂျင်နီယာတစ်ဦး၏ အကူအညီကို ရရှိနေသည့် ကောင်းစွာထိန်းသိမ်းထားသော ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းကိရိယာတစ်ခုသည် အကောင်းဆုံးသော နည်းလမ်းတစ်ရပ်ဖြင့် လူနာကို ဆေးစစ်၊ ကုသရန် အကူအညီပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးကိုလည်း တိုးမြှင့်ပေးပေလိမ့်မည်။

- ရောင်းချပြီးနောက်ပိုင်း ဝန်ဆောင်မှုပေးအပ်သည့် သဘောတူညီချက်များကို ရယူခြင်းအားဖြင့် ယင်းတို့သည် စက်ပစ္စည်းကိရိယာ၏ ကုန်ကျစရိတ် သက်သာမှုကို တိုးမြှင့်ပေးပြီး အရောင်းဝန်ဆောင်မှုနောက်ပိုင်းမှ ကုန်ကျစရိတ်များကို ကာမိစေပြီး ပျက်စီးမှုအန္တရာယ်ကိုလည်း အရောင်းကိုယ်စားလှယ်ထံ လွှဲပြောင်းပေးနိုင်ပါသည်။

- အရည်အချင်းပြည့်မီပြီး အသိအမှတ်ပြုလက်မှတ်လည်းရရှိထားသည့် ရောင်းချပြီးနောက်ပိုင်း ပေးအပ်သော ဝန်ဆောင်မှု များသည် ထုတ်လုပ်သူများထံမှ စပယ်ယာပစ္စည်းအစစ်များကို အသေအချာ ရရှိစေပြီး အရည်အသွေးနှင့် နည်းဥပဒေ ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ပြည့်မီစေမည့် လုပ်ငန်းခွင်တွင်း ဝန်ဆောင်မှုအစီအစဉ်များ (FCO) ကိုလည်း လိုက်နာစေပါသည်။

- ဇီဝဆေးပညာရပ်ဆိုင်ရာ အင်ဂျင်နီယာဌာနများတွင် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ဆေးရုံများသည် ၎င်း အင်ဂျင်နီယာမှ မျက်ခြေမပြတ် စောင့်ကြည့်ထိန်းသိမ်းနိုင်သည့် ပိုမိုကောင်းမွန်သော အနေအထားတစ်ရပ်တွင် ရောက်ရှိ နေပေလိမ့်မည်။

## အကြံပြုချက်များ

- အစိုးရအနေဖြင့်ရောင်းချပြီးနောက်ပိုင်းဝန်ဆောင်မှုဆိုင်ရာပေါ်လစီနှင့်နိုင်ငံအနှံ့တပ်ဆင်ထားသောစက်ပစ္စည်းကိရိယာအားလုံး အတွက် စနစ်တစ်ခုဖော်ဆောင်သင့်သည်။ ဥပမာဆိုရသော် စက်ပစ္စည်းများကို မည်သို့ တပ်ဆင်ထားသည်ဟူသော အခြေခံ စီမံခန့်ခွဲပုံ၊ တည်နေရာ၊ တပ်ဆင်သောရက်စွဲ၊ အာမခံကုန်ဆုံးသောရက်စွဲနှင့် စက်ပစ္စည်းကိရိယာအုပ်စုတိုင်းအတွက် ကွဲပြားခြားနားမှုရှိနိုင်သည့် ရောင်းချပြီးနောက်ပိုင်း ပေးအပ်သော ဝန်ဆောင်မှုဆိုင်ရာ လိုအပ်ချက်များအတွက်ဖြစ်သည်။

- စက်ပစ္စည်းများတပ်ဆင်ခြင်းနှင့် အရေအတွက်ကို ပွင့်လင်းမြင်သာမှုရှိသော မူဝါဒချမှတ်ပြီးလျှင် ရောင်း ချပြီးနောက်ပိုင်းပေးအပ်သော ဝန်ဆောင်မှုလိုအပ်ချက်များကို ဖြည့်စွက်ရန်လိုအပ်သည်။ နောက်တစ်ဆင့်မှာ ချပြထားသော မူဝါဒအပေါ်တွင် အခြေခံကာ အမျိုးမျိုးသော အထောက်အကူပြုကိရိယာများနှင့် ကုန်အမှတ်တံဆိပ်များအတွက် ရောင်းချပြီးနောက်ပိုင်း ပေးအပ်သော ဝန်ဆောင်မှုဆိုင်ရာ သဘောတူညီချက်များကို တောင်းခံခြင်းနှင့် စတင်ရယူခြင်းတို့ကို ဆောင်ရွက်ပါ။

- ထို့အပြင် အစိုးရအနေဖြင့် အောက်ခြေတွင် မူဝါဒများကို အထောက်အကူပြုခြင်း၊ အခြေခံနည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှု များကို ပေးဆောင်ပေးခြင်းနှင့် သဘောတူညီထားသည့် ရောင်းချပြီးနောက်ပိုင်းတွင်ပေးအပ်မည့် ဝန်ဆောင်မှု အဆင့်ကို ပြည့်မီစေရန် အရောင်းသမားနှင့် ပေါင်းကူးဆက်သွယ်ပေးသူတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခြင်းတို့ကို ပြုလုပ်နိုင်သည့် ဇီဝဆေးပညာပိုင်းဆိုင်ရာ အင်ဂျင်နီယာအရေအတွက်နှင့် စွမ်းဆောင်မှုများအတွက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သင့်သည်။

ရောင်းချပြီးနောက်ပိုင်း ပေးအပ်သောဝန်ဆောင်မှုကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် စတင်လုပ်ဆောင်ပြီး ယင်းကို ထောက်အပံ့ပေးရန် စွမ်းဆောင်နိုင်သောဇီဝဆေးပညာ ပိုင်းဆိုင်ရာ အင်ဂျင်နီယာများ ပေါ်ထွက်လာစေခြင်း

## အရေးကိစ္စဖော်ပြချက် ၃ - မှတ်ပုံတင်ချိန်

ဆေးဝါးအသစ်များနှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုကိရိယာများအား အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးညွှန်ကြားမှုဦးစီးဌာန (FDA) တွင် မှတ်ပုံတင်ခြင်းသည် အချိန်ကြာမြင့်ပြီး မှတ်ပုံတင်သူများအတွက် မည်သည်တို့ ပါဝင်သင့်ဆိုသည်ကို ရှင်းလင်းစွာနားလည်စေမည့် လုပ်ငန်းစဉ်တစ်ရပ်လုံးကို ပုံဖော်ရှင်းပြသည့် ရှင်းလင်းသောလမ်းစဉ်တစ်ရပ်လည်း မရှိသလောက်ပင် ဖြစ်နေပါသည်။ ရှုပ်ထွေးသောစနစ်များ၊ အချိန်ကြာမြင့်သောလုပ်ငန်းစဉ်များနှင့် တိကျသေချာ ရှင်းလင်းခြင်းမရှိသော လမ်းညွှန်ချက်များသည် မှတ်ပုံတင်သူများအတွက် အချိန်ပိုပေးရခြင်း၊ ငွေကုန်ကြေးကျ ပိုများခြင်းနှင့် လူသားအရင်းအမြစ်များ ပိုမိုသုံးဆွဲရခြင်းတို့ကို ဖြစ်ပေါ်စေသောကြောင့် အဓိကကျသော စိန်ခေါ်ချက်များ ဖြစ်နေပါသည်။ ထို့အပြင် ရှည်ကြာသည့်မှတ်ပုံတင်ချိန်သည် မြန်မာပြည်သူများအတွက် ဆန်းသစ်တီထွင်မှုရှိသော ဆေးဝါးထုတ်ကုန်များကို ရယူသုံးစွဲနိုင်မှုအပေါ် အကျိုးသက်ရောက်မှုတစ်ရပ်ရှိနေပြီး ဆေးဝါးထုတ်လုပ် ရောင်းချသူများအား မြန်မာနိုင်ငံတွင် ၎င်းတို့၏ ထုတ်ကုန်များကို မှတ်ပုံတင်ရန် အဟန့်အတားဖြစ်စေနိုင်ပါသည်။

## အလားအလာရှိသော အကျိုးကျေးဇူးများ

မှတ်ပုံတင်လုပ်ငန်းစဉ်ကို ပိုကောင်းအောင်ဆောင်ရွက်ခြင်းနှင့် အချိန်တိုတောင်းစေခြင်းတို့သည် ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီများမှ မြန်မာ့ဈေးကွက်အတွင်းတွင် ၎င်းတို့၏ထုတ်ကုန်များကို မှတ်ပုံတင်ရာတွင် ကြုံတွေ့ရမည့် အဟန့်အတား များကို လျော့ချပေးသွားမည်ဖြစ်ပြီး ဤဆောင်ရွက်ချက်သည် မြန်မာ့ဈေးကွက်အတွင်းတွင် ထုတ်ကုန်များ ရယူသုံးဆွဲနိုင်မှု အပေါ် အပေါင်းလက္ခဏာဆောင်သော အကျိုးသက်ရောက်မှုတစ်ရပ်ကို ရှိစေရုံမျှသာက လူနာများကိုလည်း ၎င်းတို့၏ အရည်အသွေးရှိ လူမှုဘဝကို ပိုကောင်းလာစေရန် အထောက်အကူပြုနိုင်သည့် ဆန်းသစ်တီထွင်မှုရှိသော ထုတ်ကုန်များကို စောလျင်စွာ ရယူသုံးစွဲနိုင်စေလိမ့်မည်။

မှတ်ပုံတင်လုပ်ငန်းစဉ်ကို ပိုကောင်းအောင်ဆောင်ရွက်သောအခါတွင် FDA အနေဖြင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်း ကိစ္စရပ်များကို အဓိကလုပ်ကိုင်သည့် လူ့အရင်းမြစ်ပမာဏကို လျော့ချနိုင်စေပြီး ၎င်းတို့၏ အခြားဦးစားပေး နယ်ပယ်ရပ် များတွင် ပိုမိုဇောင်းပေး လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။

## အကြံပြုချက်များ

- မှတ်ပုံတင်လုပ်ငန်းစဉ်အတွက် ရှင်းလင်းသော လမ်းညွှန်ချက်များနှင့် ပွင့်လင်းမြင်သာမှု တိုးမြှင့်ခြင်းသည် ထုတ်ကုန် အသစ်များအတွက် မှတ်ပုံတင်ချိန်ကို လျော့ချပေးပေလိမ့်မည်။

- တစ်ပြေးညီ သတ်မှတ်ထားသော လုပ်ငန်းစဉ်တစ်ရပ်နှင့် မှတ်ပုံတင်လျှောက်လွှာများ၊ စည်းကမ်းချက်များအတွက် သတ်မှတ်ထားသော စံချိန်စံညွှန်းတစ်ရပ်ကို ဖော်ဆောင်ခြင်းသည် မှတ်ပုံတင်လုပ်ငန်းစဉ်ကို ရိုးရှင်းသွားစေပြီး တစ်ချိန်တည်းတွင် အလုပ်များကို ထပ်ခါထပ်ခါ လုပ်ရသည့်အဖြစ်မျိုးကို ကြုံတွေ့ရသည့် အောင်မြင်မှုမရှိသော လျှောက်ထားမှု အကြိမ်အရေအတွက် နှင့် လျှောက်ထားမှုများအတွက် မှတ်ချက်များ ရေးပေးရသော အကြိမ်အရေအတွက်တို့ကိုလည်း နည်းပါးသွားစေလိမ့်မည်။

- အပြည့်အဝ ရန်ပုံငွေထောက်ပံ့သော စံပုံစံတစ်ရပ်ကို ဖော်ဆောင်ပြီး ဤနည်းအားဖြင့် အရည်အချင်းပြည့်မီပြီး အကျိုး သက်ရောက်မှုလည်းရှိသည့် နည်းဥပဒေပိုင်းဆိုင်ရာ အဖွဲ့တစ်ဖွဲ့ဖော်ဆောင်ခြင်း၏ ကုန်ကျစရိတ်အတွက် လုပ်ဆောင်မှု အခြေပြုဈေးနှုန်းတစ်ရပ်မှတစ်ဆင့် ရံပုံငွေရှာဖွေနိုင်စေပါသည်။ ကုမ္ပဏီများသည်လည်း လိုအပ်ချက်များကို ယင်းတို့ နားလည်လာသောအခါ ယင်းတို့၏ ထုတ်ကုန်များကို မှတ်ပုံတင်ခြင်းအတွက် သင့်တော်သော ဈေးနှုန်းတစ်ရပ်ကို ပေးချေလိုသည်ကို တွေ့ရှိရဖွယ်ရှိပြီး စိတ်ချယုံကြည်ရသော ဝန်ဆောင်မှုနှင့် အတည်ပြုသော လုပ်ငန်းစဉ်တစ်ရပ်ကို အသေအချာ ရရှိစေမည်ကိုလည်း သိရှိနားလည်လာပေမည်။

စာရင်းပေးသွင်းသည့်လုပ်ငန်းစဉ်အားရိုးရှင်းစေရန် စံချိန်မီသော စာရင်းပေးသွင်းမှု ဖောင်နှင့်လိုအပ်ချက်များ သတ်မှတ်ခြင်း

# ထောက်ပံ့ပို့ဆောင်ရေး

# မိတ်ဆက်

ရေမြေပထဝီအနေအထားအရ မြန်မာနိုင်ငံသည် အာရှတိုက်၏ အကြီးဆုံး နိုင်ငံနှစ်နိုင်ငံဖြစ်သော တရုတ်နှင့် အိန္ဒိယတို့အကြားတွင် မဟာဗျူဟာကျကျ တည်ရှိနေသည်။ မြန်မာနိုင်ငံ၏ ရှည်လျားသော ကမ်းရိုးတန်းသည် မလေးရှား နှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ရှိ ကျဉ်းမြောင်းသော သင်္ဘော ဖြတ်သန်း သွားလာရာ ကမ္ဘာ့မဟာဗျူဟာမြောက် ရေလမ်းတစ်ခုဖြစ်သည့် မလက္ကာရေလက်ကြားနှင့် ဆင်တူသော ရေလမ်းခရီးကို ဖော်ဆောင်ပေးနိုင်သည်။ ရေနက်ဆိပ်ကမ်းများဖြင့် ကျနစွာ ပြင်ဆင် ထားပါက အနာဂတ်မြန်မာနိုင်ငံသည် အာရှဒေသ၏ ထောက်ပံ့ပို့ဆောင် စီမံခန့်ခွဲရေးကဏ္ဍအတွက် အချက်အချာကျသော နေရာတစ်နေရာ ဖြစ်လာနိုင်ပေသည်။

လက်ရှိအချိန်တွင် ရန်ကုန်ရှိဆိပ်ကမ်းများကို နေရာနှစ်နေရာအဖြစ်သို့ ပိုင်းခြားနိုင်သည်။ အကြီးဆုံးမှာ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါဖြစ်ပြီး ကွန်တိန်နာကုန်သေတ္တာများ၊ ကားများနှင့် ကွန်တိန်နာမသုံးသော ရေယာဉ်များ သယ်ယူပို့ဆောင်သည့် RORO (ဘီးတပ်ယာဉ်တင်) သင်္ဘောများ အတွက် အများဆုံး အသုံးပြုလျက်ရှိသည်။ ဤဆိပ်ကမ်းသည် ရန်ကုန်မြို့လယ်ကောင်မှ ၁၆ ကီလိုမီတာအကွာတွင် တည်ရှိပြီး ရန်ကုန်မြစ်ဝနှင့်လည်း ၁၆ ကီလိုမီတာ ဝေးကွာသောနေရာတွင် တည်ရှိကာ ဂျပန်အစုစပ် ကုမ္ပဏီတစ်ခုမှ ဖော်ဆောင်လျက်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန် နှင့် ကပ်လျက်တည်ရှိနေပြန်သည်။

အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါတွင်ပါဝင်သည့် ကုန်တင်/ကုန်ချ ဂိတ်နှစ်ခုမှာ -

၁။ MITT (Myanmar International Terminal Thilawa) နှင့်
၂။ MIPL (Myanmar Integrated Port Limited) တို့ဖြစ်ကြသည်။

ဒုတိယနေရာမှာ ရန်ကုန်မြို့တော် ဆိပ်ကမ်းများဖြစ်ပြီး အောက်ဖော်ပြပါ ဆိပ်ကမ်းများ ပါဝင်ပါသည်။

၁။ ဗိုလ်အောင်ကျော်လမ်း ဆိပ်ကမ်း (BSW)
၂။ အလုံနိုင်ငံတကာ ဆိပ်ကမ်း (AIPT)
၃။ မြန်မာ့စက်မှုဆိပ်ကမ်း (MIP)
၄။ အေးရှားဝေါ်ဆိပ်ကမ်း (AWPT) နှင့် ထီးတန်းဆိပ်ကမ်း (HPT)
၅။ ဆူးလေဆိပ်ကမ်း (SPW)

မြန်မာနိုင်ငံတစ်လွှားရှိ ထင်ရှားသောအခြားဆိပ်ကမ်းများမှာ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ကျောက်ဖြူ ရေနက်ဆိပ်ကမ်းတို့ ဖြစ်ကြသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုံမှာ ထားဝယ်အား မြန်မာနှင့် အရှေ့တောင်အာရှ၏ အကြီးဆုံးသော စက်မှုလက်မှုနှင့် ကုန်သွယ်ရေးဇုံတစ်ခုအဖြစ်သို့ အသွင်ပြောင်းရန် ရည်ရွယ်သည့် အခြေခံအဆောက်အအုံ စီမံချက်တစ်ရပ် ဖြစ်ပါသည်။ ဤစီမံချက်အတွက် အစီအစဉ်များတွင် ရေနက် ဆိပ်ကမ်းတစ်ခုသာမက ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စတီးစက်ရုံ၊ အကြီးစားစက်မှုလုပ်ငန်းများ၊ ကျောက်မီးသွေးဓာတ်အားသုံးစက်ရုံနှင့် LNG စွမ်းအင်စက်ရုံများအတွက် ကြီးမားသော မျက်နှာစာ တစ်ခုလည်း ပါဝင်နေသည်။ ဤစီမံချက်ပြီးဆုံးမည့် မျှော်မှန်းကာလကိုမူ တိတိကျကျ မသိရှိရသေးပေ။

အခြားရေနက်ဆိပ်ကမ်း စီမံချက်တစ်ခုဖြစ်သော ကျောက်ဖြူမှာ ၂၀၂၅ ခုနှစ်မတိုင်မီ ဆောက်လုပ်ပြီးစီး အသုံးပြုနိုင်မည်ဟု မျှော်လင့်ထားသည်။ ယင်းတွင် ပျမ်းမျှအားဖြင့် ဟက်တာ ၁၀၀၀ အကျယ်အဝန်း ရှိသော စက်မှုဇုံတစ်ခုနှင့် တစ်နှစ်လျှင် ပေ ၂၀ ရှိသည့် ကွန်တိန်နာ (TEU) ကုန်တင်သေတ္တာ ၇ သန်းကို လက်ခံဆောင်ရွက်နိုင်သော အဆောက်အအုံများပါဝင်သည့် မြန်မာနိုင်ငံ၏ စွမ်းဆောင်မှု အမြင့်ဆုံး ဆိပ်ကမ်းတစ်ခု တည်ဆောက်ရန် အစီအစဉ်များ ပါဝင်သည်။

မြန်မာနိုင်ငံသည် လက်ရှိအချိန်တွင် ယင်း၏ ထောက်ပံ့ပို့ဆောင် စီမံခန့်ခွဲရေးကဏ္ဍကို အဆင့်မြှင့် တင်မည့် စီမံချက်များကို လုပ်ဆောင်လျက်ရှိသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို တိုးချဲ့ခဲ့ပြီး နိုင်ငံတကာ လေယာဉ်ပြေးလမ်းအသစ်အား ၂၀၁၆ ခုနှစ် မတ်လတွင် စတင်အသုံးပြုခဲ့ပြီး တစ်နှစ်လျှင် ခရီးသည် ၆ သန်းကို ကြိုဆိုလက်ခံနိုင်သည့် စွမ်းဆောင်မှုကို ပိုင်ဆိုင်ထားသည်။ အခြားသော အရေးကြီးစီမံချက်တစ်ရပ်မှာ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းကို အဆင့်မြှင့်တင်ခြင်းဖြစ်ပြီး ဤစီမံချက်သည် နိုင်ငံမြို့တော် နေပြည်တော်မှတစ်ဆင့် မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့ကြီးနှစ်မြို့သော ရန်ကုန်နှင့် မန္တလေးတို့ကို ချိတ်ဆက်ထားသည့် ၆၂၀ ကီလိုမီတာရှည်သောလမ်းကို တိုးချဲ့သွားရန် ဖြစ်သည်။ ဤသို့သော လတ်တလော ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များ ရှိနေသော်ငြားလည်း မြန်မာနိုင်ငံသည် ထောက်ပံ့ပို့ဆောင် စီမံခန့်ခွဲရေးကဏ္ဍတွင် စိန်ခေါ်မှုရှိသော ပြဿနာရပ်များဖြင့် ရင်ဆိုင်နေရဆဲပင် ဖြစ်ပါသည်။

## အရေးကိစ္စ ဖော်ပြချက် ၁ - ရေနက်ဆိပ်ကမ်းများနှင့် ဆိပ်ကမ်းစီမံခန့်ခွဲမှု

မြန်မာ့ဆိပ်ကမ်းများတွင် အခြေခံအဆောက်အအုံများ မရှိသလောက်နည်းနေခြင်းသည် မြန်မာ့ ရေကြောင်း ကုန်သွယ်ရေးကဏ္ဍအတွက် သိသာထင်ရှားသော အဟန့်အတားတစ်ရပ်ဖြစ်သည်။ လွန်ခဲ့သောအတိတ်ကာလတွင် ဆိပ်ကမ်းများ၌ ဆိပ်ကမ်းပိတ်ဆို့မှုပြဿနာရပ်များ ရှိခဲ့ဖူးသောကြောင့် တည်ရှိဆဲ ဆိပ်ကမ်းအဆောက်အအုံများအပေါ် ကုန်သည်များ၏ ယုံကြည်အားထားမှုကို လျော့နည်း စေခဲ့သည်။ အရေးအကြီးဆုံးမှာ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဈေးကွက်အတွင်း ကုန်သွယ်မှုများလည်း ပိုမိုများပြားလာပေလိမ့်မည်။ ယနေ့အချိန်အထိ လက်ရှိပင်မဆိပ်ကမ်းများမှာ မြစ်အတွင်းတွင် ဆောက်လုပ်ထားသော ဆိပ်ကမ်းများ ဖြစ်ကြသောကြောင့် ရေကြောင်းပို့ဆောင်ရေး လုပ်ငန်းများမှ ပိုမိုကြီးမားသော ရေယာဉ်များကို ဆောင်ကျဉ်းလာနိုင်ခြင်း မရှိသေးပေ။ လက်ရှိ အချိန်တွင် ဆိပ်ကမ်းများ၌ ခေါ်တင်နိုင်သည့် အမြင့်ဆုံးအရွယ်အစားမှာ ရန်ကုန်မြို့တော်ဆိပ်ကမ်း အတွက် ရေယာဉ်အရှည် (LOA) ၁၆၇ မီတာဖြစ်ပြီး သီလဝါအတွက် ရေယာဉ်အရှည် ၂၀၀ မီတာတို့ ဖြစ်သည်။ အခြားတစ်ဖက်တွင် ထိုင်း သို့မဟုတ် ဗီယက်နမ်ကဲ့သို့သော အရှေ့တောင်အာရှ အိမ်နီးချင်း နိုင်ငံများမှ ဆိပ်ကမ်းများသည် PANAMAX နှင့် Post-PANAMAX သင်္ဘောများ (ခန့်မှန်းခြေအားဖြင့် ရေယာဉ်အရှည် ၃၂၀ မီတာ) ကို လက်ခံနိုင်သည်။

## အလားအလာရှိသော အကျိုးအမြတ်များ

မြန်မာနိုင်ငံမှာ အာရှဒေသရှိ နောက်ဆုံးနယ်ပယ်သစ်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး သိသာ ထင်ရှားသော ကုန်သွယ်ရေး တိုးတက်မှုကို မလွဲမသွေ ကြုံတွေ့ရပေမည်။ ထို့ကြောင့် ဤမျှော်မှန်း တိုးတက်မှုအတွက် ပြင်ဆင်ရန် စေ့စပ်သေချာသော စီမံကိန်းရေးဆွဲမှုများကို လိုအပ်သည်။ ရေနက် ဆိပ်ကမ်းများ ရှိနေခြင်းကြောင့် ဝေးလံသော ခရီးလမ်းကြောင်းများကို သွားနိုင်သည့် ပိုမိုကြီးမားသော ရေယာဉ်များကို ရေကြောင်းပို့ဆောင်ရေး ကုမ္ပဏီများမှ ယူဆောင်လာစေနိုင်ပြီး ကုန်ကျစရိတ်ပိုင်း ဆိုင်ရာ အကျိုးကျေးဇူးကို တိုးမြှင့်နိုင်ပေသည်။ ဤအခြေအနေသည် လုပ်ငန်းစရိတ်များကို လျော့ချရန်နှင့် စွဲဆောင်နိုင်မှုကို တိုးမြှင့်နိုင်ချေရှိပြီး ကျန်ကမ္ဘာ့နေရာများဖြင့် ထိတွေ့ဆက်သွယ်ခွင့် ရရှိစေရန် မြန်မာနိုင်ငံအတွက် ပိုမိုများပြားသော ဝန်ဆောင်မှုများနှင့် အခြားအစားထိုးနည်းလမ်းများကို ဖော်ဆောင်မည့် ရေကြောင်းပို့ဆောင်ရေး လုပ်ငန်းများအတွက် မြန်မာနိုင်ငံမှ စွဲဆောင်လျက်ရှိသည်ဟု ဆိုလိုခြင်းပင် ဖြစ်ပါသည်။ အကျိုးဆက်တစ်ရပ်အနေဖြင့် ဤအခြေအနေသည် မြန်မာနိုင်ငံရှိ ကုန်ချော စားသုံးသူများအတွက် ကုန်ကျစရိတ်များ ပိုမိုလျော့နည်းသွားခြင်းဆီသို့လည်း ဦးတည်နိုင်ပေသည်။ ကုန်သွယ်မှုတိုးမြင့်လာသည်နှင့်အမျှ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုတို့လည်း ရှိလာပေလိမ့်မည်။ နောက်ဆုံးသော ထပ်တိုးအကျိုးကျေးဇူးတစ်ရပ်မှာ မြို့ပြဒေသများရှိ ယာဉ်ကြော ပိတ်ဆို့မှုများကိုလည်း လျော့ချပေးပေမည်။

## အကြံပြုချက်များ

လက်ရှိရန်ကုန်မြို့တော်ဆိပ်ကမ်းနှင့် သီလဝါတို့မှာ မြစ်ကြောင်းဆိပ်ကမ်းများ ဖြစ်ကြသည့်အလျောက် အနာဂတ်ရင်းနှီးမှုအတွက် ကုန်သည်များမှ ရေနက်ဆိပ်ကမ်းများ တောင်းဆိုလျက်ရှိသည်။ မြစ်ဝ ကျွန်းပေါ် ဒေသအတွင်းမှ အထူးစီးပွားရေးဇုံများနှင့် ကောင်းစွာချိတ်ဆက်ထားသော လမ်းများရှိသည့် ရေနက်ဆိပ်ကမ်းမှာ အလွန်တရာ အကျိုးရှိပေလိမ့်မည်။ ဤရေနက်ဆိပ်ကမ်း တည်နေရာအတွက် ဖြစ်နိုင်စွမ်းကိုစမ်းသပ်သော လေ့လာမှုတစ်ရပ်အား ၁၂ လ အတွင်း နစ်ဖက်သဘောတူညီမှုတစ်ရပ် ရယူကာ တရားဝင် အတည်ပြုသင့်ပေသည်။ လက်တွေ့ဖော်ဆောင်ရန်အတွက် ရှင်းလင်းသော အချိန်သတ်မှတ်ချက်တစ်ရပ် ပါဝင်မှုကိုလည်း အကြံပြုအပ်ပါသည်။

> ကျယ်ပြန့်သောအခြေခံအဆောက်အအုံစီမံကိန်းဖြစ်သော မြစ်ဝကျွန်းပေါ်ဒေသအတွင်း ရေနက်ဆိပ်ကမ်းအပါအဝင် အထူးစီးပွားရေးဇုံများ နှင့် အဓိကမြို့ကြီးများအား ကောင်း စွာချိတ်ဆက်ထားသောလမ်းပမ်းဆက်သွယ်ရေး

## အရေးကိစ္စ ဖော်ပြချက် ၂ - ပွင့်လင်းမြင်သာမှုမရှိသော တန်ဖိုးတွက်ချက်မှု လုပ်ငန်းစဉ်

တန်ဖိုးတွက်ချက်မှု လုပ်ငန်းစဉ်ဖြင့် သက်ဆိုင်သည့် ရှင်းလင်းသော စံပြုမူဝါဒတစ်ရပ် မရှိသလောက် ဖြစ်နေသည့် ကိစ္စရပ်အား ကုန်သည်များက ထုတ်ဖော်ပြောဆိုထားပြီးဖြစ်သည်။ ဈေးနှုန်း တွက်ချက်မှုမှာ အကောက်ခွန်အရာရှိများအပေါ်တွင်သာ မူတည်နေပြီး ဈေးနှုန်းတွက်ချက်ခြင်းများမှာ Alibaba နှင့် Amazon ကဲ့သို့သော ဝက်ဘ်ဆိုဒ်များပေါ်တွင် ထုတ်ပြန်ထားသည့် အင်တာနက် ဈေးနှုန်းများအပေါ်တွင် အလွန်အမင်း မှီခိုလျက်ရှိသည်။ ယင်းတို့မှာလည်း အများအားဖြင့် လက်လီ ဈေးနှုန်းများဖြစ်ပြီး အကျိုးဆက်အနေဖြင့် ရံဖန်ရံခါတွင် တန်ဖိုးပိုမိုတွက်ချက်ခြင်းများကို ဖြစ်ပေါ် စေလျက်ရှိသည်။ တန်းဖိုးသတ်မှတ်ချက်များအတွက် သဘောထားကွဲလွဲခြင်းမှာ အကောက်ခွန် အာဏာပိုင်များနှင့် သွင်းကုန်လုပ်ငန်းရှင်များအကြား အဖန်တလဲလဲ ဖြစ်ပေါ်နေသော ကိစ္စရပ် ဖြစ်သည်။ ထို့ကြောင့် ကုန်ဈေးနှုန်းမြင့်တက်ခြင်းကို ရှောင်ရှားရန်အတွက် အချို့သော ကုန်သည်များမှ အခြားပြဿနာရပ်တစ်ခုကို ထောက်ပြသည့် အာဏာပိုင်များအား လက်သိပ်ထိုး လာဘ်ပေးခြင်း ကဲ့သို့သော တရားမဝင် နည်းလမ်းများကိုပင် အသုံးပြုလာခဲ့သည်။ အကောက်ခွန် အရာရှိများနှင့်အတူ MACCS စနစ်ကို အသုံးပြုနေသော်လည်း ဤဖြစ်စဉ်မှာ လူအားဖြင့် ဆောင်ရွက်သော ကိစ္စရပ် တစ်ခုဖြစ်ပြီး အကောက်ခွန် အရာရှိများဖြင့် မျက်နှာချင်းဆိုင် အပြန်အလှန် ပြောဆိုခြင်းများအပေါ်တွင် မူတည်နေသည်။

လက်ရှိကျင့်သုံးနေသော တန်ဖိုးတွက်ချက်မှု လုပ်ငန်းစဉ်မှာ အချိန်အလွန်အမင်း အသုံးပြုရသော စနစ်တစ်ခုဖြစ်ပြီး အချို့သောဖြစ်ရပ်များတွင် တွက်ချက်ပြီးစီးရန် တစ်လ သို့မဟုတ် တစ်လထက်ပင် ပိုကြာဖွယ်ရှိပါသည်။

ထို့အပြင် အကောက်အခွန်ဌာန (ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်တွင်ရှိသည်) သည် သွင်းကုန်/ ထုတ်ကုန်လိုင်စင် လျှောက်ထားသည့် အချိန်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ပြုလုပ်သည့် တန်ဖိုးအကဲဖြတ်မှုဆိုင်ရာ လုပ်ငန်းစဉ် (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာနက ထုတ်ပြန်သော ကြေညာချက်အမှတ် (၇၄/၂၀၁၆) အတိုင်း လိုက်လံဆောင်ရွက်ခြင်း မရှိပေ။ အကျိုးဆက်အနေဖြင့် ဝန်ကြီးဌာနနှစ်ရပ်မှ အတည်ပြုလိုက်သော တန်ဖိုးများတွင် မကြာခဏဆိုသလို ကွာဟချက်များရှိနေတတ်ပြီး ကွာဟချက်များနှင့် စောဒက တက်မှုများကို ထပ်မံဖြစ်ပေါ်စေသည်။

## အလားအလာရှိသော အကျိုးကျေးဇူးများ

စနစ်ကျသော တန်းဖိုးတွက်ချက်မှုစနစ်သည် ပွင့်လင်းမြင်သာ၊ ရှင်းလင်းသော လုပ်ငန်းစဉ်တစ်ခု အတွင်းတွင် အခွန်အခများ တိုးမြှင့်ကောက်ခံနိုင်စေပါသည်။ တန်ဖိုးတွက်ချက်မှုအပေါ် မေးခွန်း အထုတ်ခံရခြင်းမျိုး ပါဝင်လာသည့် အခြေအနေတစ်ရပ်ဖြင့် ကြုံတွေ့ရတော့မည် မဟုတ်သောကြောင့် အရာရှိများနှင့် ကုန်သည်များအကြားမှ စေ့စပ်ဆွေးနွေးမှုများနှင့် ပံ့ပိုးဆောင်ရွက်မှုများ ရပ်တန့်သွားနိုင်ပါသည်။ ဤဆောင်ရွက်ချက်သည် အပြန်အလှန်အားဖြင့် မြန်မာနိုင်ငံ၏ မူဝါဒတွင် ပါဝင်သော အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး ဥပဒေကိုလည်း အထောက်အကူပြုပေသည်။

ကုန်သည်များထံ ရောက်ရှိလာသောအခါတွင်လည်း လွယ်ကူချောမွေ့သော ငွေပေးချေမှုမှာ လိုအပ်ချက်တစ်ရပ်အဖြစ် ရှိနေတော့မည် မဟုတ်သောကြောင့် ထပ်တိုးကုန်ကျစရိတ်များကို လျော့ချနိုင်ပါသည်။ ပွင့်လင်းမြင်သာသည့် တန်ဖိုးတွက်ချက်မှုစနစ်သည် ကုန်သည်များအတွက် တိကျသေချာမှုနှင့် ငြိမ်ချမ်းမှုကို ဖော်ဆောင်ပေးပေလိမ့်မည်။ ယင်းသည် ကန့်သတ်ချုပ်ချယ်မှု တစ်ခုခုကိုလည်း လျော့ချပေးနိုင်ပြီး အနာဂတ်ကာလတွင် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံရရှိစေပါသည်။

အထက်တွင် ဖော်ပြခဲ့သည့် အကျိုးကျေးဇူးများအပြင် အခြားသော အကျိုးကျေးဇူးတစ်ရပ်မှာလည်း ကုန်သေတ္တာသယ်ယူပို့ဆောင်မှုကို ခွင့်ပြုရန်ကြာချိန်အား လျော့ချပေးမည်ဖြစ်ကာ အချိန် ပိုမို တိုတောင်းသော ကုန်ထုတ်လုပ်ရေး ထောက်ပံ့မှုကွင်းဆက်တစ်ခုကိုလည်း ရရှိစေပါသည်။

## အကြံပြုချက်များ

တန်ဖိုးတွက်ချက်မှု ပြဿနာရပ်များကို လျော့ချရန် အရေးကြီး အကြောင်းတရားတစ်ရပ်မှာ သွင်းကုန် များ၏ အခွန်တန်ဖိုးမှာ အမှန်တကယ် ရောင်းဝယ်ဖောက်ကားသော တန်ဖိုးနှင့် ကိုက်ညီမှု ရှိစေရမည် ဟူသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ GATT ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ တန်ဖိုးအယူအဆကို လက်တွေ့ဖော်ဆောင်ခြင်းပင် ဖြစ်ပါသည်။



လက်တွေ့ဖော်ဆောင်မှုလုပ်ငန်းစဉ်မှာ ရှည်ကြာသော ဖြစ်စဉ်တစ်ရပ် ဖြစ်ဖွယ်ရာရှိပြီး အောင်မြင်သော လက်တွေ့ဖော်ဆောင်မှုတစ်ရပ် အသက်ဝင်လာစေရန်အတွက် ရှင်းလင်းသော မဟာဗျူဟာ ရည်မှန်းချက်တစ်ရပ်နှင့် ကောင်းစွာသတ်မှတ်ထားသော အချိန်ဇယားတို့မှာ အဓိကကျသည် ဆိုသည်ကိုမူ ပြောစရာပင် လိုမည်မထင်ပါ။ ပြင်ဆင်ခြင်းနှင့် လက်တွေ့ဖော်ဆောင်ခြင်း အဆင့်များ အတွင်းတွင် အဓိက ပါဝင်ပတ်သက်သူများ ပါဝင်မှုရှိရေး အသေအချာဆောင်ရွက်ရန်မှာလည်း အလွန်တရာ အရေးကြီးပေသည်။

မြန်မာနိုင်ငံမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် တန်ဖိုး တွက်ချက်မှုဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ ငါးနှစ်တာ လက်တွေ့ဖော်ဆောင်ရေး အစမ်းကာလတစ်ရပ်ကို ခွင့်ပြုခဲ့ပြီး ထို့နောက်တွင် နှစ်နှစ်မျှ သက်တမ်းတိုးပေးခဲ့သော်လည်း တိုးတက်မှုအနည်းငယ်ကိုသာ မြင်တွေ့ခဲ့ရသည်။

အရောင်းအဝယ်ဈေးနှုန်းများသည် ပံ့ပိုးသူ၏ ရောင်းချမှု = မူရင်းဈေးကွက် တန်ဖိုး = အကောက်အခွန် တန်ဖိုး၏ ရလဒ်တစ်ခုအဖြစ် သွင်းကုန်ထုတ်သူမှ ပေးရသော သို့မဟုတ် ပေးနိုင်သော အမှန်တကယ် ဈေးနှုန်းကို ရည်ညွှန်းစေရမည်။

ဤနည်းလမ်းသည် သွင်းကုန်များအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်ဖြင့် အကျုံးဝင်ရမည်ဖြစ်ပြီး ဤနည်းလမ်းနှင့်အညီ ဆုံးဖြတ်နိုင်ခြင်းမရှိသော ကျန်သွင်းကုန်များအတွက်မူ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ တန်ဖိုးတွက်ချက်မှုဆိုင်ရာ သဘောတူညီချက်တွင် အခြားအစားထိုး နည်းလမ်းများ (တစ်ထေရာတည်း တူနေသော ကုန်ပစ္စည်းများ၏ တန်ဖိုး၊ အလားသဏ္ဍာန်တူ ကုန်ပစ္စည်းများ၏ တန်ဖိုးနှင့် အစရှိသဖြင့်) ကို ပြဋ္ဌာန်းထားသည်။

အရောင်းအဝယ်တန်ဖိုး အယူအဆသည် ရိုးသားဖြောင့်မတ်စွာ တင်ပြလာသည့် မှန်ကန်တိကျသော တန်ဖိုးများအတွက် တင်သွင်းချိန်တွင် သွင်းကုန်လုပ်ငန်းရှင်အပေါ်၌ တာဝန်ရှိစေသည်။ သွင်းကုန် လုပ်ငန်းရှင်များအနေဖြင့် မမှန်ကန်သော သို့မဟုတ် မရိုးသားသော ဆောင်ရွက်မှုများကို ကျူးလွန်ကြောင်း အထင်အရှားတွေ့ရှိခဲ့ရပါက ပြင်းထန်သော အကျိုးဆက်များ (ပြစ်ဒဏ်များ) ကို ရင်ဆိုင်စေရမည်။

ကုန်ပစ္စည်းပို့ဆောင်မှုများ ရောက်ရှိလာသောအခါတွင် အကောက်ခွန်မှတစ်ဆင့် ပိုမိုမြန်ဆန်စွာ စီမံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စစ်မှန်သော သွင်းကုန်လုပ်ငန်းရှင်များမှ မှန်ကန်သော တန်ဖိုးနှင့်အညီ အခွန်အခများ ပေးဆောင်ခြင်း၏ အကျိုးကျေးဇူးကို ခံစားရမည်ဖြစ်ကာ ပိုမိုကောက်ခံခြင်း ခံရသော အခြေအနေတစ်ရပ်တွင် ရောက်ရှိနေခြင်း မဖြစ်စေရန် ဂရုတစိုက် လုပ်ဆောင်ရပေမည်။

ကုန်ပို့လွှာများ၊ L/C များ၊ ဘဏ်ငွေလွှဲပြောင်းမှုများ၊ အာမခံလက်မှတ်များ၊ ပုံစံ ဃ နှင့် အခြား အရာများသာမက သွင်းကုန်လုပ်ငန်းရှင်၏ ကိုယ်ပိုင်စနစ်များ၊ စီမံမှုများကဲ့သို့သော အထောက်အထား အမျိုးမျိုးနှင့် အရင်းအမြစ်အမျိုးမျိုးအပေါ်တွင် အခြေခံကာ အကောက်အခွန်ဌာနများမှ တင်ပြလာသော တန်ဖိုးများသည် အရောင်းအဝယ်တန်ဖိုးဖြင့် တူညီခြင်း ရှိ/မရှိကို အတည်ပြုစစ်ဆေးနိုင်ပေသည်။

ကုန်စည်ထုတ်ယူခွင့် စစ်ဆေးပြီးနောက်ပိုင်းကာလမှာ ပိုမိုအရေးကြီးလာပြီး ပိုမိုကျယ်ပြန့်သော အခန်း ကဏ္ဍ တစ်ရပ်တွင် ပါဝင်လျက်ရှိသည်။

သွင်းကုန်အများစု အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ GATTရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ တန်ဖိုးအယူအဆကို လက်တွေ့ဖော်ဆောင်ခြင်း နှင့်တစ်ချိန်တည်းတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အခြား သော နည်းလမ်းအသွယ်သွယ်ကိုကျန်ရှိသောသွင်းကုန်များအတွက် အကောင်အထည်ဖော်ခြင်း

အကောက်အခွန်အရာရှိများ၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များ၊ အကောက်အခွန် အကျိုးဆောင်များနှင့် အခြားသော အဓိကပါဝင်ပတ်သက်သူများအတွက် စေ့စပ်ပြည့်စုံသော မွမ်းမံသင်တန်းများ ဖော်ဆောင် ပေးခြင်းအား မရှိမဖြစ် လိုအပ်ပေသည်။ အရောင်းအဝယ်တန်ဖိုးစနစ်များကို ကိုင်တွယ်ဖြေရှင်းသည့် နှစ်ရှည်လများ အတွေ့အကြုံတစ်ရပ်ကို ပိုင်ဆိုင်ထားသည့် ပြည်ပအကောက်ခွန် ကျွမ်းကျင်သူများမှာ သင့်လျော်ဖွယ်ရှိသော အကြံပေးပုဂ္ဂိုလ်များ ဖြစ်လာပေမည်။

မြန်မာ့ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ တန်ဖိုးတွက်ချက်မှုဆိုင်ရာ သဘောတူညီချက်ပါ စည်းမျဉ်းစည်းကမ်းများကို အပြည့်အဝထင်ဟပ်စေရန်အတွက် အဆင့်မြှင့်မှုများ ထပ်မံပြုလုပ်ရန် လိုအပ်လာမည်ဖြစ်ပြီး ရှင်းလင်း၍ ပွင့်လင်းမြင်သာမှုလည်းရှိသော လုပ်ငန်းစဉ်များကို သတ်မှတ်ရပေလိမ့်မည်။

အတွေ့ အကြုံကြွယ်ဝသော ကျွမ်းကျင်ပညာရှင်များအားခန့် အပ်ပြီး ရောင်းဝယ်ဖောက်ကားမှု ဆိုင်ရာတန်ဖိုး အယူအဆကို အခွန်ဌာနနှင့် သက်ဆိုင်သူများအား ပို့ ကုန်၊ သွင်းကုန် လုပ်ငန်းစဉ်များလေ့ကျင့် သင်ကြားပေးခြင်း

# အရေးကိစ္စ ဖော်ပြချက် ၃ - ဂိတ်ဖွင့်ချိန်နှင့် အကောက်အခွန်ဌာနများ အလုပ်လုပ်ချိန်

အကောက်ခွန်ဌာနများအတွက် လက်ရှိရုံးချိန်မှာ နံနက် ၁၀း၀၀ မှ ညနေ ၅း၀၀ နာရီအထိဖြစ်ပြီး ဤအချိန်သတ်မှတ်ချက်သည် ကြပ်တောက်မှုများနှင့် မြင့်မားသော ထောက်ပံ့ပို့ဆောင် စီမံခန့်ခွဲရေး စရိတ်များကို ပေါ်ပေါက်စေလျက်ရှိပါသည်။ ထို့အပြင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့မှစတင်ကာ နေ့အချိန်အတွင်း ကုန်ကားများသွားလာခြင်းကို တားမြစ်ပိတ်ပင်မှုကို ဖော်ဆောင်ခြင်းကြောင့် ကုန်သေတ္တာအများစုမှ ဆိပ်ကမ်းများအတွင်းသို့ ညအချိန်အတွင်း ရောက်ရှိလျက်ရှိပါသည်။

## အလားအလာရှိသော အကျိုးအမြတ်များ

ရှည်ကြာသောအကောက်ခွန်ရှင်းလင်းရန်အချိန်များရှိလာမည်ဖြစ်သည့်အလျောက်ဤသို့သောအချိန်တိုးမြှင့်သတ်မှတ်မှုသည်ဆိပ်ကမ်းများရှိ ကြပ်တောက်ပိတ်ဆို့မှုများကို တစ်စိတ်တစ်ဒေသ လျော့ချပေးမည်ဖြစ်ပြီး လွှမ်းခြုံလုပ်ငန်းစဉ်ကိုလည်း အရှိန်မြှင့်တင်ပေးပေလိမ့်မည်။ အကောက်ခွန်ရုံး များတွင် အလုပ်လုပ်ချိန် တိုးမြှင့်လိုက်ခြင်းသည် အလုပ်အကိုင် အခွင့်အလမ်းများပိုများလာစေရန် ဖန်တီးမှုကိုလည်း ဖြစ်ပေါ်စေလိမ့်မည်။

ကူးပြောင်းချိန်များကို ချုံ့ချလိုက်သည်ဟု မှတ်ယူကြည့်ပါက ကုန်သည်များ၏ ထောက်ပံ့ပို့ဆောင် စီမံ ခန့်ခွဲရေးဆိုင်ရာ ကုန်ကျစရိတ်များ လျော့ကျသွားမည်ဖြစ်ပြီး ယင်းသည် ကုန်ချောစားသုံးသူများ အတွက် လူသုံးကုန် ပစ္စည်းများ၏ ဈေးနှုန်း များ လျော့ကျသွားခြင်းဆီသို့ ဦးတည်ပေလိမ့်မည်။

## အကြံပြုချက်များ

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုစီးပွားရေးအတွက် အဓိကကျသော ဌာနဖြစ်သည့် အကောက်ခွန်ရုံးများ၏ လုပ်ငန်းဆောင်ရွက်ချိန်မှာ ယင်း၏တာဝန်များကို ၂၄ နာရီပတ်လုံး ထိထိရောက်ရောက် အကျိုးရှိရှိ ထမ်းဆောင်သောအချိန် ဖြစ်သင့်သည်။

> အလုပ်ချိန်များအားတိုးမြှင့်ပြီး ပိတ်ချိန်မရှိ နေ့ဆိုင်း ညဆိုင်း အချိန်ခွဲပြီး လုပ်ကိုင်သင့်ခြင်း

# အရေးကိစ္စ ဖော်ပြချက် ၄ - အကောက်ခွန်ရှင်းလင်းပြီးမှသာ ဂိတ်အတွင်းသို့ ဝင်ခွင့်ပြုခြင်း

လက်ရှိကျင့်ထုံးတွင် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ် စတင်ခြင်းမပြုမီတွင် ဆိပ်ကမ်းများ အတွင်းသို့ ကွန်တိန်နာများ ရပ်နားထားရန် လိုအပ်သည်။

## အလားအလာရှိသော အကျိုးကျေးဇူးများ

ဆိပ်ကမ်းများတွင် ကြပ်တောက်ပိတ်ဆို့နေခြင်းကို လျော့ချသွားမည့်နည်းလမ်းမှာ လုပ်ငန်းစဉ် တစ်ခုလုံးကို ဆောင်ရွက်ပြီးစီးသည့် ကွန်တိန်နာများကိုသာ ဆိပ်ကမ်းအတွင်း ထားရှိခွင့်ပြုသွားခြင်းပင် ဖြစ်ပေသည်။ ထောက်ပံ့ပို့ဆောင် စီမံခန့်ခွဲရေးဆိုင်ရာ ကုန်ကျစရိတ်များမှာလည်း ဆိုင်းငံ့ဒဏ်ကြေးများ လျော့ချခြင်းနှင့်အတူ လျော့ကျသွားမည်ဖြစ်ပြီး ကုန်တင်ကားများကိုလည်း ယခင်က ဆောင်ရွက်ခဲ့ သကဲ့သို့ တစ်နေ့လျင် ပို့ဆောင်မှု တစ်ကြိမ် သို့မဟုတ် ထိုထက်မက ပြန်လည်ခွင့်ပြုလာစေ နိုင်ပါသည်။ ဤဆောင်ရွက်ချက်သည် ပို့ဆောင်သူများ၏ ကုန်ကျစရိတ်များကို လျော့ချပေးသွားမည် ဖြစ်ပြီး ကုန်ကားမောင်းနှင်သူများ၏ ဝင်ငွေကို တိုးမြှင့်ပေးခြင်းနှင့် လုပ်ငန်းစဉ်တစ်ရပ်လုံး၏ အကျိုးရှိမှုကို တိုးတက်လာပေလိမ့်မည်။

## အကြံပြုချက်များ

ကွန်တိန်နာများအား အကောက်ခွန်ရှင်းလင်းရေးဆိုင်ရာ လုပ်ငန်းစဉ်ကို ဆောင်ရွက်ပြီးစီးခြင်း မပြုမီတွင် ဂိတ်အတွင်း ရပ်နားစေခြင်းမျိုး မပြုသင့်ပေ။ ထို့သို့ဆောင်ရွက်လိုက်ပါက ဆိပ်ကမ်း နေရာများအတွင်းရှိ ကြပ်တောက်ပိတ်ဆို့မှုများကို လျော့ချပေးသွားမည်ဖြစ်ပြီး ဝန်ဆောင်မှု သုံးစွဲသူများ ကိုလည်း အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်အား အလျင်အမြန် စတင်ရန် အားပေးအားမြှောက် ပြုပြီး ဂိတ်အတွင်းရပ်နားထားသော ကွန်တိန်နာများအားလုံးကို တင်ဆောင်ရန် အဆင်သင့် ဖြစ်နေသည့်အလျောက် ရေယာဉ်လုပ်ငန်းဆောင်ရွက်မှုများအား ပြေပြစ်သွက်လက် စေပေလိမ့်မည်။

ကွန်တိန်နာများအား အကောက်ခွန်ရှင်းလင်းရေးဆိုင်ရာ လုပ်ငန်းစဉ်ကို ဆောင်ရွက်ပြီးစီးခြင်း မပြုမီတွင် ဂိတ်အတွင်း ရပ်နားခြင်းမပြုစေခြင်း

# အတိုကောက် အသုံးအနှုန်းများ

| | |
|---|---|
| ADB | အာရှဖွံ့ဖြိုးရေးဘဏ် |
| AIPT | အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း |
| API | ဇီဝဓာတ်ပြု ဆေးစပ်အမည် |
| ASEAN | အာဆီယံ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ |
| AWPT | အေးရှားဝေါ့ဆိပ်ကမ်း |
| BE | ဇီဝအာနိသင်တူခြင်း |
| BSW | ဗိုလ်အောင်ကျော်လမ်း ဆိပ်ကမ်း |
| CAPEX | စက်ပစ္စည်းကိရိယာများအတွက် လိုအပ်သောဘတ်ဂျတ် |
| CSR | ကော်ပိုရိတ် လူမှုတာဝန် |
| EU | ဥရောပသမဂ္ဂ |
| FCO | လုပ်ငန်းခွင်တွင်း ဝန်ဆောင်မှုအစီအစဉ်များ |
| FDA | အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးညွှန်ကြားမှုဦးစီးဌာန |
| FDI | နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု |
| GATT | အခွန်စည်းကြပ်ရေး နှင့် ကုန်သွယ်မှုအပေါ်အထွေထွေ သဘောတူညီချက် |
| GDP | ဂျီဒီပီ စုစုပေါင်းပြည်တွင်းထုတ်ကုန် |
| HPT | ထီးတန်းဆိပ်ကမ်း |
| IP | ဉာဏဆိုင်ရာမူပိုင်ခွင့် |
| IPPs | လွပ်လပ်သော စွမ်းအင်ထုတ်လုပ်သူများ |
| L/C | ဘဏ်မှငွေထုတ်ခွင့်ပေးစာ |
| LNG | သဘာဝဓါတ်ငွေ့ရည် |
| LOA | ရေယာဉ်အရှည် |
| MACCS | မြန်မာနိုင်ငံတွင်သုံးနေသော အလိုအလျောက် ကုန်စည်ထုတ်ယူခွင့်စနစ် |
| MIC | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် |
| MIP | မြန်မာ့စက်မှုဆိပ်ကမ်း |
| MIPL | မြန်မာ့အင်တီဂရိတ်တက်ဆိပ်ကမ်းလီမိတက် |
| MITT | မြန်မာအပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်း |
| MM | မြန်မာ |
| MMK | မြန်မာကျပ်ငွေ |
| MNTC | မြန်မာနိုင်ငံသားများဆိုင်ရာ တယ်လီဖုန်းဆက်သွယ်ရေး လုပ်ငန်းများကုမ္ပဏီလီမိတက် |
| MOH | ကျန်းမာရေးဝန်ကြီးဌာန |
| MPT | မြန်မာ့ဆက်သွယ်ရေး |
| NFR | ဘဏ္ဍာရေးအရမဟုတ်သော အစီရင်ခံစာ |
| NGOs | အစိုးရမဟုတ်သောအဖွဲ့အစည်းများ |
| OPEX | လုပ်ငန်းဆိုင်ရာအသုံးစရိတ် |
| RORO | ကုန်တင်ကုန်ချ |
| SEZ | အထူးစီးပွားရေးဇုန် |
| SPW | ဆူးလေဘုရားဆိပ်ကမ်း |
| TEU | ပေနှစ်ဆယ်ပါတ်လည် တစ်ယူနစ် |
| UMFCCI | မြန်မာနိုင်ငံကုန်သည်ကြီးများအသင်း |
| USA | အမေရိကန်ပြည်ထောင်စု |
| WTO | ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ |

# ကျေးဇူးတင်လွှာ

EuroCham မြန်မာအနေဖြင့် စည်းရုံးလှုံ့ဆော်ရေးအဖွဲ့၏ အဖွဲ့ဝင်များ၊ အထူးသဖြင့် ပထမဆုံးသော မြန်မာနိုင်ငံဆိုင်ရာ စက္ကူဖြူစာအုပ်အတွက် ကူညီအားဖြည့်ပေးခဲ့ကြသည့် စည်းရုံးလှုံ့ဆော်ရေးအဖွဲ့၏ ဒုဥက္ကဋ္ဌများအား ကျေးဇူးတင်အပ်ပါသည်။ ထို့အတူ ဥရောပသမဂ္ဂကိုယ်စားလှယ်တော်အဖွဲ့၊ ဥရောပ သမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်တော်များ၊ ဥရောပ သမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကုန်သည် အဖွဲ့များနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်တို့ကိုလည်း ၎င်းတို့၏ စဉ်ဆက်မပြတ် ကူညီပံ့ပိုးမှုအတွက် ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် Thura Swiss မှ အဲလက်စ် မောရစ်နှင့် ဆုဝေထွန်း တို့ကိုလည်း ၎င်းတို့၏ နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့အတွက် ကျေးဇူးတင်အပ်ပါသည်။ EuroCham မြန်မာအပေါ်တွင် ယုံကြည်မှုပေးခဲ့သည့် ကျွန်ုပ်တို့၏ အကျိုးတူ အဖွဲ့ဝင်များကိုလည်း အလားတူ အလေးထား၍ ကျေးဇူးတင်လိုပါသည်။

# မသက်ဆိုင်ကြောင်း ရှင်းလင်းချက်

မြန်မာနိုင်ငံဆိုင်ရာ ဥရောပကုန်သည်ကြီးများအဖွဲ့ EuroCham သည် ပထမအကြိမ်ထုတ် EuroCham စက္ကူဖြူ စာအုပ်ကို ပြုလုပ်နိုင်ရန် ပါဝင်အားဖြည့်ကူညီခဲ့ကြသည့် စည်းရုံးလှုံ့ဆော်ရေးအဖွဲ့များမှ ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသော အဖွဲ့ဝင်များအားလုံးကို ကျေးဇူးတင်ရှိပါသည်။ ဤစက္ကူဖြူစာအုပ်မှာ မြန်မာ့စီးပွားရေး ရပ်ဝန်းအတွင်းမှ အသေးစိတ်ဖော်ပြထားသော ရှုထောင့်များအပေါ်တွင် စည်းရုံး လှုံ့ဆော်ရေး အဖွဲ့များမှ ကိုယ်စားပြုထားသည့် EuroCham အဖွဲ့ဝင်များ၏ အမြင်သဘော ထားများကို စုစည်းဖော်ပြထားခြင်း ဖြစ်ပါသည်။ ဤစက္ကူဖြူစာအုပ်တွင် ဖော်ပြထားသည့် အချက် အလက်များနှင့် အမြင်သဘောထားများမှာဥရောပ-မြန်မာစီးပွားရေးဆက်နွယ်မှုများကိုတိုးမြှင့်မည့် အပြုသဘောဆောင်သော ဆွေးနွေးမှုများကို အားပေးမြှင့်တင်ရန်နှင့် အကြံပြုချက်များ ဖော်ဆောင်ပေးရန်အတွက်သာ ရည်ရွယ်ပါသည်။ ထို့အပြင် ဤစက္ကူဖြူစာအုပ်အား EuroCham ၏ အဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသည့် အခြားအဖွဲ့များမှ အသုံးပြုရန် အတွက်သာ တိတိပပ ရည်ရွယ်ထားပါသည်။ ကုမ္ပဏီတစ်ရပ်ရပ်အတွက်သော်လည်းကောင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအတွက်သော်လည်းကောင်း သို့မဟုတ် ထိုနစ်မျိုးစလုံးအတွက်သော်လည်း တိတိပပ ရည်ရွယ်ထားခြင်းမဟုတ်ပါ။

ဤပုံနှိပ်ထုတ်ဝေချက်ပါ အကြောင်းအရာအစိတ်အပိုင်းများအား တစ်စုံလုံးကိုသော်လည်းကောင်း သို့မဟုတ် တစ်စိတ် တစ်ပိုင်းအား ဖြင့်သော်လည်းကောင်း၊ ပုံသဏ္ဍာန်တစ်ရပ်ရပ်ဖြင့်သော်လည်းကောင်း သို့မဟုတ် နည်းလမ်းတစ်ရပ်ရပ်ဖြင့် သော်လည်းကောင်း၊ အကန့်အသတ်မရှိ မိတ္တူကူးယူခြင်းသော်လည်းကောင်း သို့မဟုတ် အခြားသော အီလက်ထရောနစ် နည်းပညာအသုံးပြု ပြန်လည် ထုတ်ဝေမှုကိုသော်လည်းကောင်း သို့မဟုတ် စက်ပစ္စည်းအထောက်အကူပြု နည်းလမ်းများ ကိုသော်လည်းကောင်း၊ EuroCham ၏ ကြိုတင် ခွင့်ပြုချက် ရယူခြင်းမပါဝင်ဘဲသော်လည်းကောင်း ပြန်လည်ထုတ်ဝေ၊ ဖြန့်ချိခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်း မပြုလုပ်စေရ။ ထုတ်ဝေခွင့်ပြုရန် တောင်းခံမှုများအတွက် အောက်တွင်ဖော်ပြထားသော လိပ်စာအတိုင်း EuroCham သို့ စာဖြင့်ရေးသား တောင်းဆိုနိုင်ပါသည်။ ဤစက္ကူဖြူစာအုပ်ပါ သတင်းအချက်အလက်များအား မူကြမ်းရေးသားစဉ်အချိန်အထိ EuroCham ၏ အသိပညာနှင့် ယုံကြည်မှုအတိုင်း အတတ်နိုင်ဆုံး တိကျမှု ရှိစေရေးအတွက် EuroCham မှ အစွမ်းကုန် ကြိုးစားခဲ့ပါသည်။ သို့သော်ငြားလည်း ဤစက္ကူဖြူစာအုပ်ပါ အကြောင်းအရာများ၏ ပြီးပြည့်စုံမှု၊ တိကျမှု၊ ယုံကြည်စိတ်ချရမှုနှင့် သင့်တော်လျော်ကန်မှု အတွက်သော် လည်းကောင်း သို့မဟုတ် ယင်းအပေါ်တွင် အခြေခံကာ ချမှတ်သော ဆုံးဖြတ်ချက်များ၏ ရလဒ်များအတွက် သော်လည်းကောင်း သို့မဟုတ် ထိုနစ်ခုစလုံးအတွက်သော်လည်း ကောင်း တာဝန်ရှိခြင်းသော်လည်းကောင်း သို့မဟုတ် တာဝန်ယူရခြင်းသော်လည်းကောင်း သို့မဟုတ် ထိုနစ်မျိုးစလုံး အတွက်သော်လည်းကောင်း လက်ခံသွားမည် မဟုတ်ဘဲ ဤနေရာ ဤအချိန်မှစ၍ ကျွန်ုပ်တို့နှင့် သက်ဆိုင်ခြင်းမရှိကြောင်း ရှင်းလင်း ဖော်ပြအပ်ပါသည်။ မည်သို့သော ကိစ္စရပ်တွင်မဆို ဤစက္ကူဖြူစာအုပ်ပါ အကြောင်းအရာများအပေါ် ပညာရှင်များ၏ အကြံဉာဏ်အားဖြင့်သော်လည်းကောင်း သို့မဟုတ် အကူအညီအားဖြင့်သော်လည်းကောင်း သို့မဟုတ် ထိုနစ်မျိုးစလုံးအား ဖြင့်သော်လည်းကောင်း ရယူခြင်းမပြုဘဲ မည်သည့်အဖွဲ့မှ ဆောင်ရွက်ခြင်း မပြုစေရ။

ထို့အပြင် EuroCham၊ ယင်း၏ အဖွဲ့ဝင်များ၊ ဘုတ်အဖွဲ့ သို့မဟုတ် ဘုတ်အဖွဲ့ဝင်များ သို့မဟုတ် ယင်းတို့ အားလုံးသည် မည်သို့သော အဖြစ်အပျက်တွင်မဆို ဤစက္ကူဖြူစာအုပ်ကို ပုံနှိပ်ထုတ်ဝေခြင်းနှင့် ဆက်စပ်သည့် သို့မဟုတ် ပုံနှိပ်ထုတ်ဝေခြင်းကြောင့် ပေါ်ပေါက်လာသည့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း၊ ထူးထူးခြားခြားသော်လည်းကောင်း၊ မတော်တဆသော်လည်းကောင်း သို့မဟုတ် အကျိုးဆက် အဖြစ်ဖြင့်သော်လည်းကောင်း ဆုံးရှုံးနစ်နာရခြင်းများ (အကျိုးအမြတ်များ ဆုံးရှုံးခြင်းအပါအဝင်) အတွက် စာချုပ်ချုပ်ဆိုမှု၊ တရားမနစ်နာမှု၊ တိတိပပ တာဝန်ရှိမှု သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် သက်ဆိုင်မှုရှိ/မရှိ ဟူသော အနေအထားနှင့် ထိုသို့သော ဆုံးရှုံးနစ်နာမှုများမှာ ဖြစ်နိုင်ချေတစ်ခုခုအား တစ်စုံတစ်ဦးမှ အကြံပေးထားခဲ့သည့်တိုင် အနီးကာလ သို့မဟုတ် ကြိုတင်မျှော်မှန်းနိုင်ခြင်းမရှိသော ကာလတွင် ဖြစ်/မဖြစ် ဟူသော အနေအထားတို့ဖြင့် သက်ဆိုင်ခြင်းမရှိဘဲ တာဝန်ရှိခြင်းမျိုး မဖြစ်စေရပေ။ ဘာသာပြန်ဆိုခြင်းနှင့် ပတ်သတ်၍ အငြင်းပွားဖွယ်ရာများနှင့် ကွဲလွဲချက်များ တစ်စုံတစ်ရာ ပေါ်ပေါက်ပါက အင်္ဂလိပ် ဘာသာဖြင့် ရေးသား ဖော်ပြချက် သည်သာလျှင်အတည်ဖြစ်ပါသည်။

အကြောင်းအရာများအား မေလ ၂၀၁၇ ခုနှစ်တွင် အချောသတ်ခဲ့ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ ဥရောပ ကုန်သည်ကြီးများအဖွဲ့မှ မူပိုင်ခွင့်ရရှိထားပါသည်။

**EuroCham Myanmar**
၂၇၁-၂၇၃ ဗားဂရာလမ်း
စမ်းချောင်းမြို့နယ်
ရန်ကုန်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဖုန်း +၉၅ ၉ ၄၅၀၅၈ ၂၃၃၅
အီးမေးလ် - info@eurocham-myanmar.org
ဝက်ဘ်ဆိုဒ် - eurocham-myanmar.org

EUROCHAM
MYANMAR

# မြန်မာပြည်ရှိ ဥရောပ စီးပွားရေး၏ ပဲ့တင်သံ

စည်းရုံးလှုံ့ဆော်ရေး | စီးပွားရေး ဝန်ဆောင်မှုများ | ပွဲအစီအစဉ်များ


မြန်မာနိုင်ငံဆိုင်ရာ ဥရောပကုန်သည်ကြီးများအဖွဲ့
၂၇၁-၂၇၃ ဗားဂရာလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။

+၉၅ ၉ ၄၅၀၅၈ ၂၃၃၅

info@eurocham-myanmar.org

www.eurocham-myanmar.org

eurocham.myanmar

eurocham-myanmar

EuroChamMyanmar